မြတ်ဗုဒ္ဓ၏အဆုံးအမတရား

သီလနှင့်လည်းကောင်း၊ ဉာဏ်ပညာနှင့်လည်းကောင်း ပြည့်စုံသော၊ တရားၦတည်သော၊ အမှန်တရားကို သိတတ်သော၊ မိမိပြုရမည့်ကိစ္စကို သိတတ်သော သူကို လူအပေါင်းသည် ချစ်ခင်မြတ်နိုး၏။။

ဓမ္မပဒ

မြဝတီ နေ့စဉ်

မှန်ရမည်၊ မြန်ရမည် ပြည်သူ့အတွက် မြဝတီ

ဒို့တာဝန်အရေးသုံးပါး

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၆)၊ အမှတ်(၄၆)

၁၃၈၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၄ ရက်
၂၀၂၆ ခုနှစ်၊ ဇွန် ၃ ရက်၊ ဗုဒ္ဓဟူးနေ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ မွမ်ဘိုင်းမြို့သို့ရောက်ရှိ၊ ဂျဝါဟာလာနေရူးဆိပ်ကမ်းသို့သွားရောက်လေ့လာ





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မွမ်ဘိုင်းမြို့ ဂျဝါဟာလာနေရူးဆိပ်ကမ်းအတွင်း လှည့်လည်ကြည့်ရှုလေ့လာစဉ်။

နေပြည်တော် ဇွန် ၂

အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့တွင် တရားဝင်ခရီးစဉ်ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် နယူးဒေလီမြို့၊ Palam လေတပ်စခန်းမှ မွမ်ဘိုင်းမြို့သို့ အထူးလေယာဉ်ဖြင့် ဆက်လက်ထွက်ခွာကြသည်။

နိုင်ငံတော်သမ္မတဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား အိန္ဒိယအစိုးရအဖွဲ့ဝင်ဖြစ်သူ Minister of State for External Affairs Shri Kirti Vardhan Singh နှင့် အိန္ဒိယအစိုးရအဖွဲ့မှတာဝန်ရှိသူများ၊ သံရုံး၊ စစ်သံရုံးမိသားစုများက လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် နေ့လယ်ပိုင်းတွင် မွမ်ဘိုင်းမြို့၊ Chhatrapati Shivaji Maharaj အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိကြရာ မဟာရာရှ်ထရာပြည်နယ် အုပ်ချုပ်ရေးမှူး Shri. Jishnu Dev Verma နှင့် ပြည်နယ်အစိုးရအဖွဲ့မှတာဝန်ရှိသူများ၊ ကောလ်ကတ္တားမြို့၊ **စာမျက်နှာ ၁၆ ကော်လံ ၁** ★

အများပြည်သူဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုလွယ်ကူမြန်ဆန်စွာဆောင်ရွက်နိုင်ရန်အတွက် ယာဉ်မောင်းလိုင်စင်ဖြေဆိုခြင်းအား ရန်ကုန်မြို့၊ ထောက်ကြန့်တွင် ရုံးခွဲတိုးချဲ့ဖွင့်လှစ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာခြင်း

ပို့ဆောင်ရေးဝန်ကြီးဌာနရှိ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ယာဉ်မောင်းလိုင်စင်ရယူလိုသူများအတွက် ယာဉ်မောင်းလိုင်စင်စစ်ဆေးထုတ်ပေးခြင်းအား တိုင်းဒေသကြီးရုံးခွဲ(ရွှာသာကြီး)တွင် Online Booking စနစ်ဖြင့် အလှည့်ကျဖြေဆိုစေခြင်းအား ဆောင်ရွက်ပေးလျက်ရှိပါသည်။ ယခုအခါ ဖြေဆိုသူဦးရေများပြားလာခြင်းကြောင့် လက်ရှိဆောင်ရွက်နေသည့် (ရွှာသာကြီး)ရုံးအပြင် ရန်ကုန်မြို့၊ ထောက်ကြန့်တွင် **စာမျက်နှာ ၁၄ ကော်လံ ၁** ■

ဆောင်းပါး **“နှစ်နိုင်ငံချစ်ကြည်ရေးမှသည် အနာဂတ်အကျိုးတူဖွံ့ဖြိုးရေးဆီသို့”**
စာ – ၁၁ သို့

ကျိုင်းတောင်းစက်ရုံ၏ ဓာတ်အားပေးစက်များအား အလှည့်ကျရပ်တန့်၍ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ



စာ – ၁၃ သို့



အယ်ဒီတာ့အာဘော်

(၂၀၂၆ ခုနှစ်၊ ဇွန် ၃ ရက်)

နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု ပိုမိုခိုင်မာအားကောင်း

မြန်မာနိုင်ငံ၏တတိယအကြိမ်မြောက် ဒီမိုကရေစီအစိုးရသစ်သည် ရေရှည်တည်တံ့ပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှုများကိုဖော်ဆောင်နိုင်ရန် မိတ်ဖက်နိုင်ငံများနှင့် မဟာဗျူဟာမြောက် စီးပွားရေးတိုးမြှင့်နိုင်ရေးကို အလေးထားလုပ်ဆောင်ရန် နိုင်ငံတော်သမ္မတ၏ ပထမဆုံးပြည်ပခရီးစဉ်အဖြစ် အိန္ဒိယနိုင်ငံသို့တရားဝင်ခရီးစဉ်ရောက်ရှိနေခြင်းဖြစ်သည်။ အိန္ဒိယနိုင်ငံသည် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းပေါင်း ၃၉ ခု၊ အမေရိကန်ဒေါ်လာ ၇၈၂ ဒသမ ၃၈၅ သန်းနှင့် (၁၁)နိုင်ငံမြောက် ရင်းနှီးမြှုပ်နှံမှုအများဆုံးနိုင်ငံဖြစ်သည်။ အိန္ဒိယရင်းနှီးမြှုပ်နှံသူများအနေဖြင့် မြန်မာနိုင်ငံ၏ စက်မှု၊ ရေနံနှင့်သဘာဝဓာတ်ငွေ့၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး၊ ဝန်ဆောင်မှုနှင့် စိုက်ပျိုးမွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍတို့တွင် ရင်းနှီးမြှုပ်နှံလုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။

အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် H.E. Shri Narendra Modi ၏ ဖိတ်ကြားချက်အရ အိန္ဒိယနိုင်ငံ၌ တရားဝင်ခရီးစဉ်ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ဇွန်လ ၁ ရက်နံနက်ပိုင်းတွင် အိန္ဒိယနိုင်ငံဝန်ကြီးချုပ်ရုံး (Hyderabad House) ၌ အိန္ဒိယနိုင်ငံဝန်ကြီးချုပ် H.E. Shri Narendra Modi နှင့်တွေ့ဆုံဆွေးနွေးခဲ့ပြီး ညနေပိုင်းတွင် အိန္ဒိယနိုင်ငံသမ္မတ H.E. Smt. Droupadi Murmu နှင့်တွေ့ဆုံဆွေးနွေးခဲ့သည်။

အိန္ဒိယနိုင်ငံဝန်ကြီးချုပ် H.E. Shri Narendra Modi က **"ယခုကဲ့သို့အဆွေတော်နှင့် မြန်မာကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံရသည့်အတွက် မိမိအနေဖြင့် များစွာဝမ်းမြောက်ပါကြောင်းနှင့် အဆွေတော်၏ သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရမှုအပေါ်တွင်လည်း မိမိအနေဖြင့် ဝမ်းမြောက်ဂုဏ်ယူသည်ကို ပြောကြားလိုပါကြောင်း၊ အဆွေတော်ဆက်လက်တာဝန်ထမ်းဆောင်မည့်ကာလများတွင်လည်း အောင်မြင်မှုများကိုရရှိပါစေရန် ဆုမွန်ကောင်းတောင်းပါကြောင်း၊ အဆွေတော်နှင့်ကိုယ်စားလှယ်အဖွဲ့ကို အိန္ဒိယနိုင်ငံက လှိုက်လဲ့နွေးထွေးစွာ ကြိုဆိုသည်ကို ထပ်လောင်းပြောကြားလိုကြောင်း"** ထည့်သွင်းပြောကြားခဲ့သည်။

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က **"ယခုကဲ့သို့ အဆွေတော်နှင့် ၆ ကြိမ်မြောက် ထပ်မံတွေ့ဆုံဆွေးနွေးခွင့်ရသည့်အတွက် များစွာဝမ်းမြောက်မိပါကြောင်း၊ မိမိနိုင်ငံတော်သမ္မတအဖြစ် တာဝန်ထမ်းဆောင်ပြီးနောက် အဆွေတော်၏ဖိတ်ကြားချက်အရ အိန္ဒိယနိုင်ငံသို့ပထမဆုံးပြည်ပချစ်ကြည်ရေးခရီးစဉ်အဖြစ်လာရောက်ရသည့်အတွက် လွန်စွာအလေးထားပါကြောင်းနှင့် မိမိဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို နွေးထွေးပျူငှာစွာကြိုဆိုသည့်အတွက်လည်း ကျေးဇူးတင်ရှိသည်ကို ပြောကြားလိုကြောင်း၊ အဆွေတော်အိန္ဒိယနိုင်ငံကို တာဝန်ယူသည့် ၂၀၁၄ ခုနှစ်မှစပြီး ၁၂ နှစ်တာ ဝန်ကြီးချုပ်သက်တမ်းကာလအတွင်း အိန္ဒိယနိုင်ငံ၏ကဏ္ဍအသီးသီးတွင် အဆွေတော်၏ဦးဆောင်မှုဖြင့် ဖွံ့ဖြိုးတိုးတက်ပြီး အင်အားကြီးနိုင်ငံအဖြစ် ရပ်တည်နိုင်ခဲ့သည့် အဆွေတော်၏ စွမ်းဆောင်မှုအပေါ် ချီးကျူးဂုဏ်ပြုလိုပါကြောင်း"** ထည့်သွင်းပြောကြားခဲ့သည်။

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ဇွန်လ ၁ ရက်ညနေပိုင်းတွင် အိန္ဒိယသမ္မတနိုင်ငံသမ္မတ H.E. Smt. Droupadi Murmu နှင့် ၎င်း၏သမ္မတအိမ်တော်၊ ဧည့်ခန်းမ၌တွေ့ဆုံဆွေးနွေးရာတွင် မြန်မာနိုင်ငံ၏နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုများနှင့် လက်ရှိရွေးကောက်ခံအစိုးရ၏ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအပေါ် အိန္ဒိယနိုင်ငံအနေဖြင့် အပြည့်အဝထောက်ခံအားပေးလျက်ရှိမှု၊ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများသတ်မှတ်ကာလအတွင်း ပြီးစီးရေးဆောင်ရွက်သွားမည့်အခြေအနေများ၊ နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများတိုးတက်စေရေး ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများ၊ နှစ်နိုင်ငံအကြား ယဉ်ကျေးမှုအမွေအနှစ်များ အပြန်အလှန်ထိန်းသိမ်းရေး၊ ခရီးသွားကဏ္ဍမြှင့်တင်ရေး ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများ၊ နှစ်နိုင်ငံအကြား မိတ်ဆွေရင်း၊ မိတ်ဆွေကောင်းနိုင်ငံများဖြစ်မှုအခြေအနေများ၊ အမျိုးသမီးများကဏ္ဍမြှင့်တင်ရေးအတွက် အတွေ့အကြုံများမျှဝေနိုင်သည့်အခြေအနေများ၊ နှစ်နိုင်ငံအကြားချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည့်အခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာဖြင့် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၏ တရားဝင်ခရီးစဉ်သည် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံအကြား ရေရှည်တည်တံ့ခိုင်မြဲ၍ ချစ်ကြည်ရေးနှင့် နီးကပ်သောမိတ်ဖက်အဖြစ်ရပ်တည်မှုကိုလည်းကောင်း၊ နှစ်နိုင်ငံအပြန်အလှန်အကျိုးစီးပွားအတွက် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုအားကောင်းလာစေရန် ဘုံတူညီသောကတိကဝတ်များထားရှိမှုကိုလည်းကောင်း ထပ်လောင်းအတည်ပြုနိုင်သောခရီးစဉ်ဖြစ်သည်။

မြန်မာနိုင်ငံသည် အိန္ဒိယနိုင်ငံ၏ "အိမ်နီးချင်းဦးစားပေးမူဝါဒ"၊ "အရှေ့နှင့် ထိတွေ့ဆက်ဆံရေးမူဝါဒ"နှင့် "ဒေသတွင်း ဘေးကင်းလုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် အပြန်အလှန် အမှီသဟဲပြုလျက်ရှိသော ဘက်စုံလွှမ်းခြုံသည့်မူဝါဒများ"ဆုံစည်းရာနေရာတွင်တည်ရှိသည်။ ကုန်သွယ်ရေးနှင့်စီးပွားရေးအရ ဆက်ဆံရေး၊ ကာကွယ်ရေးနှင့်လုံခြုံရေး၊ နယ်စပ်ဒေသစီမံခန့်ခွဲမှု၊ ဖွံ့ဖြိုးရေးအကူအညီများနှင့် ယဉ်ကျေးမှုဆိုင်ရာဖလှယ်မှုများအပါအဝင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ ပိုမိုခိုင်မာအားကောင်းလာစေမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ရွှေ့ဆိုင်းခွင့်ရသူများ

ရွှေ့ဆိုင်းခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ၊ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှတင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကို စိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့်ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာတပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

(ခ) နိုင်ငံ့ဝန်ထမ်းများ။

(ဂ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကိုပြုစုလုပ်ကျွေးနေသူများ။

(စ) မူးယစ်ဆေးဝါးဖြတ်ရန်ဆေးကုသမှုခံယူနေသူများ။

(ဆ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည်အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှယာယီရွှေ့ဆိုင်းပေးရန်မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

နတ်မောက်မြို့နယ်၌ ရက် ၁၀၀ စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်ထုတ်ပေးခြင်းဆောင်ရွက်

နတ်မောက် ဇွန် ၂

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် တံခွန်တိုင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ရက် ၁၀၀ စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်ထုတ်ပေးခြင်းကို ဇွန်လ ၁ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

အဆိုပါ ရက် ၁၀၀ စီမံချက်အတွင်း ဒေသခံပြည်သူများအနေဖြင့် လူမှုစီးပွားဘဝဆောင်ရွက်ရာတွင် လည်းကောင်း၊ ခရီးသွားလာရာတွင်လည်းကောင်း နိုင်ငံသားတစ်ဦး၏အခွင့်အရေးများကို အပြည့်အဝ ရရှိနိုင်စေရန်ရည်ရွယ်၍ တံခွန်တိုင်ကျေးရွာအခြေခံပညာအထက်တန်းကျောင်း(ခွဲ)ရှိ ကျောင်းသား၊ ကျောင်းသူများအား အသက် ၁၈ နှစ်ပြည့် မှတ်ပုံတင်လဲလှယ်ခြင်း၊ ဟောင်းနွမ်းပျက်စီးမှတ်ပုံတင်ခြင်းများကို အသစ်လဲလှယ်ပြုလုပ်ပေးခြင်း၊ အသက် ၁၀ နှစ်နှင့်အထက် မှတ်ပုံတင်အသစ်ပြုလုပ်ပေးခြင်းနှင့် UID ကတ်ထုတ်ပေးခြင်းများကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းနိုင်ဦး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနဦးစီးအရာရှိ ဦးညီညီလွင်တို့က တံခွန်တိုင်ကျေးရွာရှိ ကျောင်းသား၊ ကျောင်းသူ ၂၃၈ ဦးအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်ထုတ်ပေးခြင်းဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် နတ်မောက်မြို့နယ်အတွင်း အသက် ၁၀ နှစ်ပြည့် ၄၅၃ ဦးနှင့် ၁၈ နှစ်ပြည့် ၁၃၃ ဦး စုစုပေါင်း ၅၈၆ ဦးတို့အား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ် ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

လှဝင်း

သင်္ဃ(FM)အသံလွှင့်အစီအစဉ်

၃-၆-၂၀၂၆(ဗုဒ္ဓဟူးနေ့)

၁။ ၀၉:၀၀ Market News
၂။ ၁၁:၅၀ နွယ်မြက်သစ်ပင်ဆေးဖက်ဝင်
၃။ ၁၃:၀၀ ပြည်သူ့ကြားက ပြည်သူ့စကား
၄။ ၁၄:၅၀ ဖတ်သမျှ မှတ်သမျှ
၅။ ၁၅:၅၀ Happy Zone
၆။ ၂၁:၄၀ ချောက်ချောက်ချားချားဖြစ်ရပ်များ

မြဝတီ ခနဲ့စဉ် The Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဆွေဇင်သိမ့်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ
နေပြည်တော်
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။
ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၃၇၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာဝန်ခံ ၀၉-၄၄၄၁၈၆၉၁၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄
စာတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

သူနာပြုနှင့်သားဖွားဒီပလိုမာသင်တန်းသား သင်တန်းသူများအား ဂျူတီကုတ်နှင့် ဦးဆောင်းအပ်နှင်းပွဲ ကျင်းပ



တောင်ကြီး ၆နှဲ ၂

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ သားဖွားသင်တန်းကျောင်းခန်းမ၌ အမှတ်စဉ်(၆) သူနာပြုနှင့် သားဖွားဒီပလိုမာ သင်တန်းသား၊ သင်တန်းသူများအား ဂျူတီကုတ်နှင့် ဦးဆောင်းအပ်နှင်းပွဲကို ၆နှဲလ ၂ ရက်တွင် ကျင်းပရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီး ဒေါ်နန်းခမ်းလူ၊ အင်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါ်တင်တင်ရီ၊ ကယန်း(ခ) ပဒေါင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါ်အေးချိုစိန်၊ တက္ကသိုလ်/ ဒီဂရီကောလိပ်မှ ပါမောက္ခချုပ်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ သင်တန်းသား၊ သင်တန်းသူများက ကရုဏာအလင်းသီချင်းဖြင့် သီဆိုဖျော်ဖြေကြပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီးက အမှာစကားပြောကြားရာတွင် နိုင်ငံတစ်နိုင်ငံ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် ကျန်းမာရေးကဏ္ဍသည် အရေးကြီးသည့်အခန်းကဏ္ဍတွင် ပါဝင်ကြောင်း၊ ပြည်သူလူထုနှင့်ဆက်ဆံရာတွင် မေတ္တာ၊ စေတနာ အရင်းခံပြီး ပြည်သူနှင့်တစ်သားတည်းဖြစ်ရန် လိုအပ်ကြောင်း၊ မိမိနိုင်ငံနှင့်ပြည်သူများအတွက် အားကိုးအားထားပြုရသည့် သူနာပြုကောင်းများ ဖြစ်အောင် ကြိုးစားကြရန်လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ သားဖွားသင်တန်းကျောင်းမှ ကျောင်းအုပ်ကြီးက ဂျူတီကုတ်နှင့် ဦးဆောင်းအပ်နှင်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး သူနာပြုနှင့် သားဖွားဒီပလိုမာ သင်တန်းသား၊ သင်တန်းသူများအား ဂျူတီကုတ်နှင့် ဦးဆောင်းများကို တာဝန်ရှိသူများက အပ်နှင်းပေးကြကာ သူနာပြုသစ္စာအဓိဋ္ဌာန် ရွတ်ဆိုကြသည်။

ယင်းနောက် ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ပထမနှစ် Semester(1)အတွက် ဆုရရှိသူများအား ကယန်း(ခ) ပဒေါင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါ်အေးချိုစိန်ကလည်းကောင်း၊ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ပထမနှစ်အတွက် ဆုရရှိသူများအား အင်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါ်တင်တင်ရီက လည်းကောင်း၊ ဒုတိယနှစ်အတွက် ဆုရရှိသူများအား လူမှုရေးရာဝန်ကြီး ဒေါ်နန်းခမ်းလူကလည်းကောင်း ဆုများချီးမြှင့်ပေးအပ်ကြောင်း သိရသည်။

ထက်ဝေ(ပြန်/ဆက်)

ကန်ကြီးထောင့်မြို့နယ် ကျွန်းချောင်းကျေးရွာ၌ ပြည်သူများအား အသိပညာပေးဟောပြော

ကန်ကြီးထောင့် ၆နှဲ ၂

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ကန်ကြီးထောင့်မြို့မရဲစခန်း၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် အခွန်ဦးစီးဌာနတို့ပူးပေါင်း၍ ကျေးရွာနေပြည်သူများအား အသိပညာပေးဟောပြောပွဲကို ၆နှဲလ ၁၁ ရက်က ကျွန်းချောင်းကျေးရွာ၌ ကျင်းပသည်။

ဟောပြောပွဲတွင် ကန်ကြီးထောင့်မြို့မရဲစခန်းမှ ဒုတိယရဲမှူးကျော်ကျော်လွင်က မှုခင်းကျဆင်းရေးနှင့်ပတ်သက်၍ လည်းကောင်း၊ ဒုတိယမြို့နယ်ပညာရေးမှူး ဦးမျိုးနိုင်က ကျောင်းဖွင့်ချိန်တွင် ကျောင်းသား၊ ကျောင်းသူများအား ကျောင်းသို့ အချိန်မီရောက်ရှိစေရေးနှင့် ပတ်သက်၍ လည်းကောင်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာစိုးအောင်က မွေးမြူရေးနှင့် ပတ်သက်၍လည်းကောင်း၊ အခွန်ဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်လင်းက အခွန်အသိပညာပေးခြင်းနှင့်ပတ်သက်၍ လည်းကောင်း၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဇင်မာဦးက မူးယစ်ဆေးဝါးအသိပညာပေး၊ ကလေးအလုပ်သမားပပျောက်ရေး၊ အွန်လိုင်းလိမ်လည်ခြင်း၊ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ပတ်သက်၍ လည်းကောင်း အသီးသီးဟောပြောကြသည်။

ထို့နောက် မြို့မရဲစခန်းမှ ဒုတိယရဲမှူးနှင့် တပ်ဖွဲ့ဝင်များက မှုခင်းကျဆင်းရေးနှင့်ပတ်သက်၍ အသိပညာပေးလက်ကမ်းစာစောင်များကို တက်ရောက်လာကြသူများထံ ဖြန့်ဝေပေးကြကြောင်း သိရသည်။

ကျော်ဇင်စိုး(ပြန်/ဆက်)

ပန်းတောင်းမြို့နယ်၌ မူးယစ်ဆေးဝါးအန္တရာယ်အသိပညာပေးဟောပြောပွဲ ပြပွဲနှင့် ပြိုင်ပွဲများကျင်းပ



ပန်းတောင်း ၆နှဲ ၂

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ်၌ ကျောင်းသား၊ ကျောင်းသူများ မူးယစ်ဆေးဝါး၏ဆိုးကျိုးများကို သိရှိနားလည်ပြီး ရှောင်ကြဉ်နိုင်စေရန်နှင့် ဗဟုသုတတိုးပွားစေရန်ရည်ရွယ်၍ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲ၊ ပြပွဲနှင့်ပြိုင်ပွဲများကို ၆နှဲလ ၂ ရက်တွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သင်းသင်းအေးက မူးယစ်ဆေးဝါး၏ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ဆိုးကျိုးများကို အသိပညာပေးဟောပြောပြီး စာစီစာကုံးပြိုင်ပွဲ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲများကိုကျင်းပရာ ကျောင်းသား၊ ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ဆုရရှိသူများကို အမှတ်တရလက်ဆောင်ပစ္စည်းများ ချီးမြှင့်ပေးအပ်သည်။

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးနံရံကပ်စာစောင်များ၊ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးစာစောင်များ၊ သုတ၊ ရသစာအုပ်စာစောင်များကို တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

လပြည့်လင်း(ပြန်/ဆက်)

ပွင့်ဖြူမြို့နယ်၌ သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး အရိပ်ရသစ်ပင်မျိုးစုံ စိုက်ပျိုး

ပွင့်ဖြူ ၆နှဲ ၂

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ မြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးအထောက်အကူပြုစေရန်၊ ဒေသတွင်းစိမ်းလန်းစိုပြည်စေရန်နှင့် ရာသီဥတုဂေဟစနစ် မျှတကောင်းမွန်စေရန် ရည်ရွယ်၍ အရိပ်ရသစ်ပင်မျိုးစုံကို ၆နှဲလ ၂ ရက်တွင် စိုက်ပျိုးခဲ့ကြောင်း သိရသည်။

နှစ်စဉ် မိုးရာသီတွင် မြို့နယ်အတွင်း အပူဒဏ်ကာကွယ်ရေးနှင့် သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် အရိပ်ရပင်များကို စိုက်ပျိုးလျက်ရှိရာ မြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ဦးစီးမှူး ဦးညွှန့်ရွှေနှင့်ဝန်ထမ်းများအဖွဲ့က ဒေသခံကျေးရွာနေပြည်သူများနှင့်ပူးပေါင်း၍ ကျေးရွာသုံးစိုက်ခင်း၊ တခြားစိုက်ခင်း၊ အထူးစိမ်းလန်းစိုပြည်ရေးစိုက်ခင်း၊ ကျေးရွာပိုင်စိုက်ခင်းများအဖြစ် ယူကလစ်၊ မဲဇလီ၊ ဘောစကိုင်း၊ တမာ၊ ရှား၊ ကုက္ကို၊ ရင်းမာ၊ ဖျောက်ဆိပ် စသည့် အရိပ်ရသစ်ပင်မျိုးစုံ ပျိုးပင် ၅ဖစ၁၂ ပင်ကို ပွင့်ဖြူမြို့နယ် ရေပုတ်ကြီးကျေးရွာ၏ အနောက်တောင်ဘက်နှစ်မိုင်ခန့်အကွာရှိ မြောင်ဦးကြိုးပြင်ပတောင်၌ စိုက်ပျိုးလျက်ရှိသည်။

ပွင့်ဖြူမြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနအနေဖြင့် အရိပ်ရသစ်ပင်မျိုးစုံကိုစိုက်ပျိုးကာ နှစ်စဉ်မိုးရာသီတွင် ကျေးရွာနေပြည်သူများနှင့်ပူးပေါင်း၍ ကျေးရွာသုံးစိုက်ခင်းများ၊ ကျေးရွာပိုင်စိုက်ခင်းများ၊ အထူးစိမ်းလန်းစိုပြည်ရေးစိုက်ခင်းများကို အကောင်အထည်ဖော်စိုက်ပျိုးကြောင်း သိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)



ကမ္ဘဖလ

တင့်တယ်



ယမန်နေ့မှအဆက်

ကျွန်ုပ်၏ ဝတ်လုံတို့ကား အားမလျှော့သေး။ သမ္မတကြီးထံ အသနားခံစာတင်ရန် ကြိုးစားစိုင်းပြင်းလျက်ရှိနေ၏။ ကျွန်ုပ်၏ အသနားခံစာကိုပြည်ထဲရေးဝန်ကြီးကတစ်ဆင့် သမ္မတကြီး ကြည့်ရှုကာ သေဒဏ်မှ လွှဲပေးသင့်၊ မပေးသင့်ကို စဉ်းစားရဖို့ရှိ၏။ သို့သော် ဤကဲ့သို့ အသနားခံစာတင်ရခြင်းမှာ ဆေးဝါးဆရာဝန်နှင့် ကုမရနိုင်သောလူနာကို ဓဏ္ဍသုတ်၊ မေတ္တာသုတ်၊ အဘိဏှာသုတ်များနှင့်တကွ ဗောဇ္ဈင်သုတ်တွေ ရွတ်၍ ဘုရားကု ကုစားသည်နှင့် တူပေရာ ကျွန်ုပ်မှာ သေစားသေစေ စီရင်ချက်ချပြီးကတည်းက စိတ်အားလျှော့ချထားပြီးဖြစ်ရာ အယူခံ အပယ်ခံရသောအခါ၌မူ စိတ်နှလုံးကို တုံးတုံးချလျက် သိကြားဆင်းကယ်မ,မှသာလွတ်လမ်းရှိတော့သည့်အခြေကို နားလည်ထားပြီးဖြစ်သည့်အလျောက် စိတ်ကယောက်ကယက် ဖောက်ပြန်ပျက်ကွက်ခြင်း လုံးဝကင်းလျက် ကျွန်ုပ်၏အဖြစ်စဉ်ကိုသာ ပြီးစီးအောင် အားတိုက်ရေးရပေတော့မည်။ ကျွန်ုပ်၏အကြောင်းစုံကို နှောင်းလူတို့ အကုန်အစင်မသိဘဲ ရိုကန်ပေလိမ့်မည်ဖြစ်၏။ ထို့ကြောင့် ခပ်ချုံးချုံးပင် ဆက်လက်ရေးသားရပေတော့မည်။

အသန့်ကလေးနှင့် လက်တစ်လုံးခြား ကံခြားသဖြင့် ကွဲကွာခဲ့ရပြီးသည့်နောက်တွင် ကံတရားသည် ကျွန်ုပ်အား နေရင်းမြို့ကလေး၌ မထားပြန်ဘဲ မော်လမြိုင်သို့ ပို့လိုက်ပြန်၏။ ပို့ပုံမှာကား မော်လမြိုင်တွင် ကြေးတိုင်မင်းကြီးနှင့် လာရောက်တွေ့ဆုံရစဉ် အပေါ်၌ အသန့်ကလည်း ခင်မင်တွယ်တာနေသည့် အကြောင်းရင်းကို အသန့် မင်္ဂလာဆောင်ခါနီး အချိန်ကလေးသို့ရောက်မှ ကံတရားက အသိပေးပြီး လျှင် နောက်တစ်ကြိမ် ထပ်၍ နှိပ်စက် ပြန်လေတော့သည်။ ဩော် ... ကံ ... ကံ။

သို့ဖြင့် အသန့်နှင့် ကွဲရသော မြို့ကလေး၌ မပျော်မပိုက်ရှိနေခိုက် ကံတရားသည် မျက်နှာချိုသွေးလာပြန်၏။ ယင်းသည်ကား နေရင်း ဇာတိမြို့ကလေး၌ မပျော်သော ကျွန်ုပ်အား မော်လမြိုင်သို့ ပြောင်းရွှေ့ရအောင် ဖန်တီးလိုက်ခြင်းဖြစ်၏။ ကျွန်ုပ်လည်း မော်လမြိုင်သို့ စိတ်သက်သာလိုသက်သာငြား ပြောင်းရွှေ့လာခဲ့ရပေသည်။

မော်လမြိုင်တွင် အမှုထမ်းနေရင်းက အသန့်၏ သတင်းကိုလည်း နာ၏။ ကျွန်ုပ်၏ဦးလေးဖြစ်သူ ဦးဒေါနတို့အိမ်သားတစ်စုအကြောင်းကိုလည်း အမြဲစုံစမ်းနေခဲ့၏။ ဤအချိန်တွင် ကျွန်ုပ်မှာ အချစ်ဦးနှင့် လွဲခဲ့ရသည်ကို စိတ်မချမ်းသာတိုင်း အချစ်စိတ်ကို အတင်းအကျပ် မျိုသိပ်ဖိနှိပ်ထားပြီးလျှင် အိမ်ထောင်ရေးကို လုံးဝစိတ်မကူးဘဲ ကျွန်ုပ်၏ ဘဝအဓိဋ္ဌာန်ဖြစ်သော လက်စားချေရေးကိုသာ နှိစ်ခဲဘတ်ကြိုးပမ်း၍ လက်စားချေရမည့်နည်းလမ်းများကို ရှာဖွေနေခဲ့ပေသည်။ သို့သော် မိမိအပေါ်၌ သင်္ဘာမကင်းခြင်းကိုမျှ မခံရအောင် လက်စားချေရမည့်အရေးမှာ ရှေးဦးပထမ ဦးဒေါနတို့ မိသားစုအနီးသို့ ချဉ်းကပ်နိုင်ဖို့ အရေးကြီး၏။ လူယုံသတ်မှ သေတတ်သော ဓမ္မတာအတိုင်း ကျွန်ုပ်သည် ဦးဒေါနတို့၏ လူယုံအဖြစ်သို့ ရောက်နိုင်မည့်နည်းလမ်းများကို ရှာဖွေ၏။ သို့သော် ဦးဒေါနတို့အနီးတွင် ကျွန်ုပ် လူယုံဖြစ်စေဖို့ကား ဝေးစွ၊ သူတို့၏ အိမ်ရိပ်ကို နင်းနိုင်ရန်ပင် အတော်ကြီးခဲယဉ်းနေသေးသောအဖြစ်ကို တွေ့ရပေရာ မျိုသိပ်၍ သည်းခံကာ စောင့်တတ်သော ကျွန်ုပ်သည် နေသေးသပ့ပ်ဟူသော ကြုံးဝါးချက်နှင့်အညီ အခွင့်အလမ်းကိုသာ စောင့်မျှော်၍ နေခဲ့ရပေသည်။ ထိုသို့ စောင့်မျှော်၍ နေခိုက်တွင် ကျွန်ုပ်သည် ကြိုတင်ပြင်ဆင်သောအားဖြင့် ဦးဒေါနတို့ ဆွေမျိုးတစ်စုအား မုန်းတီးကြောင်း၊ လက်စားချေလိုကြောင်းကို လေသံမျှ မရှိမ်းခဲ့။ ရှေ့အကြောင်း၊ နောက်အကြောင်း မျိုးစုံတို့ကို သိကြသော သူတို့က တစ်ခါတစ်ရံ စကားစပ်မိ၍ "ဘယ့်နယ်ကိုက်ကောင်း၊ တနင်္သာရီဘက်က ဆွေမျိုးတွေနဲ့ကော သင့်မြတ်ကြပြီလား"ဟု မေးတတ်သောအခါတွင် "ဟုတ်ကဲ့ အရင်တုန်းကလောက်တော့ မဆိုးတော့ပါဘူးလေ၊ တစ်လောကပဲ ဒူးရင်းခြင်း နှစ်ခြင်း ပို့လိုက်သေးတယ်"ဟု မုသားသုံးခဲ့၏။ ဘုန်းကြီးကျောင်းသားဘဝက ရခဲ့သော မာယာဆောင်တတ်ခြင်းသည် ကျွန်ုပ်အဖို့၌ များစွာအသုံးဝင်၍ လာပေတော့သည်။

ယင်းသို့ အခွင့်အလမ်းကို စောင့်မျှော်နေရသည်မှာ ခုနစ်နှစ် ရှစ်နှစ်ခန့်ကြာ၏။ ဤမျှ နှစ်ရှည်လများ စောင့်စားခဲ့ရသည်မှာ သာမန်အားဖြင့် ကြည့်လျှင် စိတ်ပျက်ဖွယ်ကောင်းအောင် ကာလရှည်လျားလှ၏။ သို့သော် ရင်ထဲ၌ မကျေနိုင်သော လက်စားချေရန် အဓိဋ္ဌာန်အမြဲတေခဲကြီးရှိနေသူ ကျွန်ုပ်အဖို့၌ကား လက်စားချေရန်အခွင့်အလမ်းသည် ယနေ့မပေါ်သေးလျှင် နက်ဖြန်တွင် ပေါ်လာရမည်ဟူသော ဇွဲကိုထားသူဖြစ်ပေရာ တစ်နေ့နေ့တွင် အခွင့်အလမ်းမပေါ်ဘဲ မနေရ ပေါ်လာရမည်သာဖြစ်သည်ဟူ၍ တထစ်ချ ဗျာဒိတ်ရသလောက် တွက်ထားသူဖြစ်လေရကား တစ်နေ့,ကုန်လျှင်ပင် လက်စားချေရမည့်အချိန်ဘက်သို့ တစ်ရက်နီးလေပြီဟု ယူဆကာ ကျေနပ်မိပေသည်။ ထို့ပြင် ကျွန်ုပ်မှာ အဆုံးအဖြတ်မှန်ခဲ့သဖြင့် လက်စားချေ၍ ငွေပုံကြီးကို ကျုံးရန်ရက်ကို စောင့်ရာ၌ ရာထူးရာခံ အသင့်အတင့်နှင့် အစစအရာရာ ဖူလုံကာ နေရပေရာ အဘယ်ကြောင့် ကျွန်ုပ်သည် လက်စားချေဖို့အခွင့်အလမ်းကို စိတ်ရှည်လက်ရှည် မပူမပင် အေးဆေးစွာမစောင့်ဘဲ မနေနိုင်စရာလမ်း ရှိပါခဲ့နည်း။

လက်စားချေရန် အခွင့်အလမ်း ပေါ်မည့်ပေါ်သည်ကား ၁၉၄၁ ခုနှစ်၌ဖြစ်၏။ ခုနှစ်နှစ်ကျော်၍ ရှစ်နှစ်အတွင်းသို့ ဝင်လာခါမှ ထိုအခွင့်အလမ်းသည် ကတ်သီးကတ်သတ် မမျှော်လင့်သော ထောင့်တစ်ခုမှ ပေါ်ထွက်လာပေသည်။ အတိုချုပ်၍ ရေးရမည်ဆိုသော် ကျွန်ုပ်အသက် ၃၁ နှစ်ထဲသို့ ရောက်ခဲ့သော ဤ ၁၉၄၁ ခုနှစ်၌ ဂျပန်သည် အင်္ဂလိပ်၊ အမေရိကန်တို့ကို စစ်အကြီးအကျယ်ခင်းတော့၏။ ထိုသို့ စစ်မခင်းမီ ယခင်တစ်နှစ်လောက်ကစ၍ မော်လမြိုင်ရှိ ဂျပန်ဓာတ်ပုံဆရာ ကီမူရာသည် ကျွန်ုပ်အား ရွှေဒင်္ဂါးများပင် လာဘ်ထိုးလျက် အကျွမ်းဝင်အောင် မိတ်ဖွဲ့ပြီး နောက် မော်လမြိုင်နယ်၏ အသေးစိတ်မြေပုံများကို ဓာတ်ပုံကူးယူခွင့်တောင်းပေသည်။ ကျွန်ုပ်ကား တစ်ကိုယ်ကောင်းစိတ်သာရှိ၍ လက်မနှေးသူဖြစ်သောကြောင့် မြေပုံကို ကူးရုံသာကူးသော ကီမူရာ၏ ရွှေဒင်္ဂါးတို့ကို လက်ခံ၍ မြေပုံများကို ဓာတ်ပုံရိုက်စေလေသည်။

ဂျပန်တို့ အင်္ဂလိပ်ပိုင်နယ်များကို အရှေ့ဘက် ပသျှူးကျွန်းဆွယ်မှစ၍ သိမ်းလာကြသောအခါ၌ မော်လမြိုင်အရေးပိုင်မင်းက ကျွန်ုပ်အား များစွာသဘောတွေ့၍ သွားပေရာ အလုပ်အကိုင်ကောင်းမွန်ထက်မြက်သည်ဟူသော ဂုဏ်ပုဒ်ကိုပေး၍ မော်လမြိုင်ရှိ မြေတိုင်းဘက်ဌာနချုပ်တွင် လာ၍ အင်စပက်တော်အဆင့်အတန်းဖြင့် အမှုထမ်းစေရန် စီစဉ်လိုက်၏။

အကယ်၍သာ ခပ်စောစောကသာ နေရင်းဇာတိသို့ ပြန်၍ အမှုမထမ်းရဘဲ မော်လမြိုင်၌သာ တိုက်ရိုက် အမှုထမ်းရပါက အသန့်၏အပေါ်တွင်လည်း စိတ်ဆင်းရဲဒုက္ခကြီးနှင့် ကြုံမည်မဟုတ်ပါပေ။ ယခုမူကား ကံတရားသည် မျက်နှာချိုသွေးကာ ကျွန်ုပ် မြတ်နိုးလှစွာသော အသန့်ကလေးနှင့် နီးစပ်အောင် တမင်တကာ နေရင်းမြို့ရွာသို့ ပို့လိုက်ပြီးမှ နောက်ကျောဘက်ကနေ၍ ဓားနှင့်ထိုးသည့်ပမာ အသန့်နှင့် နီးလုတဲကာ ကျန်တော့မှ အဘိုးဦးနကီကို ဆုံးစေခြင်းဖြင့် အသန့်နှင့် ခွဲခဲ့၏။ ခွဲ၍မှ အားမရသေးသလို ကျွန်ုပ်မှ ပေါ်ထွက်လာပေသည်။ အတိုချုပ်၍ ရေးရမည်ဆိုသော် ကျွန်ုပ်အသက် ၃၁ နှစ်ထဲသို့ ရောက်ခဲ့သော ဤ ၁၉၄၁ ခုနှစ်၌ ဂျပန်သည် အင်္ဂလိပ်၊ အမေရိကန်တို့ကို စစ်အကြီးအကျယ်ခင်းတော့၏။ ထိုသို့ စစ်မခင်းမီ ယခင်တစ်နှစ်လောက်ကစ၍ မော်လမြိုင်ရှိ ဂျပန် ဓာတ်ပုံဆရာ ကီမူရာသည် ကျွန်ုပ်အား ရွှေဒင်္ဂါးများပင် လာဘ်ထိုးလျက် အကျွမ်းဝင်အောင် မိတ်ဖွဲ့ပြီး နောက် မော်လမြိုင်နယ်၏ အသေးစိတ်မြေပုံများကို ဓာတ်ပုံကူးယူခွင့်တောင်းပေသည်။ ကျွန်ုပ်ကား တစ်ကိုယ်ကောင်းစိတ်သာရှိ၍ လက်မနှေးသူဖြစ်သောကြောင့် မြေပုံကို ကူးရုံသာကူးသော ကီမူရာ၏ ရွှေဒင်္ဂါးတို့ကို လက်ခံ၍ မြေပုံများကို ဓာတ်ပုံရိုက်စေလေသည်။

ဂျပန်တို့ အင်္ဂလိပ်ပိုင်နယ်များကို အရှေ့ဘက် ပသျှူးကျွန်းဆွယ်မှစ၍ သိမ်းလာကြသောအခါ၌ မော်လမြိုင်အရေးပိုင်မင်းက ကျွန်ုပ်အား များစွာသဘောတွေ့၍ သွားပေရာ အလုပ်အကိုင်ကောင်းမွန်ထက်မြက်သည်ဟူသော ဂုဏ်ပုဒ်ကိုပေး၍ မော်လမြိုင်ရှိ မြေတိုင်းဘက်ဌာနချုပ်တွင် လာ၍ အင်စပက်တော်အဆင့်အတန်းဖြင့် အမှုထမ်းစေရန် စီစဉ်လိုက်၏။

အကယ်၍သာ ခပ်စောစောကသာ နေရင်းဇာတိသို့ ပြန်၍ အမှုမထမ်းရဘဲ မော်လမြိုင်၌သာ တိုက်ရိုက် အမှုထမ်းရပါက အသန့်၏အပေါ်တွင်လည်း စိတ်ဆင်းရဲဒုက္ခကြီးနှင့် ကြုံမည်မဟုတ်ပါပေ။ ယခုမူကား ကံတရားသည် မျက်နှာချိုသွေးကာ ကျွန်ုပ် မြတ်နိုးလှစွာသော အသန့်ကလေးနှင့် နီးစပ်အောင် တမင်တကာ နေရင်းမြို့ရွာသို့ ပို့လိုက်ပြီးမှ နောက်ကျောဘက်ကနေ၍ ဓားနှင့်ထိုးသည့်ပမာ အသန့်နှင့် နီးလုတဲကာ ကျန်တော့မှ အဘိုးဦးနကီကို ဆုံးစေခြင်းဖြင့် အသန့်နှင့် ခွဲခဲ့၏။ ခွဲ၍မှ အားမရသေးသလို ကျွန်ုပ်

တံတားဦးခရိုင်၌ လက်တွေ့မီးငြိမ်းသတ်နည်း သရုပ်ပြ

တံတားဦး ဇွန် ၂

မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင် တံတားဦးမြို့နယ် မီးသတ်ဦးစီးဌာနမှ ခရိုင်/မြို့နယ်ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၌ လက်တွေ့မီးငြိမ်းသတ်နည်းသရုပ်ပြခြင်းကို ဇွန်လ ၁ ရက်က ကွင်းဆင်းဆောင်ရွက်သည်။

ရှေးဦးစွာ မီးလောင်မှုမဖြစ်ပွားစေရေးအတွက် မီးသတ်ဆေးဘူးများ၊ လျှပ်စစ်ဝိုင်ယာကြိုးများ သွယ်တန်းထားရှိမှုတို့ကို မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်သူအောင်နှင့် ခရိုင်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဌေးလှိုင်တို့ လိုက်လံကြည့်ရှုစစ်ဆေးသည်။



ထို့နောက် တံတားဦးမြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်သူအောင်က မီးသတ်ဆေးဘူးတွင် ပါရှိသည့် အကြောင်းအရာများ၊ မီးသတ်ဆေးဘူးကိုင်တွယ်အသုံးပြုနည်းများကို ရှင်းလင်းပြောကြားပြီး မီးသတ်ဆေးဘူးနှင့်ရေစို အဝတ်ဖြင့် မီးငြိမ်းသတ်ခြင်းကို မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများက လက်တွေ့သရုပ်ပြဆောင်ရွက်ကြောင်း သိရသည်။

ရဲတင့်(ပြန်/ဆက်)

ဂျပန်နိုင်ငံမှ ကုမ္ပဏီ ၄၀ ကျော်က မြန်မာလုပ်သားများ ခေါ်ယူရန် အလုပ်ကမ်းလှမ်းစာများပေးပို့

ရန်ကုန် ဇွန် ၂

ဂျပန်နိုင်ငံမှ ကုမ္ပဏီ ၄၀ ကျော်က မြန်မာလုပ်သားများခေါ်ယူရန် အလုပ်ကမ်းလှမ်းစာများ ပေးပို့လာကြောင်း တိုက္ကျိမြို့ရှိ မြန်မာသံရုံးမှ သိရသည်။

"တိုက္ကျိမြို့မှာရှိတဲ့ မြန်မာသံရုံးအနေနဲ့ အလုပ်ကမ်းလှမ်းစာတွေကို ဂျပန်ကုမ္ပဏီတွေဆီကနေ ပြန်ကြားစာလက်ခံရရှိတဲ့ ရက်စွဲအလိုက် အစဉ်အတိုင်း စိစစ်ပေးနေတာဖြစ်ပါတယ်။ အခုလို စိစစ်ဆောင်ရွက်နိုင်ဖို့ ကုမ္ပဏီ ၄၅ ခုရဲ့စာရင်းကိုထုတ်ပြန်လိုက်ပါတယ်"ဟု တိုက္ကျိမြို့ရှိ မြန်မာသံရုံးမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

မြန်မာသံရုံးအနေဖြင့် ဂျပန်နိုင်ငံရှိ အလုပ်သမားကြီးကြပ်ရေး ကုမ္ပဏီနှင့် အလုပ်ခေါ်ယူသည့်စက်ရုံ၊ ကုမ္ပဏီများ ဂျပန်နိုင်ငံ၌ တရားဝင်တည်ထောင်ထားခြင်းရှိ၊ မရှိ စိစစ်တွေ့ရှိချက်များ၊ သဘောထားမှတ်ချက်များကို နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် အလုပ်သမားဝန်ကြီးဌာနသို့ ပြန်လည်ပေးပို့သည့်လုပ်ငန်းစဉ်များကို စိစစ်ဆောင်ရွက်ပေးနေခြင်းဖြစ်သည်။

ယခုအခါ ၂၀၂၆ ခုနှစ် မေလ ၁၆ ရက်မှ ၂၉ ရက်အထိ လက်ခံရရှိ၍ စိစစ်ပြီးစီးကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ပေးပို့ပြန်ကြားခဲ့သည့် အလုပ်ကမ်းလှမ်းစာ ၄၅ ခုရှိကြောင်း သိရသည်။ **ဖြူဖြူ**

ဒုတိယသမ္မတ ဦးညီစော ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ထွက်ခွာ

နေပြည်တော် ၄ ရက် ၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညီစော ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့၌ ကျင်းပမည့် (၂၉) ကြိမ်မြောက် နိုင်ငံတကာစီးပွားရေးဖိုရမ် (29th St. Petersburg International Economic Forum – SPIEF 2026) သို့ တက်ရောက်ရန် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာကြရာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ဒုတိယသမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးအောင်ကျော်ဟိုး၊ ဦးထိန်လင်း၊ ဦးဆန်းဦး၊ ဦးကိုကိုလွင်၊ ဦးခင်မောင်စိုးနှင့်ဦးထွန်းအုံ၊ ဒုတိယဝန်ကြီး ဦးကိုကိုကျော်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများလိုက်ပါသွားကြကြောင်း သိရသည်။ မြဝတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညီစော ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့အား ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။



ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး အမျိုးသားလွှတ်တော် အမြဲတမ်းကော်မတီများအားတွေ့ဆုံ

နေပြည်တော် ၄ ရက် ၂

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်အဆောက်အအုံအစည်းအဝေးခန်းမ၌ အမျိုးသားလွှတ်တော် အမြဲတမ်းကော်မတီများအားတွေ့ဆုံသည်။



တွေ့ဆုံစဉ် ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးမဏ္ဍိုင်(၃)ရပ်တွင် မိမိတို့လွှတ်တော်များသည် ဥပဒေပြုရေးတာဝန်သာမက အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးမဏ္ဍိုင်တို့ကို ဥပဒေအရ အပြန်အလှန်ထိန်းကျောင်းဆောင်ရွက်ခွင့် အပ်နှင်းခံရသည့် အဖွဲ့အစည်းဖြစ်ပါကြောင်း၊ လွှတ်တော်ကော်မတီများသည် ယင်းလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်သည့်နေရာတွင် အရေးကြီးသည့် အဖွဲ့အစည်းများဖြစ်ပါကြောင်း။

အမြဲတမ်း ကော်မတီများသည် ပြည်ထောင်စုအစိုးရအဖွဲ့အပါအဝင်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းထားသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများနှင့် ဆက်သွယ်ပြီး ဖိတ်ကြားကြားနာခြင်း၊ မေးမြန်းဆွေးနွေးခြင်း၊ လိုအပ်သည့် အထောက်အထားတင်ပြစေခြင်းစသည့် ဆောင်ရွက်ခွင့်ရှိသော အရေးကြီးသည့် လွှတ်တော်ကော်မတီများဖြစ်ပြီး လွှတ်တော်၏အဓိကကျသည့် အဖွဲ့အစည်းများဖြစ်ပါကြောင်း။

အမြဲတမ်းကော်မတီ (၄)ရပ်အနေဖြင့် မတူညီသော လုပ်ငန်းတာဝန်များရှိပြီး (၁) ဥပဒေကြမ်းများ စိစစ်ဆွေးနွေးခြင်း၊ (၂) ပြည်ထောင်စု၏ဘဏ္ဍာငွေအရ/အသုံးဆိုင်ရာ ကိစ္စရပ်များစိစစ်ခြင်း၊ (၃)လွှတ်တော်အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များ၊ (၄) ပြည်ထောင်စုအစိုးရ၏ အာမခံချက်၊ ကတိကဝတ်များ စိစစ်ခြင်းဆိုင်ရာများစသည့် လွှတ်တော်၏လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရာတွင် အဓိကအကျဆုံး အရေးကြီးသည့် ကော်မတီများဖြစ်ပါကြောင်း။

လွှတ်တော်အမြဲတမ်းကော်မတီများဖြစ်ကြသည့် ဥပဒေကြမ်းကော်မတီ၊ ပြည်သူ့ငွေစာရင်းကော်မတီ၊ လွှတ်တော်အခွင့်အရေးကော်မတီနှင့် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီများသည် အစိုးရနှင့် အပြန်အလှန်ထိန်းကျောင်းပြီး ပူးပေါင်းဆောင်ရွက်ရပါကြောင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းသည် နိုင်ငံတော်ယန္တရား အဆင်ပြေချောမွေ့စွာလည်ပတ်နိုင်ရေးနှင့် ပြည်သူ့အကျိုးစီးပွားဖော်ဆောင်ရေးအတွက် အရေးကြီးသော ကဏ္ဍဖြစ်ပါကြောင်း။

အမြဲတမ်းကော်မတီများသည် ဥပဒေပြုရေး၊ ဘဏ္ဍာငွေကြီးကြပ်ရေး၊ ကိုယ်စားလှယ်ကျင့်ဝတ်နှင့်အညီ ပြုမူနေထိုင်ရေးတို့အတွက် အဓိကအခန်းကဏ္ဍက ပါဝင်လျက်ရှိပါကြောင်း၊ ကော်မတီတစ်ခုစီ၏ ဆောင်ရွက်ချက်များ၊ ပြည်သူများ၏လိုလားတောင့်တချက်များကို လွှတ်တော်က ဖော်ဆောင်မှုနှင့်အတူ ပြည်သူအတွက် ဆောင်ရွက်ချက်များအဖြစ် ထင်ဟပ်စေပြီး အစိုးရ၏ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုကိုလည်း ပေါ်လွင်ထင်ရှားစေပါကြောင်း၊ ထို့ကြောင့် မိမိအနေဖြင့် ကော်မတီများ၏ လုပ်ငန်းများကို အစဉ်တိုက်တွန်းအားပေးပြီး အကြံပြုချက်များကို အလေးထားဆောင်ရွက်ရန်၊ ကော်မတီများအနေဖြင့် မိမိတို့၏ လုပ်ပိုင်ခွင့်အသုံးပြုပြီး ပြည်သူ့အကျိုးကို ရှေးရှုဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်း။

လွှတ်တော်လုပ်ငန်းစဉ်တွင် ကော်မတီများအနေဖြင့် မိမိတို့လွှတ်တော် တစ်ရပ်တည်းမဟုတ်ဘဲ တစ်ဖက်လွှတ်တော်နှင့်ပူးပေါင်းဆောင်ရွက်ရသည့် အပိုင်းများလည်းရှိလာနိုင်ပါကြောင်း၊ နိုင်ငံတော်၏ အနာဂတ်သည် မိမိတို့၏ စုပေါင်းတိုင်ပင်ဆုံးဖြတ်ချက်များနှင့် တာဝန်ယူမှုအပေါ် တည်ရှိသည့်အတွက် ကော်မတီများ၏ အောင်မြင်မှုသည် လွှတ်တော်တစ်ရပ်လုံး၏ဂုဏ်သိက္ခာနှင့် ပြည်သူများ၏ယုံကြည်မှုကို မြှင့်တင်ပေးလိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ မိမိတို့လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် လုပ်ငန်းတာဝန်များ ထမ်းဆောင်ရာတွင် တာဝန်ကျေဆောင်ရွက်ခြင်းမျိုးမဟုတ်ဘဲ ပြည်သူကောင်းကျိုးအတွက် စေတနာထားဆောင်ရွက်ကြရန် လိုကြောင်း ပြောကြားသည်။

ထို့နောက် လွှတ်တော်အခွင့်အရေး ကော်မတီ၊ ဥပဒေကြမ်းကော်မတီ၊ ပြည်သူ့ငွေစာရင်းကော်မတီ၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များစိစစ်ရေးကော်မတီတို့မှ ဥက္ကဋ္ဌများနှင့်အတွင်းရေးမှူးတို့က သက်ဆိုင်ရာ ကော်မတီအလိုက် ဖွဲ့စည်းထားရှိမှု၊ ကော်မတီလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဆောင်ရွက်သွားမည့် အခြေအနေများကို တင်ပြကြပြီး အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်းသိရသည်။

မြဝတီ

ဆီဆိုင်မြို့နယ်ရှိ ဒေသခံပြည်သူများနှင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ဖိုးစိန် တွေ့ဆုံ

ဆီဆိုင် ၄ ရက် ၂

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်ဖိုးစိန်သည် ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် နားသံကျေးရွာအုပ်စု နားမွန်ကျေးရွာရှိ ဘုန်းကြီးကျောင်း၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ပေးနေမှုအခြေအနေကို ရှင်းလင်းပြောကြားပြီး ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များက မိတ်ဆက်စကား ပြောကြားကြသည်။

ထို့နောက် နားသံကျေးရွာအုပ်စုနှင့် နားခိုက်ကျေးရွာအုပ်စုတို့ရှိ ကျေးရွာများမှ ဒေသခံပြည်သူများက ကျေးရွာများ၏ လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြရာ ဦးစီးအဖွဲ့ဥက္ကဋ္ဌက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ဆီဆိုင်မြို့နယ် ပါလောပါကယ်ကျေးရွာအုပ်စုတိကလိုင်ကျေးရွာအတွက် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေကျပ်သိန်း ၁၅၀ ကို ကျေးရွာကိုယ်စားလှယ်တစ်ဦးထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်းသိရသည်။

မြို့နယ်(ပြန်/ဆက်)

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့ကျင်းပ



တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့ကျင်းပစဉ်။

နေပြည်တော် ဇွန် ၂

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌဦးခင်ဇီရေ့မောက်၌ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၄)ဦးက ကတိသစ္စာပြုကြပြီး ကတိသစ္စာပြုလွှာပေါ်၌ လက်မှတ်ရေးထိုးကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့သို့ တက်ရောက်ခွင့်ရှိသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးရေ ၃၅၁ ဦးရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၃၅၀ ဦး တက်ရောက်သဖြင့် တက်ရောက်မှုရာခိုင်နှုန်း ၉၉ ဒသမ ၇၂ ရှိသည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာပြီး အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်အမှာစကားပြောကြားရာတွင် လွှတ်တော်ရပ်နားထားစဉ်ကာလအတွင်း ကိုယ်စားလှယ်များအနေဖြင့် မဲဆန္ဒရှင်ပြည်သူများထံ အရောက်သွားပြီး ပြည်သူ့အသံ၊ လိုလားချက်၊ လိုအပ်ချက်များကို နားထောင်မှတ်သားခြင်း၊ ဒေသအကျိုးပြု၊ နိုင်ငံအကျိုးပြု၊ ပြည်သူအကျိုးပြု လုပ်ငန်းများတွင် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ခဲ့ကြခြင်းများအပေါ် မြင်ကြားသိရသည့်အတွက်လည်း ဂုဏ်ယူဝမ်းမြောက်ကြောင်း။

လွှတ်တော်၏ အဓိကတာဝန်တစ်ရပ်မှာ ဥပဒေပြုရေးဖြစ်သည့်အတွက် တည်ဆဲဥပဒေများသည် မျက်မှောက်ခေတ်အခြေအနေ၊ မူဝါဒများနှင့် ကိုက်ညီမှုရှိ၊ မရှိ၊ နိုင်ငံတော်တိုးတက်ရေးနှင့် ပြည်သူများအကျိုးဖြစ်ထွန်းစေမည့် ဥပဒေများဖြစ်၊ မဖြစ်တို့ကိုလေ့လာဆန်းစစ်၍ လိုအပ်ပါက ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ရုပ်သိမ်းခြင်းနှင့် အသစ်ပြဋ္ဌာန်းခြင်းတို့ကို မိမိတို့လွှတ်တော်သက်တမ်းတွင် ပိုမိုပြီးပြည့်စုံအောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ထို့ပြင် လွှတ်တော်အနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများအေးချမ်းလုံခြုံစွာနေထိုင်နိုင်ရေး၊ ပြည်သူ့အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်သည့် ဥပဒေများဖြစ်ထွန်းစေရေးကိုလည်း အရှိန်မြှင့်ဆောင်ရွက်မည်ဖြစ်ကြောင်း။

လွှတ်တော်အနေဖြင့် ဥပဒေများပြဋ္ဌာန်းရုံသာမကဘဲ တည်ဆဲဥပဒေများမှတစ်ဆင့် တစ်ဆင့်ခံ ဥပဒေထုတ်ပြန်ခွင့်အာဏာ အပ်နှင်းခြင်းခံရသည့်အဖွဲ့အစည်းအသီးသီးက ထုတ်ပြန်ထားသည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများသည် တည်ဆဲဥပဒေများ၊ လွှတ်တော်က ပြဋ္ဌာန်းလိုက်သည့် ဥပဒေများနှင့် ဆီလျော်ညီညွတ်မှုရှိ၊ မရှိ ဆန်းစစ်နေရမည်ဖြစ်သလို ဥပဒေများအား နိုင်ငံတော်အတွင်းရှိ အဖွဲ့အစည်းများနှင့်နိုင်ငံသားအားလုံးက လိုက်နာကျင့်သုံးရေးနှင့် အပြန်အလှန် ထိန်းညှိကူညီရေးတို့ကို ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ထိုတာဝန်များကို လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသည့် လွှတ်တော်ကော်မတီများက ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လွှတ်တော်လုပ်ငန်းများအား ပိုမိုထိရောက်အောင်မြင်အောင် ဆောင်ရွက်နိုင်ရန်အတွက် ယခုဒုတိယပုံမှန်အစည်းအဝေးတွင် အခြားကော်မတီများကို တိုးချဲ့ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

လွှတ်တော်ကိုယ်စားလှယ်များက ပြည်သူများ၏ သဘောဆန္ဒများကို လွှတ်တော်သို့သယ်ဆောင်လာပြီး မေးခွန်း၊ အဆိုများနှင့် ဥပဒေကြမ်းများအဖြစ် မေးမြန်း၊ ဆွေးနွေး၊ ညှိနှိုင်းဆုံးဖြတ်ကြရာတွင်လည်း နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားဖြစ်ထွန်းစေသော ဥပဒေများနှင့် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်သောကိစ္စရပ်များဖြစ်စေရန်လိုအပ်ကြောင်း။

မိမိတို့လွှတ်တော်သက်တမ်းကာလအတွင်းလွှတ်တော်၏အခန်းကဏ္ဍတိုးတက်မြင့်မားစေရန်အတွက် လွှတ်တော်ဆိုင်ရာဆောင်ရွက်ချက်များအား ပြည်သူသို့နည်းလမ်းစုံဖြင့် ထိတွေ့အသိပေးခြင်း၊ လွှတ်တော်ကိုယ်စားလှယ်များအတွက် လိုအပ်သည့်သင်တန်းများ စီစဉ်ခြင်း၊ နိုင်ငံတကာပါလီမန်များနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်ခြင်းများကိုလည်း တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဥပဒေ၏ အကာအကွယ်အောက်တွင် ပြည်သူများလုံခြုံအေးချမ်း၊ ဖွံ့ဖြိုးတိုးတက်စေရေးနှင့်ပြည်သူကအားကိုးသည့်ဥပဒေပြုမဏ္ဍိုင်ဖြစ်လာစေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ တတိယအကြိမ်ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးနှင့် ဒုတိယ ပုံမှန်အစည်းအဝေး ကြားကာလအတွင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့၏ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ လွှတ်တော်သို့အသိပေးတင်ပြပြီး မှတ်တမ်းတင်သည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး မစ္စတာ အီစ်ကန်ဒဲ အာဇီဇော့ဖ်၊ ဘယ်လာရုစ်သမ္မတနိုင်ငံ လွှတ်တော်ဥက္ကဋ္ဌ မစ္စတာ အီဂေါ်ဆာဂေယန်ကို၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ United Russia ပါတီဥက္ကဋ္ဌ မစ္စတာ ဒီမီထရီမက်ဗီဒက်ဗ်၊ ဂျပန်-မြန်မာ ပါလီမန်ချစ်ကြည်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဂျပန်နိုင်ငံ အောက်လွှတ်တော်အမတ် မစ္စတာ ဟိရိုမိချိဝါတာနာဘေး၊ ဂျပန်-မြန်မာယဉ်ကျေးမှုမြှင့်တင်ရေးအသင်းဥက္ကဋ္ဌ မစ္စတာ ဖူမီအို အူဆုအိနှင့် အသင်းညွှန်ကြားရေးမှူး မစ္စတာ နာအိုဟီကို တာကခု၊ ထိုင်းနိုင်ငံ အမျိုးသားလွှတ်တော်နှင့် အောက်လွှတ်တော်ဥက္ကဋ္ဌ မစ္စတာ ဆိုဖွန်းဇောရမ်နှင့် ထိုင်းနိုင်ငံခြားရေးဝန်ကြီး၏ အကြံပေး မစ္စတာ ကလျာဏ ဝိပတ္တိဘူမိပြထေရ်တို့က ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံ ပေးပို့သည့် ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာများနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး H.E မစ္စတာ အီစ်ကန်ဒဲ အာဇီဇော့ဖ်၊ ဂျပန်-မြန်မာပါလီမန်ချစ်ကြည်ရေးအသင်းဒုတိယဥက္ကဋ္ဌ ဂျပန်နိုင်ငံ အောက်လွှတ်တော်အမတ် မစ္စတာ ဟိရိုမိချိဝါတာနာဘေး၊ ဂျပန်-မြန်မာယဉ်ကျေးမှုမြှင့်တင်ရေးအသင်းဥက္ကဋ္ဌ မစ္စတာ ဖူမီအို အူဆုအိနှင့် အသင်းညွှန်ကြားရေးမှူး မစ္စတာ နာအိုဟီကို တာကခုတို့က ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌထံပေးပို့လာသော သဝဏ်လွှာများကို လွှတ်တော်သို့အသိပေးတင်ပြပြီး မှတ်တမ်းတင်သည်။

ထို့ပြင် ပြည်သူ့လွှတ်တော်နှင့် ကမ္ဘောဒီးယားနိုင်ငံ လွှတ်တော်အကြား ကောင်းမွန်သော ချစ်ကြည်ရင်းနှီးမှု နှစ်နိုင်ငံဆက်ဆံရေးပူးပေါင်းဆောင်ရွက်မှုနှင့် ပတ်သက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံမှ ပေးပို့သောသဝဏ်လွှာအား လက်ခံရရှိသဖြင့် ကမ္ဘောဒီးယား၊ အထက်လွှတ်တော်ဥက္ကဋ္ဌ ဆမ်ဒက်အာခါမိုဟာ ဆီနာပါတိုင်း တဲ့ချိုဟွန်ဆင်ထံမှ ကျေးဇူးတင်ရှိကြောင်း သဝဏ်လွှာပေးပို့လာခြင်းကို လွှတ်တော်သို့ အသိပေးတင်ပြပြီး မှတ်တမ်းတင်သည်။

ယင်းနောက် **တာချီလိတ်မဲဆန္ဒနယ်မှ ဦးကျော်ဇြိမ်းအောင်၏ ပြည်တွင်းအခွန်ဦးစီးဌာန၏ မော်တော်ကား ဝယ်ယူ၊ ရောင်းချခြင်းများအပေါ် အခွန်စည်းကြပ်ရန် စံနှုန်းသတ်မှတ်ထားရှိသည့် ပေါက်ဈေးနှုန်းများထက် ထက်ဝက်ကျော်သော ဈေးနှုန်းထားများဖြင့် ရောင်းဝယ်လုပ်ကိုင်နေခြင်းများအပေါ် သက်ဆိုင်ရာဝန်ကြီးဌာနမှ စီမံကြပ်မတ်ဆောင်ရွက်သွားရန် အစီအစဉ် ရှိ၊ မရှိ၊ အစီအစဉ်မရှိပါက အဘယ့်ကြောင့်နှင့် အစီအစဉ်ရှိပါက မည်သည့်ကာလအပိုင်းအခြားတွင် စီမံဆောင်ရွက်သွားမည်တို့ကို သိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍** ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဟန်ဝင်းအောင်က ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် မော်တော်ယာဉ်များဝယ်ယူခြင်း၊ ရောင်းချခြင်းများအပေါ် အခွန်လွှတ်ကင်းမှုမရှိစေရေးအတွက် မော်တော်ယာဉ်အမျိုးအစား



တာချီလိတ်မဲဆန္ဒနယ်မှ ဦးကျော်ဇြိမ်းအောင်

အလိုက် နှစ်စဉ်စံနှုန်းများ ကြိုတင်ပြုစုသတ်မှတ်ပြီး အခွန်စည်းကြပ်မှုများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ နှစ်စဉ်စံနှုန်းတန်ဖိုးသည်လည်း အခွန်ထမ်းပြည်သူများအတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်စေရေးနှင့် မိမိဆန္ဒအလျောက် အခွန်ပေးဆောင်နိုင်စေရေးတို့အတွက်မော်တော်ယာဉ်အမျိုးအစားအလိုက် တစ်ပြေးညီဖြစ်စေရန်သတ်မှတ်ထားသည့် စံနှုန်းများဖြစ်သဖြင့် မော်တော်ယာဉ်စျေးနှုန်းအတက်အကျ အခြေအနေများအရ ပြင်ပပေါက်စျေးနှင့် စံနှုန်းကွာဟမှုရှိနိုင်ပါကြောင်း။

ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် IDS(IRD Documentation System) စနစ်ကို မြေပြင်တွင်အများဆုံး အရောင်းအဝယ်ဖြစ်နေသည့် မော်တော်ယာဉ်များ၏ထုတ်လုပ်သည့် ခုနှစ်အလိုက် စံနှုန်းတန်ဖိုးများကို အတည်ပြုသတ်မှတ်ထည့်သွင်းဆောင်ရွက်ထားရှိပြီးဖြစ်ပါကြောင်း၊ စံနှုန်းများသတ်မှတ်ရာတွင် မြန်မာ့မော်တော်ယာဉ် ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းရှင်များအသင်းနှင့် မော်တော်ယာဉ်အရောင်းပြခန်းများမှ သတင်းအချက်အလက်များရယူကာ (၆)လတစ်ကြိမ်ပြန်လည်သုံးသပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် ပြည်သူများ ပိုမိုအဆင်ပြေလွယ်ကူစွာ ဆောင်ရွက်နိုင်ရန်နှင့် ပိုမို၍ပွင့်လင်းမြင်သာသည့် စနစ်တစ်ခုဖြစ်စေရန် မော်တော်ယာဉ်တန်ဖိုး အလိုအလျောက် စိစစ်အခွန်တွက်ချက်ပေးဆောင်သည့်စနစ် (Vehicle Automatic Valuation System-VAVS)ကို Online မှတစ်ဆင့် အသုံးပြုနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။ **စာမျက်နှာ ၇ သို့ ●**

● စာမျက်နှာ ၆ မှအဆက်

လင်းခေးမဲဆန္ဒနယ်မှ စိုင်းထွန်းစံ (ခ) စိုင်းဆေဟန်၏ ပြည်တွင်းစက်သုံးဆီ



လင်းခေးမဲဆန္ဒနယ်မှ စိုင်းထွန်းစံ (ခ) စိုင်းဆေဟန်

အရောင်းဆိုင်များတွင် လက်ကျန်ဆီများ ရှိနေပါလျက်နှင့် အကြောင်းပြချက် အမျိုးမျိုးဖြင့် ဈေးနှုန်းချက်ချင်းမြှင့်တင်ပြီး အမြတ်ကြီးစားနေသော ဆီဆိုင်များအား မည်သို့သောထိရောက်သည့် အရေးယူ ဆောင်ရွက်မှုများပြုလုပ်သွားမည်၊ ရှမ်းပြည် အရှေ့ပိုင်းရှိမြို့များတွင် အိမ်နီးချင်းနိုင်ငံ များမှတင်ပို့မှုကန့်သတ်လာပါက ဈေးနှုန်း တည်ငြိမ်စေရန်အတွက် အစိုးရတွင် မည်သို့သောအစီအစဉ်နှင့် အစားထိုး ဝယ်ယူမည့်လမ်းကြောင်းများ ပြင်ဆင် ထားသည်ကိုသိရှိလိုခြင်း၊ စက်သုံးဆီ တင်သွင်း၊ သိုလှောင်၊ ဖြန့်ဖြူးခြင်း လုပ်ငန်းများကော်မတီအနေဖြင့် ဆီဆိုင် များအား ကွင်းဆင်းစစ်ဆေးပြီး အမှန် တကယ်ပြတ်လပ်မှု ရှိ၊ မရှိ၊ မတန်တဆ ဈေးနှုန်းများအားထိန်းညှိပေးရန်အစီအစဉ် ရှိ၊ မရှိနှင့် စီးပွားရေးသမားများ၏ ခေါင်းပုံ ဖြတ်မှုမှ ပြည်သူလူထုကိုကာကွယ်ပေးရန် အတွက် အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှု ဥပဒေအရ ထိရောက်စွာအရေးယူဆောင် ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်းတို့နှင့် စပ်လျဉ်း၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်နိုင်ဝင်းက ဝန်ကြီး ဌာနအနေဖြင့် စက်သုံးဆီများ ပြတ်လပ်မှု မရှိစေရေးနှင့် ဖူလုံမှုရှိစေရန်အစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိသောကြောင့် စက်သုံးဆီပြတ်လပ်မှုမရှိနိုင်ပါကြောင်း၊ ပြည်သူများမှစက်သုံးဆီဝယ်ယူသုံးစွဲရာတွင် အရောင်းဆိုင်များမှ ဈေးတင်ရောင်းချခြင်း များမရှိစေရေးနှင့် ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြင့် ဝယ်ယူသုံးစွဲနိုင်ရေး အတွက် မြို့နယ်များအလိုက် ရည်ညွှန်း လက်လီဈေးနှုန်းများကို စိစစ်တွက်ချက် ပြီး အများပြည်သူသိစေရန် နေ့စဉ်ထုတ် သတင်းစာများတွင် ဖော်ပြပေးလျက်ရှိပါ ကြောင်း။

စက်သုံးဆီအရောင်းဆိုင်များ၏သတ်မှတ် ရည်ညွှန်းဈေးများအတိုင်း ရောင်းချနိုင်ရေး ညွှန်ကြားကြပ်မတ်ဆောင်ရွက်လျက်ရှိပြီး တိုင်ကြားလာမှုများအပေါ် မှန်ကန်ကြောင်း စိစစ်တွေ့ရှိရပါက ဥပဒေနှင့်အညီထိရောက် စွာ အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း၊ ရှမ်းပြည်နယ်အရှေ့ပိုင်းရှိမြို့များတွင် အိမ်နီးချင်းနိုင်ငံများမှ စက်သုံးဆီတင်ပို့မှု ကန့်သတ်လာပါက ဈေးနှုန်းတည်ငြိမ်စေ ရန်အတွက် ပင်လယ်ရေကြောင်းမှတင်သွင်း သည့် စက်သုံးဆီကုမ္ပဏီများမှတစ်ဆင့် စက်သုံးဆီများပြန်လည်ရရှိနိုင်ရေးနှင့် ရန်ကုန်-နေပြည်တော်-တောင်ကြီး-ကျိုင်းတုံ ပြည်ထောင်စုလမ်းမကြီးအတိုင်းသယ်ဆောင် ဖြန့်ဖြူးသွားနိုင်ရေး အစီအမံများဆောင် ရွက်ထားရှိပြီးဖြစ်ကြောင်း၊ ရှမ်းပြည်နယ် အတွင်းရှိစက်သုံးဆီအရောင်းဆိုင်များတွင် အမှန်တကယ် ဆီပြတ်လပ်မှု ရှိ၊ မရှိ ပုံမှန်/ ရှောင်တခင် ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိပြီး မတန်တဆဈေးနှုန်း များဖြင့်ရောင်းချမှုမရှိစေရေးနှင့် စီးပွားရေး သမားများ၏ ခေါင်းပုံဖြတ်မှုမှကာကွယ် ပေးနိုင်ရေး သတင်းစုံစမ်းဖော်ထုတ်ဆောင် ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည် ဖြေကြားသည်။

မိုးနဲမဲဆန္ဒနယ်မှ စိုင်းထွန်းလင်း၏ ရှမ်းပြည်နယ် နမ့်စန်ခရိုင် မိုးနဲမြို့နယ်



မိုးနဲမဲဆန္ဒနယ်မှ စိုင်းထွန်းလင်း

ကျိုင်းတောင်းမြို့အတွင်းရှိ ခမရ (၅၆၉) သို့ ပို့လွှတ်ထားသော ဓာတ်အားလိုင်းမှ အန္တရာယ်ရှိနေသော သစ်လုံးတိုင်များအား ခိုင်ခံ့သည့်ကွန်ကရစ်တိုင်များဖြင့် အမြန်ဆုံး အစားထိုးလဲလှယ်ပေးရန်နှင့် အဆိုပါ ဓာတ်အားလိုင်းအား မြို့ပတ်လမ်းသို့မဟုတ် မြို့ရှောင်လမ်းဘက်မှ လိုင်းလမ်းကြောင်း ပြောင်းလဲသွယ်တန်းပေးရန် အစီအစဉ် ရှိ၊ မရှိ ကြယ်ပွင့်ပြမေးခွန်းနှင့် စပ်လျဉ်း၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးအေးကျော်က ရှမ်းပြည်နယ် မိုးနဲမြို့နယ် ကျိုင်းတောင်းမြို့ ခမရ(၅၆၉) တပ် ရေစက်၏ ၁၁/၀.၄ ကေဗွီ၊ ၅၀ ကေဗွီ အေထရန်စဖော်မာသို့ ဓာတ်အားပေးရန် အတွက် ကျိုင်းတောင်းဓာတ်အားပေးစက်ရုံ ရှိ ၃၃/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေဓာတ်အားခွဲ ရုံမှ ဓာတ်အားပေးထားသော ၁၁ ကေဗွီ ကျိုင်းတောင်းမြို့တွင်းဖီဒါဓာတ်အားလိုင်း မှ ခိုလမ်မြို့အထွက်တွင် ဓာတ်အားလိုင်းခွဲ ထွက်၍ တည်ဆောက်ထားသည့် ၁၁ ကေဗွီ ဓာတ်အားလိုင်းအပိုင်းတွင် ကွန်ကရစ်တိုင် ၇ တိုင်နှင့်သစ်သားတိုင် ၂ တိုင်ဖြင့် သွယ်တန်း တည်ဆောက်ထားခြင်းဖြစ်ပါကြောင်း၊ အဆိုပါသစ်သားတိုင် ၂ တိုင်အား ကွန်ကရစ် တိုင်ဖြင့် အစားထိုးလဲလှယ်ဆောင်ရွက်ပြီး ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

သီပေါမဲဆန္ဒနယ်မှ ဦးကောင်းသက်စံ၏ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် သီပေါမြို့နယ်တွင် လျှပ်စစ်ဓာတ်အားများအား မည်သည့်အချိန်၌ရရှိမည်၊ မည်သို့မည်ပုံခွဲဝေဖြန့်ဖြူးနိုင်မည့်အစီအစဉ် သိရှိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယ ဝန်ကြီး ဦးအေးကျော်က သီပေါမြို့အား တပ်မတော်မှ ပြန်လည်သိမ်းပိုက်ရရှိပြီး နောက် ဝန်ကြီးဌာနမှ အင်ဂျင်နီယာနှင့် ဝန်ထမ်းများသည် ၆၆ ကေဗွီ သီပေါဓာတ် အားခွဲရုံအား ပြုပြင်ခဲ့ရာ ပြီးစီးခဲ့ပြီး ၆၆ ကေဗွီ မန်စံ-သီပေါ ဓာတ်အားလိုင်းကို စစ်ဆေးပြုပြင်ထားပြီးဖြစ်ပါကြောင်း။

သီပေါမြို့အား ယာယီဓာတ်အားပေးရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပိုင်ဆိုင်သော ၆၆၅ ကီလိုဝပ်နှင့် ၁၆၅ ကီလိုဝပ် ဒီဇယ် ဓာတ်အားပေးစက် ၂ လုံးဖြင့် မြို့ပေါ်ဌာန ဆိုင်ရာရုံး ၄၀ တို့အား တစ်နေ့လျှင် ၆ နာရီ ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိပြီး ဓာတ်အားပေးစက်အတွက် လိုအပ်သော စက်သုံးဆီအား ဝန်ကြီးဌာနမှ ပံ့ပိုးပေး လျက်ရှိပါကြောင်း။

သီပေါမြို့ရှိ ၆၆ ကေဗွီ ဓာတ်အားခွဲရုံနှင့် မြို့တွင်းဓာတ်အားဖြန့်ဖြူးပေးမည့်သဘကေဗွီ နှင့် ၄၀၀ ဗို့ ဓာတ်အားလိုင်းများနှင့် ၁၁/၀.၄ ကေဗွီထရန်စဖော်မာများကို ပြန်လည် ပြုပြင်ထားပြီးဖြစ်ပါသဖြင့် သီပေါမြို့အား ၆၆ ကေဗွီ မန်စံ-သီပေါ ဓာတ်အားလိုင်းမှ တစ်ဆင့် ဓာတ်အားပြန်လည်ပေးနိုင်ရေး ကူညီဆောင်ရွက်ပေးနိုင်ပါရန် အတွက် ဝန်ကြီးဌာနမှ အမျိုးသားစည်းလုံးညီညွတ် ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်း ရေးကော်မတီထံသို့ တင်ပြထားရှိပြီး ညှိနှိုင်းမှုများဆောင်ရွက်ပြီးစီးပါက သီပေါ ဓာတ်အားခွဲရုံမှတစ်ဆင့် သီပေါမြို့ပေါ် ရပ်ကွက် ၁၁ ခုအား ဓာတ်အားစနစ်ဖြင့် ဓာတ်အားဖြန့်ဖြူးပေးနိုင်မည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မာန်အောင်မဲဆန္ဒနယ်မှ ဦးကျော်သန်း၏ မာန်အောင်မြို့ လျှပ်စစ်မီးရရှိရေး



မာန်အောင်မဲဆန္ဒနယ်မှ ဦးကျော်သန်း

အတွက် ခအုန်းမော်ကျေးရွာ၌ရှိသော နေရောင်ခြည်စွမ်းအင်သုံးစက်ရုံအား လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန် အတွက် လုပ်ဆောင်ပေးရန် အစီအစဉ် ရှိ၊ မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်ဘဏ္ဍာ ရေးနှစ်တွင် လုပ်ဆောင်ပေးမည်ကိုသိရှိ လိုခြင်းမေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအေးကျော်က ရခိုင်ပြည်နယ်မာန်အောင် မြို့အား ၂၄ နာရီ လျှပ်စစ်ဓာတ်အားဖြန့်ဖြူး နိုင်ရေး မာန်အောင်မြို့ ခအုန်းမော်ကျေးရွာ တွင် PV 500 kW ဆိုလာ၊ ဘက်ထရီနှင့်ဒီဇယ် Hybrid System ဓာတ်အားပေးစက်ရုံ PCS (PV) Panel ရှိ Capacitor ချွတ်ယွင်းမှု၊ Lead Acid Battery များ၏ လျှပ်စစ်သိုလှောင်နိုင် သည့် စွမ်းရည်ကျဆင်းမှုနှင့် 625 KVA Diesel Generator ချွတ်ယွင်းမှုကြောင့် ၂၀၂၂ ခုနှစ် ဇူလိုင်လမှစတင်၍ ဓာတ်အားဖြန့်ဖြူးပေး နိုင်ခြင်းမရှိတော့ပါသဖြင့် ပြန်လည်ပြုပြင် နိုင်ရန် ညှိနှိုင်းခဲ့ပြီး Posco Daewoo Co., Ltd. မှ ပြည်တွင်းရှိ ကုမ္ပဏီဖြစ်သည့် KST Co., Ltd. အား တာဝန်ပေးအပ်ခဲ့ပါ ကြောင်း။



သီပေါမဲဆန္ဒနယ်မှ ဦးကောင်းသက်စံ

ပြုပြင်ခြင်းလုပ်ငန်းများသည် ရခိုင် ပြည်နယ်အတွင်းဖြစ်ပေါ်နေသော နယ်မြေ ဒေသ လုံခြုံရေးအခြေအနေများကြောင့် လုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်ခြင်း မရှိဘဲ ယာယီရပ်ဆိုင်းထားခဲ့ရပါကြောင်း၊ သို့ဖြစ်၍ ဒီဇယ်ဓာတ်အားပေးစက်ဖြင့်သာ ၁-၁-၂၀၂၄ ရက်မှစတင်မောင်းနှင်၍ ဓာတ်အားပြန်လည် ဖြန့်ဖြူးပေးခဲ့ရပြီး လက်ရှိအချိန်တွင် မာန်အောင်မြို့ပေါ် ရပ်ကွက်(၅)ခုနှင့် ကျေးရွာ(၄)ရွာတို့အား အုပ်စု (၄)အုပ်စုခွဲ၍ ညအချိန်တွင် ၁ နာရီခွဲ နှုန်းဖြင့် အလှည့်ကျဓာတ်အားပေးလျက် ရှိပါကြောင်း။

ဆိုလာ၊ ဘက်ထရီနှင့်ဒီဇယ်စက် Hybrid စနစ်ဖြင့် အပြည့်အဝပြန်လည်မောင်းနှင် ဓာတ်အားပေးနိုင်ရန်အတွက် Battery များ အစားထိုးလဲလှယ်ပေးခြင်းလုပ်ငန်း အား ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်သွားမည်ဖြစ်ပြီး အဆိုပါ ဘက်ထရီလဲလှယ်ခြင်း လုပ်ငန်းအား ဆောင်ရွက်ပြီးစီးပါက PV 500 kW ဆိုလာ၊ ဘက်ထရီနှင့် ဒီဇယ် Hybrid System အား မောင်းနှင်၍ မာန်အောင်မြို့အား ပုံမှန် ဓာတ်အားဖြန့်ဖြူးပေးနိုင်မည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

လားရှိုးမဲဆန္ဒနယ်မှ ဒေါက်တာမျိုးထွန်း၏ နိုင်ငံတော်က ရှမ်းပြည်နယ်(မြောက်ပိုင်း)



လားရှိုးမဲဆန္ဒနယ်မှ ဒေါက်တာမျိုးထွန်း

မြို့နယ်များအား စက်သုံးဆီခွဲတမ်း ပြန်လည်ပြီး ချမှတ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိနှင့်ရှိပါကမည်သည့်အချိန် တွင် စက်သုံးဆီခွဲတမ်းပြန်ပေးမည်ကို သိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်နိုင်ဝင်းက ရှမ်းပြည် (မြောက်ပိုင်း) လက်ရှိနယ်မြေအခြေအနေ အရ စက်သုံးဆီပို့ဆောင်မှုအဆင်ပြေ ချောမွေ့ခြင်း ရှိ၊ မရှိနှင့် စက်သုံးဆီများကို မသက်ဆိုင်သည့် အဖွဲ့အစည်းများသို့ မရောက်ရှိစေရေးအတွက် ၁-၂-၂၀၂၆ လားရှိုးမြို့၊ တန့်ယန်းမြို့၊ မိုင်းရယ်မြို့များ သို့ 92 Ron ဓာတ်ဆီလီတာ သုံးသောင်း ခြောက်ထောင်ကျော်၊ ပရီမီယံဒီဇယ် သုံးသောင်းခြောက်ထောင်ကျော်ကို တစ်မြို့ လျှင် (၂)စီးနှုန်းဖြင့် ဆီသယ်ယာဉ် (၆)စီး အား ကနဦးအစီအစဉ်အဖြစ် ရန်ကုန် သီလဝါမှတောင်ကြီး-ဟိုပုံး-လွိုင်လင်-ကျေးသီး-မိုင်းရယ်-တန့်ယန်း-လားရှိုး လမ်းကြောင်းအတိုင်း သယ်ယူခဲ့ရာ ၉-၂-၂၀၂၆ ရက်တွင် သက်ဆိုင်ရာမြို့တို့သို့ ရောက်ရှိခဲ့ပါကြောင်း၊ လမ်းခရီးတွင် အဆင့် ဆင့်ခွင့်ပြုချက်ရယူသွားလာရသည့်အခြေ အနေဖြစ်ပြီး လက်ရှိအခြေအနေတွင် စက်သုံးဆီသယ်ယူမှု အဆင်ပြေချောမွေ့မှု မရှိသေးသည့်အခြေအနေရှိနေသေးကြောင်း သုံးသပ်ရပါသဖြင့် မြန်မာနိုင်ငံ စက်သုံး ဆီတင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်း မှ စက်သုံးဆီဝယ်ယူခွင့် (PO) အား ဆက်လက်ယာယီရပ်ဆိုင်းထားပါကြောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် စက်သုံးဆီ သယ်ယူမှုလမ်းခရီးအခြေအနေချောမွေ့ ကောင်းမွန်မှုရှိချိန်တို့တွင် စက်သုံးဆီ ဝယ်ယူခွင့်(PO)များကို ပြန်လည်ခွင့်ပြုပေး နိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နိုင်ငံတကာဆက်ဆံရေးကော်မတီဖွဲ့စည်း ရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး နိုင်ငံတကာဆက်ဆံရေးကော်မတီကို အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းသွားမည်ဖြစ် ကြောင်းနှင့် နိုင်ငံတကာဆက်ဆံရေး ကော်မတီဥက္ကဋ္ဌအဖြစ် ရပ်စောက်မဲဆန္ဒ နယ်မှ ဒေါက်တာပွင့်ဆန်းနှင့် အတွင်း ရေးမှူးအဖြစ်နန်းယွန်းမဲဆန္ဒနယ်မှဦးယော အေးလှတို့ကို တာဝန်ပေးအပ်ဖွဲ့စည်းသွား မည်ဖြစ်ကြောင်း လွှတ်တော်သို့တင်ပြ သည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဒုတိယ ဥက္ကဋ္ဌက နိုင်ငံတကာဆက်ဆံရေး ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင် ခွင့်၊ သက်တမ်းတို့နှင့်စပ်လျဉ်း၍ ရှင်းလင်း တင်ပြသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ က နိုင်ငံတကာဆက်ဆံရေးကော်မတီ ဖွဲ့စည်းမှုနှင့်ကော်မတီ၏ တာဝန်၊ လုပ်ပိုင် ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့်စပ်လျဉ်း သည့် ရှင်းလင်းတင်ပြချက်များကို လွှတ်တော်၏ အတည်ပြုချက်ရယူရာ လွှတ်တော်က သဘောတူသည့်အတွက် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ အဖြစ် ရပ်စောက်မဲဆန္ဒနယ်မှ ဒေါက်တာ ပွင့်ဆန်း၊ အတွင်းရေးမှူးအဖြစ် နန်းယွန်း မဲဆန္ဒနယ်မှ ဦးယောအေးလှအပါအဝင် အဖွဲ့ဝင် ၁၅ ဦးဖြင့် တာဝန်ပေးအပ်ဖွဲ့စည်း ကြောင်းနှင့် နိုင်ငံတကာဆက်ဆံရေး ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့ကို လွှတ်တော်ကအတည် ပြုကြောင်း ကြေညာသည်။

ယင်းနောက် တတိယအကြိမ် ပြည်သူ့ လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့ကို ရပ်နားလိုက်ပြီး အစည်း အဝေးဒုတိယနေ့ကို ဇွန်လ ၃ ရက် နံနက် ၁၀ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **မြဝတီ**

တတိယအကြိမ်အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့ကျင်းပ

နေပြည်တော် ဇွန် ၂

တတိယအကြိမ်အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင်အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးအောင်လင်းဌေး ရှေ့မှောက်၌ ကတိသစ္စာမပြုရသေးသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးက ကတိသစ္စာပြုပြီး ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးသည်။

ထို့နောက် တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့သို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးရေစုစုပေါင်း ၂၀၉ ဦး ရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၂၀၈ ဦးတက်ရောက်သဖြင့် ထက်ထက်ကျော်သည့်အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာကာ အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားရာတွင် ယခု ဒုတိယပုံမှန်အစည်းအဝေးကာလတွင် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ မေးခွန်းများ မေးမြန်းခြင်း၊ အဆိုတင်သွင်းဆွေးနွေးခြင်း၊ ဥပဒေကြမ်းများ စိစစ်ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ဆောင်ရွက်ရာတွင် မိမိတို့နိုင်ငံတော်၊ နိုင်ငံသား တိုင်းရင်းသားပြည်သူလူထု၏ အကျိုးဖြစ်ထွန်းစေမှုကို ဦးတည်ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ လွှတ်တော်အစည်းအဝေးများတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများ၊ ကန့်သတ်ချက်များ၊ လုပ်ထုံးလုပ်နည်းများကို သိရှိလိုက်နာဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

တတိယအကြိမ်လွှတ်တော် ပထမပုံမှန်အစည်းအဝေးမှပေါ်ပေါက် ဖွဲ့စည်းခဲ့သည့် နိုင်ငံတော်အစိုးရအဖွဲ့သည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူတို့၏ လူမှုစီးပွားဘဝမြှင့်တင်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးကိစ္စရပ်များကို အားသွန်ခွန်စိုက် ဆောင်ရွက်နေကြသည်ကို ကိုယ်စားလှယ်များအနေဖြင့် တွေ့မြင်သိရှိပြီးဖြစ်ကြောင်း၊ ယခုကဲ့သို့ ဆောင်ရွက်ရာတွင် ပိုမိုထိရောက်စေရန်၊ ပြည်သူလူထုအတွက် အမှန်တကယ် အကျိုးရှိစေရန် လွှတ်တော်ကိုယ်စားလှယ်များက ပြည်သူလူထု၏ အသံ၊ ဆန္ဒများနှင့် ပေါင်းစပ်ပြီးဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ သို့မှသာ အုပ်ချုပ်ရေးမဏ္ဍိုင်က ဆောင်ရွက်နေသည့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများသည် ထိရောက်မြန်ဆန်လာမည်ဖြစ်ကြောင်း။



တတိယအကြိမ်အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့ကျင်းပစဉ်။

အမျိုးသားလွှတ်တော်အတွက် အခြားသောရေးရာကိစ္စရပ်များ လေ့လာရန်လိုအပ်ယည့်ရေးရာကော်မတီများကိုလည်း လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရေးရာကော်မတီများသည်မိမိတို့၏ရေးရာကိစ္စရပ်များအလိုက် ကော်မတီလုပ်ငန်းများကို သတ်မှတ်ပေးထားသည့် တာဝန်နှင့် လုပ်ပိုင်ခွင့်များအတိုင်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ကော်မတီများအနေဖြင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်း၊ အခြားသောအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ရာတွင် ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေများအတိုင်း တိတိကျကျလိုက်နာပြီး ဆက်သွယ်ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ကော်မတီ၏လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်းသည် နိုင်ငံတော်နှင့် ပြည်သူလူထုအကျိုးကို ဦးတည်ဆောင်ရွက်နေခြင်းဖြစ်သည်ကိုလည်း သတိပြုရမည်ဖြစ်ကြောင်း။

ယခုကျင်းပမည့် ဒုတိယပုံမှန်အစည်းအဝေးကာလအတွင်း အရေးကြီးသည့် ဥပဒေကြမ်းတစ်ခုကို အတည်ပြုနိုင်ရေး တင်သွင်းဆွေးနွေးသွားရန် ရှိကြောင်း၊ ယင်းဥပဒေကြမ်းသည် အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ ဥပဒေကြမ်းဖြစ်ကြောင်း၊ ယင်းဥပဒေကြမ်းကို ပြည်ထဲရေးဝန်ကြီးဌာနမှ ပြည်ထောင်စုအစိုးရက တစ်ဆင့်ပြည်ထောင်စုလွှတ်တော်သို့ပေးပို့ခဲ့ပြီး အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးအတည်ပြုရမည် ဖြစ်ကြောင်း၊ ကမ္ဘာတစ်ဝန်းကြုံတွေ့နေရသည့် အွန်လိုင်းလိမ်လည်မှုများကို မြန်မာနိုင်ငံအနေဖြင့် ထိထိရောက်ရောက် တိုက်ဖျက်နိုင်ရေးအတွက် ယင်းဥပဒေကြမ်းကို ကိုယ်စားလှယ်များက အလေးအနက်ထားဆွေးနွေးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူလူထု၏ လူမှုစီးပွားဘဝမြှင့်တင်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးကိစ္စရပ်များ အရှိန်အဟုန်ဖြင့် တိုးတက်အောင်မြင်စေရန်အတွက် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ပြည်သူလူထု၏ အသံ၊ ဆန္ဒများနှင့် ထင်ဟပ်ပြီး ဥပဒေပြုရေးမဏ္ဍိုင်အနေဖြင့် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်၊ လုပ်ငန်းရပ်များကို ဆောက်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ကမ္ဘောဒီးယားနိုင်ငံ အထက်လွှတ်တော်ဥက္ကဋ္ဌ ဆမ်ဒက် အာခါ မိုဟာဆီနာပါတိုင်းတဲ့ချို ဟွန်ဆင်၊ ထိုင်းနိုင်ငံ အထက်လွှတ်တော်ဥက္ကဋ္ဌ မစ္စတာ မွန်ကွန်းစူရစစ်ဂျာ၊ ဂျပန်-မြန်မာပါလီမန်ချစ်ကြည်ရေးအသင်းဒုတိယဥက္ကဋ္ဌ၊ ဂျပန်နိုင်ငံ အောက်လွှတ်တော်အမတ် မစ္စတာ ဟိရိုမိချိဝါတာနာဘေး၊ ဂျပန်-မြန်မာယဉ်ကျေးမှုမြှင့်တင်ရေးအသင်းဥက္ကဋ္ဌ မစ္စတာ ဖူမီအို အူဆုအိန္ဒ် အသင်းညွှန်ကြားရေးမှူး မစ္စတာနာအိုဟိကိုတာကခုတို့က အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံသို့ပေးပို့လာသော ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာများကို လွှတ်တော်သို့တင်ပြပြီး မှတ်တမ်းတင်သည်။

ထို့နောက်အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ၂၀၁၂ ခုနှစ် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၇၊ ၂၀၁၅ ခုနှစ် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၆ နှင့် ၁၀၇ တို့အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ နိုင်ငံတကာဆက်ဆံရေးကော်မတီကို ၂၀၂၆ ခုနှစ် ဧပြီလ ၂၄ ရက် လွှတ်တော်ရပ်နားထားစဉ်ကာလအတွင်း လုပ်ငန်းလိုအပ်ချက်အရ ဆောင်ရွက်ရန်များရှိသည့်အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ၁၅ဦးဖြင့် ဖွဲ့စည်းခဲ့ပါကြောင်း၊ အဆိုပါ နိုင်ငံတကာဆက်ဆံရေး ကော်မတီတွင် ကော်မတီဥက္ကဋ္ဌအဖြစ် ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၁၀)မှ ဦးချစ်ဆွေ၊ အတွင်းရေးမှူးအဖြစ် ချင်းပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၉)မှ ဦးအောင်မင်းနိုင် တို့အပါအဝင် အဖွဲ့ဝင် ၁၅ ဦး၏ အမည်စာရင်း၊ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို အမျိုးသားလွှတ်တော်၏ အတည်ပြုချက်ရယူရာသဘောတူသဖြင့် နိုင်ငံတကာဆက်ဆံရေးကော်မတီဖွဲ့စည်းကြောင်းနှင့် ကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို အမျိုးသားလွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက်တတိယအကြိမ်အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ဒုတိယနေ့ကို ဇွန်လ ၃ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

နေပြည်တော် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုကောင်းမွန်သောမြို့၊ ကျေးရွာနှင့် သန့်ရှင်း၍ စိမ်းလန်းစိုပြည်သော ကျောင်းဆုများ ပေးအပ်ချီးမြှင့်

နေပြည်တော် ဇွန် ၂

နေပြည်တော် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုကောင်းမွန်သောမြို့၊ ကျေးရွာနှင့် သန့်ရှင်း၍ စိမ်းလန်းစိုပြည်သော ကျောင်းဆုများ ပေးအပ်ချီးမြှင့်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီရုံး ဇမ္ဗူသီရိခန်းမ၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်း၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာများ၊ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့် ပညာရေးမှူးများ၊ ဆုရကျောင်းများမှ ကျောင်းအုပ်ဆရာ၊ ဆရာမကြီးများ၊ ဂုဏ်ပြုဆုရရှိသည့် သက်ဆိုင်ရာမြို့၊ ကျေးရွာများမှ အုပ်ချုပ်ရေးမှူးများ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်းက အမှာစကားပြောကြားပြီး နေပြည်တော် ကောင်စီဝင်များ၊ တာဝန်ရှိသူများနှင့်အတူ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုကောင်းမွန်သောမြို့၊ ကျေးရွာဆုနှင့်သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်းဆု (Clean and Green School Award) ရကျောင်းများအား ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုကောင်းမွန်သောမြို့ ပထမဆု၏ ပြိုင်ပွဲဝင် Video Clip နှင့်သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်းဆု(Clean and Green School Award) ပထမဆုရရှိခဲ့သည့် အထက်တန်းကျောင်း၏ ပြိုင်ပွဲဝင် Video Clip များကို ပြသခဲ့ကြောင်း သတင်းရရှိသည်။



ပုဗ္ဗသီရိ(ပြန်/ဆက်)

နေရာကွက်၍ မိုးကြိုးနိုင်

နေပြည်တော် ဇွန် ၂

မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) တို့တွင် နေရာကျဲကျဲ၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်၍မိုးကြိုးနိုင်သည်။ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

(မိုး/၈လ)

၂၀၂၆ ခုနှစ် ဇွန်လ (ပထမ)ဆယ်ရက်ပတ်အတွက် စိုက်ပျိုးရေးမိုးလေဝသခန့်မှန်းချက်

နေပြည်တော် ဇွန် ၂

ဘင်္ဂလားပင်လယ်အော်အခြေအနေ

အနောက်တောင်မုတ်သုံလေသည် ဇွန်လ ၁ ရက်မှ ၅ ရက်အတွင်း မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ဝင်ရောက်နိုင်သည်။ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း(၁)ကြိမ်ဖြစ်ပေါ်နိုင်သည်။ ယင်းကာလအတွင်း အနောက်တောင်မုတ်သုံလေသည် အားအသင့်အတင့်မှ အားကောင်းနိုင်သည်။ ဘင်္ဂလားပင်လယ်မြောက်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

မိုးရွာသွန်းနိုင်မှုအခြေအနေ

တနင်္သာရီတိုင်းဒေသကြီး၊ကယားပြည်နယ်၊မွန်ပြည်နယ်နှင့်ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့်ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

အမြင့်ဆုံးအပူချိန်အခြေအနေ

ကယားပြည်နယ်၊ချင်းပြည်နယ်နှင့်ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်တောင်ပိုင်း)တို့တွင် ၇၈ ဒီဂရီဖာရင်ဟိုက်မှ ၈၉ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့်ရှမ်းပြည်နယ်အရှေ့ပိုင်းတို့တွင် ၉၀ ဒီဂရီဖာရင်ဟိုက်မှ ၁၀၁ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

အနိမ့်ဆုံးအပူချိန်အခြေအနေ

ချင်းပြည်နယ်တွင် ၅၆ ဒီဂရီဖာရင်ဟိုက်ခန့်၊ ကယားပြည်နယ်နှင့်ရှမ်းပြည်နယ်တို့တွင် ၆၃ ဒီဂရီဖာရင်ဟိုက်မှ ၇၂ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၇၃ ဒီဂရီဖာရင်ဟိုက်မှ ၈၂ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

လေထုစိုထိုင်းဆအခြေအနေ

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၇၀ ရာခိုင်နှုန်းမှ ၈၁ ရာခိုင်နှုန်းအတွင်းနှင့် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၈၂ ရာခိုင်နှုန်းမှ ၉၃ ရာခိုင်နှုန်းအတွင်း အသီးသီးရှိနိုင်သည်။

ပင်ငွေ့ရေငွေ့ဖျံနှုန်းအခြေအနေ

ပဲခူးတိုင်းဒေသကြီးတောင်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့်ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၂၅ မီလီမီတာမှ ၃၄ မီလီမီတာအတွင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်းနှင့် အနောက်ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် ၃၅ မီလီမီတာမှ ၄၄ မီလီမီတာအတွင်းနှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့်စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် ၄၅ မီလီမီတာမှ ၅၄ မီလီမီတာအတွင်း အသီးသီးရှိနိုင်သည်။

မြေဆီလွှာအောင်းရေအခြေအနေ

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်းနှင့်တောင်ပိုင်း)၊ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့်ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် (ပြည့်ဝ)အခြေအနေ၊ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကယားပြည်နယ်နှင့်ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် (စိုစွတ်)အခြေအနေနှင့် မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ချင်းပြည်နယ်တို့တွင် (ခြောက်သွေ့)အခြေအနေ အသီးသီးရှိနိုင်သည်။ (မိုး/၈လ)

ပဲခူးမြို့၌ နွေရာသီအနုပညာသင်တန်း(အတီးဘာသာရပ်)သင်တန်းဆင်းပွဲကျင်းပ

ပဲခူး ဇွန် ၂

၂၀၂၆ ခုနှစ် တတိယအကြိမ်မြောက် နွေရာသီအနုပညာသင်တန်း(အတီးဘာသာရပ်) သင်တန်းဆင်းပွဲအခမ်းအနားကို ပဲခူးမြို့ မြို့တော်ခန်းမ၌ ယနေ့မွန်းလွဲပိုင်းတွင်ကျင်းပရာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းတက်ရောက်ချီးမြှင့်သည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က သင်တန်းဆင်း အမှာစကားပြောကြားပြီး ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ဥပဒေချုပ် ဦးခင်မောင်တင့်က သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် နွေရာသီအနုပညာသင်တန်း(အတီးဘာသာရပ်) သင်တန်းသား၊ သင်တန်းသူများက“ဂီတဗိမ္မာန်” သီချင်းဖြင့်လည်းကောင်း၊ စောင်း၊ တယောဘာသာရပ် သင်တန်းသား၊ သင်တန်းသူများက “မြူမှောင်ဝေကင်း” သီချင်းဖြင့်လည်းကောင်း၊ မယ်ဒလင်၊ မြန်မာဂီတာ၊ ဒုံမင်း၊ နှဲ၊ ပလွေ ဘာသာရပ်သင်တန်းသား၊ သင်တန်းသူများမှ “မေတ္တာရွှေရည်” သီချင်းဖြင့်လည်းကောင်း၊ စန္ဒရားဘာသာရပ်သင်တန်းသား၊ သင်တန်းသူများက “မပြီးသေးသော ပန်းချီကား”သီချင်းဖြင့်လည်းကောင်း စုပေါင်းသီဆိုဖျော်ဖြေတင်ဆက်ခဲ့ကြသည်။



ယင်းနောက် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ကရင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောလင်းအောင်က နွေရာသီအနုပညာသင်တန်း သင်တန်းသား၊ သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်ပေးအပ်ခဲ့သည်။ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်က ဗဟိုအကဲဖြတ်ဒိုင်နည်းပြများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခဲ့ကြသည်။

အဆိုပါ ၂၀၂၆ ခုနှစ် တတိယအကြိမ်မြောက် နွေရာသီအနုပညာသင်တန်း(အတီးဘာသာရပ်) သင်တန်းကို မေလ ၅ရက်မှ ၃၁ရက်အထိ ဖွင့်လှစ်သင်ကြားခဲ့ခြင်းဖြစ်ပြီး သင်တန်းသား၊ သင်တန်းသူ ၉၂ ဦး တက်ရောက်ကာ ကျွမ်းကျင်ဝါရင့်နည်းပြပညာရှင်ဆရာများက စောင်း၊ တယော၊ မယ်ဒလင်၊ မြန်မာဂီတာ၊ ဒုံမင်း၊ နှဲ၊ ပလွေ၊ စန္ဒရား ဘာသာရပ်များကို သင်ကြားပေးကြောင်း သိရသည်။ (၄၁၀)

ကဏ္ဍစုံမှာ ဂုဏ်တင့်စွာ

- နိုင်ငံတော် တိုးတက်ရေး ကြံစည်တွေး ဦးဆောင်ကာ။ မြန်မာနှင့် အိန္ဒိယ ချစ်ကြည်လှတာ။ အနာဂတ်အတွက် သာသာယာယာ ရှည်ကြာစွာ ဖွံ့ဖြိုးရေး။ နှစ်နိုင်ငံ ခေါင်းဆောင်နှစ်ဦး ထူးလှတယ်လေး။
- မြန်မာနှင့် အိန္ဒိယ ညီတူမျှ ဆွေရင်းချာ။ ငြိမ်းချမ်းစွာ တူယှဉ်တွဲ နေမြဲသာယာ။ နှစ်ပေါင်းရယ်တဲ့ လွန်ရှည်ကြာ မိတ်သဟာ လွန်ပီသ။ စီးပွားရေး ရင်းနှီးမြှုပ်နှံမှု ပြုရွှက်ဆောင်ကြ။
- တို့မြန်မာ တို့သမ္မတ တက်ကြွလို့ ရွှင်လန်းစွာ။ အိန္ဒိယ မြန်မာချစ်ကြည်ရေး လေးနက်စေမှာ။ အိမ်နီးချင်းကောင်း ပီသစွာ ခွန့်ရှည်ကြာ ခိုင်မြဲရေး။ ကဏ္ဍစုံ ပူးပေါင်းမြှင့်လို့ ဂုဏ်တင့်တယ်လေး။ ။

မန္တလာကိုကိုဝင်း

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၃-၆-၂၀၂၆ (ဗုဒ္ဓဟူးနေ့)

၁။	၀၆:၀၃	တရားတော်
၂။	၀၇:၁၀	ကိုယ်လက်လှုပ်ရှားအားကစား
၃။	၀၈:၃၀	မောင်မယ်လေးများသိစေချင်
၄။	၁၀:၃၀	စိုက်ပျိုးသုတ
၅။	၁၂:၁၅	လေးစားအတုယူစံနမူနာရဲကောင်းများ
၆။	၁၃:၅၀	ကမ္ဘာ့ရေးရာမှတ်သားစရာ
၇။	၁၅:၃၀	ဆောင်းပါးပေါ်မှစာစုများ
၈။	၁၆:၅၀	Sport Review
၉။	၁၇:၃၀	မွေးမြူသုတ
၁၀။	၂၀:၀၀	မြဝတီရုပ်မြင်သံကြားသတင်း

သဘာဝပတ်ဝန်းကျင်စိမ်းလန်းဖို့၊ သစ်ပင် ပန်းပင်စိုက်ပျိုးစို့။

မောပန်းခြင်းဝေဒနာနောက်ကွယ်က ကျန်းမာရေးသတိပေးချက်များနှင့် သိမှတ်ဖွယ်ရာများ

ယခုရက်ပိုင်းအတွင်း အသက်အရွယ်ကြီးသူများ၊ လူငယ်လူရွယ်များသာမက ရောဂါအခံရှိသူများပါ မကျန် မောပန်းလွယ်ခြင်း၊ အသက်ရှူမဝခြင်း၊ အနည်းငယ်လှုပ်ရှားရုံဖြင့် မောဟိုက်ခြင်း စသည့်လက္ခဏာများကိုတွေ့ကြုံကာ ဆေးခန်းသို့ရောက်လာတတ်ကြသည်။

မောခြင်းသည် ခန္ဓာကိုယ်အတွင်းရှိ အရေးကြီးသောအင်္ဂါအစိတ်အပိုင်းများ၏ အချက်ပေးစနစ်တစ်ခုဖြစ်နေနိုင်သည်။ အဆုတ်၊ နှလုံး၊ သွေးကြောများနှင့် စိတ်ပိုင်းဆိုင်ရာချို့ယွင်းချက်များကြောင့် မောနေနိုင်သဖြင့် မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိသားစုဝင်များသော်လည်းကောင်း မောပန်းခြင်းခံစားလာရပါက မပေါ့ဆဘဲ သတိပြုသင့်သည်။ အသက်အရွယ်မရွေး မောပန်းခြင်းကိုဖြစ်စေသော အဓိကအကြောင်းရင်းများစွာရှိသည်။

အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ

-ပန်းနာ၊ ရင်ကျပ်ရောဂါဆိုးရွားလာခြင်း။ ပန်းနာ၊ ရင်ကျပ်ရောဂါဆိုးရွားလာသောအခါ ရင်ကျပ်ရောဂါအခံရှိသူများ၏ လေပြွန်များကို ရုတ်တရက်ကျဉ်းမြောင်းသွားစေပြီး လေပြွန်ရောင်ရမ်းမှုကို ပိုမိုဆိုးရွားစေသည်။ ပန်းနာ၊ ရင်ကျပ်ရောဂါဆိုးရွားလာချိန်တွင် ရုတ်တရက်မောဟိုက်လာခြင်း၊ တရှိရှိမြည်သံများကြားလာရခြင်းတို့ခံစားရတတ်သည်။

-နာတာရှည်အဆုတ်နှင့် လေပြွန်ရောင်ရောဂါ။ ဆေးလိပ်သောက်သူများနှင့် အသက်ကြီးပိုင်းများတွင်အဖြစ်များသည့် နာတာရှည်အဆုတ်နှင့်လေပြွန်ရောင်ရောဂါအခံရှိသူများသည် အဆုတ်နှင့်လေပြွန်ရောင်နေခြင်းကြောင့် အဆုတ်အတွင်း လေဝင်လေထွက်မကောင်းတော့ဘဲ အမြဲတမ်းမောပန်းနွမ်းနယ်နေတတ်သည်။

- အဆုတ်ရောင်ခြင်းနှင့်ပိုးဝင်ခြင်း။ အသက်ရှူလမ်းကြောင်းအတွင်း ဗိုင်းရပ်စ်နှင့်ဗက်တီးရီးယားပိုးများဝင်ရောက်ကာ အဆုတ်ရောင်ခြင်း၊ လေပြွန်ရောင်ခြင်းများဖြစ်ပွားပါက ခန္ဓာကိုယ်အတွက် လုံလောက်သော အောက်ဆီဂျင်ကို ဖလှယ်ခြင်းမပြုနိုင်တော့ဘဲ ပြင်းထန်စွာမောပန်းလာရသည်။

နှလုံးနှင့် သွေးကြောဆိုင်ရာရောဂါများ

-နှလုံးစွမ်းဆောင်ရည်ကျဆင်းခြင်း။ နှလုံးသည် ခန္ဓာကိုယ်အနှံ့သို့ သွေးညှစ်ထုတ်ပေးသည့် ပန့်စက်တစ်ခုဖြစ်သည်။ နှလုံးကြွက်သားများ အားနည်းလာသောအခါ သွေးကိုထိရောက်စွာမညှစ်ထုတ်နိုင်တော့ဘဲ အဆုတ်ထဲတွင် သွေးများအိုင်လာတတ်သည်။ ထို့ကြောင့် လူပ်ရှားလိုက်လျှင်သော်လည်းကောင်း၊ လဲအိပ်လိုက်လျှင်သော်လည်းကောင်း ပြင်းထန်စွာမွန်းကျပ်လာတတ်သည်။

-နှလုံးသွေးကြောကျဉ်းရောဂါ။ နှလုံးကြွက်သားများသို့ သွေးပို့လွှတ်သည့် သွေးကြောများကျဉ်းမြောင်းလာသောအခါ နှလုံးဆီသို့ အောက်ဆီဂျင်လုံလောက်စွာမရောက်ရှိတော့ဘဲ အလုပ်လုပ်လျှင်သော်လည်းကောင်း၊ လမ်းလျှောက်လျှင်သော်လည်းကောင်း ရင်ဘတ်အောင့်ခြင်းနှင့်အတူ အသက်ရှူရခက်ခဲပြီး မောဟိုက်လာတတ်သည်။

-သွေးတိုးရောဂါ။ သွေးဖိအားအလွန်အမင်းမြင့်မားလာပါက နှလုံးက ပိုမိုအလုပ်လုပ်ရသဖြင့် ရေရှည်တွင် နှလုံးကြွက်သားများထူထဲလာပြီး မောပန်းလွယ်ခြင်း၊ ရင်တုန်ခြင်းများကို ခံစားလာရသည်။

အထွေထွေကျန်းမာရေးဆိုင်ရာ ပြဿနာများ

-သွေးအားနည်းရောဂါ။ သွေးတွင်းရှိ အောက်ဆီဂျင် သယ်ဆောင်ပေးသည့် ဟေမိုဂလိုဘင်နည်းပါးနေပါက ခန္ဓာကိုယ်ရှိ တစ်သျှူးများနှင့် အင်္ဂါအစိတ်အပိုင်းများဆီသို့ အောက်ဆီဂျင် လုံလောက်စွာမရောက်ရှိတော့ပေ။ ထိုအခါ အနည်းငယ်လှုပ်ရှားရုံဖြင့် အသက်ရှူမဝဘဲ မောပန်းလွယ်လာရသည်။ လူငယ်များနှင့်အမျိုးသမီးများတွင် ဤအချက်ကြောင့် မောပန်းခြင်းကို အများဆုံးခံစားကြရသည်။

-သိုင်းရွိုက်ဟော်မုန်း ပုံမှန်မဟုတ်ခြင်း။ သိုင်းရွိုက်ဟော်မုန်းအထွက်လွန်ကဲခြင်းဖြစ်ပါက ခန္ဓာကိုယ်၏ဇီဝကမ္မဖြစ်စဉ်များ မြန်ဆန်လာပြီး နှလုံးခုန်နှုန်းအလွန်မြန်လာကာ ငြိမ်ငြိမ်နေလျှင်ပင် မောပန်းခြင်းကို ခံစားရတတ်သည်။

-ကိုယ်လက်လှုပ်ရှားမှုနည်းပါးခြင်း။ ရောဂါမရှိဘဲ မောရခြင်း၏ အဓိကအကြောင်းရင်းတစ်ခုဖြစ်သည်။ ကိုယ်လက်လှုပ်ရှားမှုလုံးဝမရှိဘဲ ထိုင်ရုံ၊ အိပ်ရုံသာ နေထိုင်သူများတွင် ကြွက်သားများနှင့် နှလုံးစနစ်က မလှုပ်ရှားတော့သဖြင့် လေ့ကားတက်ခြင်း သို့မဟုတ် လမ်းအနည်းငယ်လျှောက်ခြင်းပြုလုပ်ရုံဖြင့် အမောဖောက်လာတတ်သည်။

စိတ်ကျန်းမာရေးဆိုင်ရာအချက်များ

-စိတ်ဖိစီးမှုနှင့် စိုးရိမ်ပူပန်မှုလွန်ကဲခြင်း။ မောပန်းခြင်းဝေဒနာသည် ခန္ဓာကိုယ်ရောဂါကြောင့်တင်မကဘဲ စိတ်ကြောင့်လည်း ဖြစ်ပွားနိုင်သည်။ ပြင်းထန်သော စိတ်ဖိစီးမှု သို့မဟုတ် တွေးတောပူပန်မှု များပြားလာသောအခါ ခန္ဓာကိုယ်က အသက်ရှူနှုန်းကို ရုတ်တရက်မြှင့်တင်လိုက်သဖြင့် အသက်ကို မြန်မြန်နှင့် တိုတို ရှူမိတတ်ကြသည်။ ယင်းကို Hyperventilation ဟုခေါ်ပြီး သွေးတွင်းကာဗွန်ဒိုင်အောက်ဆိုက်မာတ် နည်းပါးသွားကာ လက်ဖျားခြေဖျားထုံကျဉ်ခြင်းနှင့်အတူ အသက်ရှူမဝဘဲ မွန်းကျပ်ခြင်းတို့ဖြစ်ပေါ်လာတတ်သည်။

မောပန်းခြင်းကို ရုတ်တရက်မောခြင်းနှင့် နာတာရှည်မောခြင်းဟူ၍ အမျိုးအစားခွဲခြားနိုင်သည်။

ရုတ်တရက်မောခြင်း

ရုတ်တရက်မောခြင်းဆိုသည်မှာ ယခင်က ပုံမှန်အတိုင်း ကောင်းမွန်နေပြီးမှ မိနစ်ပိုင်း သို့မဟုတ် နာရီပိုင်း၊ ရက်ပိုင်းအတွင်း မောပန်းခြင်းဝေဒနာ စတင်ခံစားလာရခြင်းကို ဆိုလိုသည်။ ဤအမျိုးအစားသည် ခန္ဓာကိုယ်အတွင်း အရေးပေါ်အသက်အန္တရာယ်ရှိနိုင်သည့်အခြေအနေတစ်ခုကို ပြသနေခြင်းဖြစ်သဖြင့် အချိန်ဆွဲ၍မရဘဲ အရေးပေါ်ဆေးကုသမှုခံယူရန် လိုအပ်သည်။

နာတာရှည်မောခြင်း

နာတာရှည်မောခြင်းဆိုသည်မှာ မောပန်းခြင်းဝေဒနာသည် တစ်ရက်၊ နှစ်ရက်မျှသာမဟုတ်ဘဲ ရက်သတ္တပတ်အတော်ကြာအောင်(အနည်းဆုံးတစ်လ သို့မဟုတ် ထိုထက်မက) တဖြည်းဖြည်း ပိုမိုဆိုးရွားလာခြင်းဖြစ်သည်။ အစပိုင်းတွင် လေ့ကားတက်လျှင်၊ အမြင့်သို့တက်လျှင်သာ မောတတ်သော်လည်း နောက်ပိုင်းတွင် အဝတ်လဲခြင်း၊ ထမင်းစားခြင်းကဲ့သို့ သာမန်ကိစ္စများ၌ပင် မောပန်းတတ်လာသည်။

မောပန်းခြင်းဝေဒနာခံစားရပါက ဆောင်ရန်၊ ရှောင်ရန်များနှင့် ရှေးဦးပြုစုစောင့်ရှောက်နည်းများ

မိမိကိုယ်တိုင် သို့မဟုတ် မိသားစုဝင်တစ်ဦး မောပန်းခြင်းဝေဒနာ စတင်ခံစားလာရပါက ဆေးရုံ၊ ဆေးခန်းသို့မရောက်ရှိမီ စနစ်တကျပြုစုစောင့်ရှောက်တတ်ရန် အလွန်အရေးကြီးသည်။ မှန်ကန်သော ရှေးဦးပြုစုမှုသည် လူနာ၏အသက်အန္တရာယ်ကို

-မိမိကိုယ်တိုင် သို့မဟုတ် မိသားစုဝင်တစ်ဦး မောပန်းခြင်းဝေဒနာ စတင်ခံစားလာရပါက ဆေးရုံ၊ ဆေးခန်းသို့မရောက်ရှိမီ စနစ်တကျပြုစုစောင့်ရှောက်တတ်ရန် အလွန်အရေးကြီးသည်။ မှန်ကန်သောရှေးဦးပြုစုမှုသည် လူနာ၏အသက်အန္တရာယ်ကို ကာကွယ်ပေးနိုင်သကဲ့သို့ မှားယွင်းသောပြုစုမှုများသည်လည်း ဝေဒနာကို ပိုမိုဆိုးရွားသွားစေနိုင်သည်။

-မောပန်းခြင်းဝေဒနာဟူသည် သာမန်ပင်ပန်းနွမ်းနယ်မှုတစ်ခုမျှသာမဟုတ်ဘဲ ခန္ဓာကိုယ်အတွင်းရှိ အသက်ရှူလမ်းကြောင်း၊ အဆုတ်၊ နှလုံးနှင့် သွေးကြောစနစ်များက မိမိအား အန္တရာယ်ရှိနေပြီဖြစ်ကြောင်း သတိပေးချက်တစ်ခုဖြစ်သည်။

ကာကွယ်ပေးနိုင်သကဲ့သို့ မှားယွင်းသော ပြုစုမှုများသည်လည်း ဝေဒနာကို ပိုမိုဆိုးရွားသွားစေနိုင်သည်။

အမောသက်သာစေမည့်အနေအထားများ ပြင်ဆင်ပေးခြင်း

လူနာမောလာပါက လဲအိပ်ခိုင်းခြင်းသည် အဆုတ်ကို ပိုမိုဖိသိပ်သကဲ့သို့ဖြစ်စေပြီး အမောကို ပိုဆိုးစေတတ်သည်။ ထို့ကြောင့် အောက်ပါအနေအထားများကို ပြင်ဆင်ပေးရပါမည်။

-ထိုင်လျက်အနေအထား။ လူနာကို ခုတင်သို့မဟုတ် ကုလားထိုင်ပေါ်တွင် မတ်မတ်ထိုင်ခိုင်းပြီး ကျောကို ခေါင်းအုံးနှစ်လုံး၊ သုံးလုံးဖြင့် မှီထားပေးရမည်။ ဤအနေအထားသည် ရင်ဝမ်းခြားကြွက်သားကို အောက်သို့နိမ့်ဆင်းသွားစေသဖြင့် အသက်ရှူရပိုမိုလွယ်ကူစေသည်။

-ရှေ့သို့ကိုင်းထိုင်ခြင်း။ လူနာကို ခုံတစ်ခုတွင် ထိုင်ခိုင်းပြီး ရှေ့ရှိ စားပွဲပေါ်တွင် ခေါင်းအုံးတင်ကာ လက်နှစ်ဖက်ကိုထောက်လျက် ရှေ့သို့အနည်းငယ် ကိုင်းပေးထားခြင်းဖြစ်သည်။ အသက်ရှူလမ်းကြောင်းကြွက်သားများကို အားဖြည့်ပေးသဖြင့် အသက်ရှူမဝသူများအတွက် အလွန်သက်သာစေသည်။

မှန်ကန်သော အသက်ရှူနည်းစနစ်ကို လေ့ကျင့်ပေးခြင်း

မောလာသောအခါ လူနာသည် စိုးရိမ်စိတ်ကြောင့် အသက်ကို မြန်မြန်နှင့် တိုတိုရှူမိတတ်ရာ အမောကို ပိုဆိုးစေသည်။ ထို့ကြောင့် လူနာကို စိတ်ငြိမ်ငြိမ် ထားရန်အားပေးပြီး အောက်ပါအတိုင်း ရှူခိုင်းရမည်။

နာခေါင်းမှတစ်ဆင့် လေကို ဖြည်းဖြည်းချင်း ဝဝ ရှူသွင်းပါ။ ထို့နောက် နှုတ်ခမ်းကို လေချွန်မည့်ပုံစံအတိုင်းစုလိုက်ပြီး ရှူသွင်းခဲ့သည့်အချိန်ထက် နှစ်ဆ ခန့်ပိုကြာအောင် လေကိုအပြင်သို့ ဖြည်းဖြည်းချင်း ပြန်မှုတ်ထုတ်ပါ။

ဤနည်းလမ်းသည် လေပြွန်များကို ကြာရှည်ပွင့်နေစေပြီး အဆုတ်ထဲမှ လေဟောင်းများကို ကောင်းမွန်စွာထွက်သွားစေသဖြင့် အမောကို ချက်ချင်းသက်သာစေသည်။

ပတ်ဝန်းကျင် လေဝင်လေထွက် ကောင်းမွန်အောင်ပြင်ဆင်ခြင်း

လူနာရှိသည့်အခန်း၏ပြတင်းပေါက်များကို ဖွင့်ထားပြီး လေကောင်းလေသန့်ရရှိအောင် လုပ်ဆောင်ပေးရပါမည်။

လူနာဘေးတွင် လူအုပ်စုပတ်လည် ဝန်းရံကာဆီးနေခြင်းကို လုံးဝရှောင်ကြဉ်ရမည်။ (လူအုပ်ဖြစ်နေခြင်းသည် အောက်ဆီဂျင်ပမာဏကို နည်းပါးစေပြီး လူနာကို ပိုမိုစိုးရိမ်စိတ်ဝင်စေနိုင်သည်)။

ပန်ကာဖွင့်ပေးခြင်း သို့မဟုတ် ယပ်တောင်ခတ်ပေးခြင်းသည် ဦးနှောက်ရှိအသက်ရှူဗဟိုဌာနကို လှုံ့ဆော်ပေးသဖြင့် အမောသက်သာစေသောခံစားချက်ကို ရရှိစေသည်။

အိမ်တွင်း၌ ဆောင်ရန်နှင့် ရှောင်ရန်အချက်များ

မိမိတွင် ရင်ကျပ် သို့မဟုတ် နှလုံးရောဂါအခံရှိပါက ဆရာဝန်ညွှန်ကြားထားသည့် ရှူဆေး သို့မဟုတ် ဝုံဆေးများကို လက်လှမ်းမီသောနေရာ၌ အမြဲဆောင်ထားရမည်။ ဆေးခန်းပြချိန်တွင် ဆရာဝန်ပေးသောဆေးမှတ်တမ်းဟောင်းများကို စနစ်တကျသိမ်းဆည်းထားရမည်ဖြစ်သည်။

လူနာမောနေချိန်တွင် ရေ သို့မဟုတ် အရည်များကို အဓမ္မတိုက်ကျွေးခြင်း လုံးဝမပြုလုပ်သင့်ပေ။ (မောနေစဉ် သီးသွားပါက အသက်ရှူလမ်းကြောင်းပိတ်ဆို့ပြီး အသက်အန္တရာယ်ရှိနိုင်သည်)။ ဆရာဝန်ညွှန်ကြားချက်မပါဘဲ မိမိသဘောဖြင့် အောက်ဆီဂျင်ဘူးများဝယ်ယူကာ အလွန်အကျွံရှူခြင်းမျိုးကိုလည်း ရှောင်ကြဉ်ရမည်ဖြစ်သည်။

ရင်ဘတ်အောင့်ခြင်းနှင့် အမောတွဲလာခြင်း၊ နှုတ်ခမ်း၊ လျှာနှင့်လက်သည်းခြေသည်းများ ပြာနှမ်းလာခြင်း၊ စကားကိုဆုံးအောင်မပြောနိုင်ခြင်း၊ လဲအိပ်၍လုံးဝမရခြင်း၊ သတိလစ်ချင်သလိုဖြစ်ခြင်းနှင့် ကယောင်ကတမ်းဖြစ်ခြင်း၊ အသက်ရှူသံပုံမှန်မဟုတ်ဘဲ အသံမြည်ခြင်းတို့ကိုခံစားလာရပါက ဆရာဝန်နှင့် အရေးပေါ်ပြသ၍ ကုသမှုခံယူသင့်သည်။

အချုပ်အားဖြင့်ဆိုရသော် မောပန်းခြင်းဝေဒနာဟူသည် သာမန်ပင်ပန်းနွမ်းနယ်မှုတစ်ခုမျှသာမဟုတ်ဘဲ ခန္ဓာကိုယ်အတွင်းရှိ အသက်ရှူလမ်းကြောင်း၊ အဆုတ်၊ နှလုံးနှင့် သွေးကြောစနစ်များက မိမိအား အန္တရာယ်ရှိနေပြီဖြစ်ကြောင်း သတိပေးချက်တစ်ခုဖြစ်သည်။

ထို့ကြောင့် မိမိကိုယ်တိုင် သို့မဟုတ် မိသားစုဝင်များတွင် မောပန်းခြင်းဝေဒနာကို ခံစားလာရပါက နီးစပ်ရာဆေးမြီးတိုများဖြင့် ကုသခြင်းများကို လုံးဝရှောင်ကြဉ်ကြရန် တိုက်တွန်းလိုပါသည်။

အမောဝေဒနာနောက်ကွယ်က ရောဂါအရင်းအမြစ်ကို စောစီးစွာရှာဖွေတွေ့ရှိကာ စနစ်တကျကုသမှုခံယူခြင်းသည် မိမိနှင့်မိသားစုဝင်များ၏ အသက်အန္တရာယ်ကို ကာကွယ်ရာရောက်စေကြောင်း မောပန်းခြင်းဝေဒနာကို ကျန်းမာရေးအသိဖြင့် သတိပြုဆင်ခြင်နိုင်ရန် တိုက်တွန်းရေးသားလိုက်ရပါသည်။

ဒေါက်တာအောင်ညွှန့်ပိုင်

“နှစ်နိုင်ငံချစ်ကြည်ရေးမှသည် အနာဂတ်အကျိုးတူဖွံ့ဖြိုးရေးဆီသို့”

သက်လွင်(PPIB)

ယမန်နေ့မှအဆက်

နိုင်ငံတစ်ခု ဖွံ့ဖြိုးတိုးတက်ဖို့ဆိုတာ နိုင်ငံရေးအားကောင်းဖို့၊ စီးပွားရေးအားကောင်းဖို့နဲ့ ကာကွယ်ရေးအားများကောင်းမွန်ဖို့လိုအပ်ပါတယ်။ ဒီလိုနိုင်ငံအတွက် အဓိကမောင်းနှင်အားတွေကောင်းနေဖို့အတွက်ဆိုရင် မိမိတို့နိုင်ငံတစ်ခုတည်းနဲ့ တည်ဆောက်နေလို့မရပါဘူး။ ဒါကြောင့် အိမ်နီးချင်းနိုင်ငံတွေ၊ ဒေသတွင်းနိုင်ငံတွေ၊ မိတ်ဆွေနိုင်ငံတွေနဲ့ ဘက်စုံမဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးတွေကို တည်ဆောက်သွားနိုင်ဖို့လိုအပ်ပါတယ်။ မိမိတို့နိုင်ငံမှာ ယခုအချိန်မှာ ပြည်သူတွေက ရွေးချယ်တင်မြှောက်ထားတဲ့အစိုးရနဲ့လွှတ်တော်ဟာ နိုင်ငံတော်ကို ဒီမိုကရေစီလမ်းကြောင်းပေါ်မှာ ခိုင်ခိုင်မာမာနဲ့ဆက်လက်လျှောက်လှမ်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိနေတာကိုလည်း တွေ့မြင်နေရမှာပဲဖြစ်ပါတယ်။

အစိုးရသစ်အနေနဲ့တာဝန်ထမ်းဆောင်ချိန်ကနေစပြီးတော့ အထက်မှာဖော်ပြခဲ့တဲ့ နိုင်ငံအတွက်လိုအပ်တဲ့ အဓိကမောင်းနှင်အားတွေအားကောင်းပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို အားသွန်ခွန်စိုက်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် အိန္ဒိယနိုင်ငံဝန်ကြီးချုပ် ရှရီ နာရန်ဒရာမိုဒီတို့ ဇွန်လ ၁ ရက်နေ့တွင် တွေ့ဆုံဆွေးနွေးစဉ်။

❖ ခရီးစဉ်အတွင်း တွေ့ဆုံဆွေးနွေးမှုများမှတစ်ဆင့် ရှိရင်းစွဲနှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုနှင့် စီးပွားရေးအရချိတ်ဆက်မှုတို့ကို ပိုမိုခိုင်မာစေခဲ့ပြီး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုကို ပိုမိုအားကောင်းစေသည့် ဘုံသဘောတူညီချက်ကတိကဝတ်များကို အတည်ပြုအားကောင်းစေခဲ့ . . .

❖ နိုင်ငံတော်သမ္မတကြီးအနေနဲ့ အခုလို အိန္ဒိယနိုင်ငံကို တရားဝင်ခရီးအဖြစ် ရောက်ရှိပြီး အိန္ဒိယနိုင်ငံဝန်ကြီးချုပ်၊ သမ္မတတို့နဲ့တွေ့ဆုံပြီး နှစ်နိုင်ငံအကျိုးအတွက် ဆွေးနွေးဆောင်ရွက်နိုင်ခဲ့ခြင်းဟာ အောင်မြင်သည့် သမိုင်းဝင်ခရီးစဉ်တစ်ခုအဖြစ် မှတ်တမ်းတင်ရမည်ဖြစ် . . .

လက်အောက်ကျရောက်ခဲ့ဖူး၍ မျိုးချစ်စိတ်ဓာတ်ပြင်းထန်မှုဟူသည့်စိတ်သဘာဝသည်လည်း တူညီစွာရှိနေနိုင်ပါတယ်။ မြန်မာနိုင်ငံသူနိုင်ငံသား ဗုဒ္ဓဘာသာဝင်ကြောင်းများအရ တွေ့မြင်ရပါတယ်။ အိန္ဒိယရှိ ထင်ရှားသော စာဆိုတော် ရာဘင်ဒြာ နတ်တဂိုး၊ မဟတ္တမဂန္ဒီ၊ အင်ဒီရာဂန္ဒီမှစ၍ ယနေ့အိန္ဒိယဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်စင်းတို့ဟာ ကမ္ဘာ့ကျော်ကြားသူ ပညာရှိများဖြစ်ကြသော ဗိုလ်ချုပ်ကြီးနေဝင်း၊ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ သမ္မတကြီး ဦးသိန်းစိန်၊ သမ္မတကြီး ဦးထင်ကျော် စသော နိုင်ငံ့အကြီးအကဲများအဆက်ဆက်သည်လည်း အိန္ဒိယနိုင်ငံသို့ အလည်အပတ်ချစ်ကြည်ရေးခရီးစဉ်များ သွားရောက်ခဲ့ကြတာကိုတွေ့မြင်နိုင်ပြီးတော့ ယင်းတို့သည် မြန်မာနှင့် အိန္ဒိယနိုင်ငံတို့၏ ချစ်ကြည်ရေးအခွန့် ရှည်မှုကို ညွှန်းဆိုပြသနေသလိုပဲဖြစ်ပါတယ်။

ယခု ကျွန်တော်တို့ရဲ့ နိုင်ငံတော်သမ္မတကြီး ဦးမင်းအောင်လှိုင်ဦးဆောင်တဲ့ မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ရဲ့ ခရီးစဉ်အကြောင်းကို ဆက်ရပါဦးမည်။ ကျွန်တော်တို့ရဲ့ သမ္မတကြီးဟာဆိုရင် ဇွန်လ ၁ ရက်နေ့ နံနက်ပိုင်းက အိန္ဒိယနိုင်ငံဝန်ကြီးချုပ်ရုံး (Hyderabad House)၌ အိန္ဒိယနိုင်ငံဝန်ကြီးချုပ် ရှရီ နာရန်ဒရာမိုဒီနဲ့ သွားရောက်တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။ မိမိတို့နိုင်ငံတော်သမ္မတကြီး အိန္ဒိယနိုင်ငံဝန်ကြီးချုပ်ရုံးသို့ ရောက်ရှိချိန်မှာ အိန္ဒိယနိုင်ငံဝန်ကြီးချုပ်က ရင်းရင်းနှီးနှီးခရီးဦးကြိုဆိုနှုတ်ဆက်ခဲ့ပါတယ်။

အဲ့နောက်မှာတော့ မိမိတို့နိုင်ငံတော်သမ္မတကြီးနဲ့ အိန္ဒိယနိုင်ငံဝန်ကြီးချုပ်တို့ဟာ အချိန်အတော်ယူကာ တွေ့ဆုံဆွေးနွေးခဲ့ကြပါတယ်။ တွေ့ဆုံဆွေးနွေးချိန်မှာ နှစ်နိုင်ငံအကြီးအကဲနှစ်ဦးဟာဆိုရင် တည်ကြည်လေးနက်စွာနဲ့ နှစ်နိုင်ငံနဲ့ နှစ်နိုင်ငံပြည်သူများရဲ့အကျိုးကို ရှေးရှုပြီးတော့ ဆွေးနွေးခဲ့ကြတာကို မိမိကိုယ်တိုင် မျက်မိနဲ့မြင် နားဖြင့်ကြားသိခွင့်ရလို့လည်း လွန်စွာဂုဏ်ယူဝမ်းမြောက်မိပါတယ်။ တွေ့ဆုံဆွေးနွေးချက်များအရ အိန္ဒိယနိုင်ငံရဲ့ မြန်မာနိုင်ငံနှင့် လက်ရှိမြန်မာနိုင်ငံတော် အစိုးရအဖွဲ့အပေါ် ရင်းနှီးချစ်ကြည် လေးနက်ခိုင်မာစွာ ထားရှိသည့်သဘောထားဆန္ဒနဲ့ နှစ်နိုင်ငံကြား ဆက်လက်ထားရှိရမည့် အနာဂတ်၏ သဘောထားဆန္ဒကိုပါ ထင်ရှားစွာတွေ့မြင်ရပါတယ်။ နှစ်နိုင်ငံကြားကဏ္ဍာတစ်ခုတည်းမဟုတ်၊ သမိုင်းစဉ်နှင့်ချီသည့် ဘာသာရေး၊ ယဉ်ကျေးမှု၊ မြေပထဝီ၊ နိုင်ငံရေးပထဝီနှင့် လူမှုပထဝီ စသည့် အကြောင်း နောက်ခံမှုများစွာနှင့်ပတ်သက်ဆက်နွယ်နေတာကိုလည်းသိမြင်ရပါတယ်။

အဲ့ဒီလိုတွေ့ဆုံချိန်မှာ အိန္ဒိယနိုင်ငံဝန်ကြီးချုပ်က နိုင်ငံတော်သမ္မတဦးဆောင်တဲ့ မြန်မာအဆင့်မြင့်ကိုယ်စားလှယ်ကို လှိုက်လှဲနွေးထွေးစွာနဲ့ ကြိုဆိုကြောင်း၊ မြန်မာနိုင်ငံမှာ မကြာမီကာလက ရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပပြုလုပ်နိုင်ခဲ့ပြီး နိုင်ငံတော်သမ္မတကြီး ဦးမင်းအောင်လှိုင်ကို သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခဲ့မှုအပေါ်မှာ များစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ သမ္မတအဖြစ် တာဝန်ထမ်းဆောင်ပြီးချိန်မှာ အိန္ဒိယနိုင်ငံကို ပြည်ပခရီးစဉ်အဖြစ် လာရောက်ခဲ့မှုအပေါ်လည်း များစွာဂုဏ်ယူပါကြောင်း၊ ယခုခရီးစဉ်မှတစ်ဆင့် နှစ်နိုင်ငံအကြား အစိုးရအချင်းချင်းထိတွေ့ဆက်ဆံမှုများ ကောင်းမွန်တိုးတက်လာပြီး ထိုမှတစ်ဆင့် နှစ်နိုင်ငံအတွက် ကောင်းကျိုးရလဒ်တွေရရှိအောင် ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ကြောင်း ခရီးဦးကြိုဆိုနှုတ်ဆက်စကားပြောကြားခဲ့ပါတယ်။

နိုင်ငံတော်သမ္မတကြီးက ပြန်လည်ဆွေးနွေးပြောကြားရာမှာ ယခုလို အဆွေတော်နှင့် ထပ်မံတွေ့ဆုံဆွေးနွေးရသည့်အတွက် များစွာဝမ်းမြောက်မိပါကြောင်း၊ မိမိနိုင်ငံတော် သမ္မတအဖြစ် တာဝန်ထမ်းဆောင်ပြီးနောက် အဆွေတော်၏ဖိတ်ကြားချက်အရ အိန္ဒိယနိုင်ငံသို့ ပထမဆုံး ပြည်ပချစ်ကြည်ရေးခရီးစဉ်အဖြစ် လာရောက်ရသည့်အတွက် လွန်စွာအလေးထားပါကြောင်းနှင့် မိမိဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို နွေးထွေးပျူငှာစွာ ကြိုဆိုသည့်အတွက်လည်း ကျေးဇူးတင်ရှိသည်ကို ပြောကြားလိုကြောင်း၊ မိမိအနေဖြင့် အဆွေတော်နှင့်အတူ မြန်မာနိုင်ငံနှင့်အိန္ဒိယနိုင်ငံတို့အကြား ရှိရင်းစွဲကောင်းမွန်သော ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်နိုင်ခဲ့သည့်အတွက် အဆွေတော်ကို ကျေးဇူးတင်အသိအမှတ်ပြုအပ်သည်ကိုပြောကြားလိုပါကြောင်း၊ မိမိသမ္မတတာဝန်စတင်ထမ်းဆောင်မှုကျမ်းသစ္စာကျိန်ဆိုပွဲကို အဆွေတော်ထံမှဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့မှုနှင့် အခမ်းအနားတက်ရောက်ရန် ကိုယ်စားလှယ်စေလွှတ်ပေးခဲ့မှုအတွက်လည်း ကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့နှစ်နိုင်ငံအကြား နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားအတွက် ပူးပေါင်းဆောင်ရွက်နိုင်သည့် နယ်ပယ်များစွာရှိပါကြောင်း၊ မြန်မာနိုင်ငံတွင် ၂၀၂၅ ခုနှစ်အတွင်း ဖြစ်ပွားခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ချိန်တွင် အဆွေတော်တို့နိုင်ငံမှကူညီမှုများဆောင်ရွက်ပေးခဲ့မှုအပေါ်လည်း ကျေးဇူးတင်ရှိပါကြောင်း၊ “အိန္ဒိယနိုင်ငံသည် ကမ္ဘာကြီးဖွံ့ဖြိုးတိုးတက်မှုအတွက် မောင်းနှင်အားတစ်ခုဖြစ်လာမည်” ဟု အဆွေတော်ပြောကြားခဲ့သကဲ့သို့ မိမိတို့အနေဖြင့် တိုးတက်လာလျက်ရှိသည့် အိန္ဒိယနိုင်ငံနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားလိုပါကြောင်းပြန်လည်ပြီး ဆွေးနွေးပြောကြားခဲ့ပါတယ်။

စာမျက်နှာ ၁၂ သို့ ↻

ကြိုးပမ်းဆောင်ရွက်လျက်ရှိနေတာကိုလည်း ကျွန်တော်တို့ မျက်ဝါးထင်ထင်တွေ့မြင်ရမှာပဲဖြစ်ပါတယ်။

ယခုအခါမှာလည်း မိမိတို့မြန်မာနိုင်ငံရဲ့ နိုင်ငံတော်သမ္မတကြီး ဦးမင်းအောင်လှိုင်ဦးဆောင်တဲ့ မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ဟာဆိုရင် အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် ရှရီ နာရန်ဒရာမိုဒီရဲ့ ဖိတ်ကြားမှုနဲ့ အိန္ဒိယနိုင်ငံကို ရောက်ရှိနေတာဟာ ၃ ရက်တိုင်တိုင်ရှိခဲ့ပြီပဲဖြစ်ပါတယ်။

အိန္ဒိယနဲ့ မြန်မာနိုင်ငံဟာဆိုရင် ခေတ်အဆက်ဆက်ကောင်းမွန်တဲ့ဆက်ဆံရေးနဲ့အခွန့်ရှည်ခဲ့တဲ့နိုင်ငံနှစ်နိုင်ငံဖြစ်ပြီးတော့ နှစ်နိုင်ငံကြား ဘာသာရေး၊ ယဉ်ကျေးမှု၊ ကုန်သွယ်မှု စတဲ့ကဏ္ဍစုံမှာ ပတ်သက်ဆက်နွယ်မှုများစွာရှိခဲ့ပါတယ်။ ထိုမျှသာမက ဗြိတိသျှတို့လက်အောက်ကျရောက်ခဲ့ဖူးတဲ့ ခံစားချက်သဘာဝလည်း အတူတူရှိခဲ့ပါတယ်။ တိုင်းတစ်ပါးတို့၏အထွတ်အမြတ်ထားရာ ဗုဒ္ဓသာသနာသည်လည်း အိန္ဒိယနိုင်ငံမှဆင်းသက်လာခြင်းကြောင့် ဘာသာ၊ သာသနာအပေါ် မြတ်နိုးတန်ဖိုးထားကိုးကွယ်ခြင်းများလည်း တူညီကြပါတယ်။ ဒါ့ကြောင့် အိန္ဒိယနဲ့မြန်မာနိုင်ငံသည် အဖိုးအနှုံးထိုက်သော စိတ်နလုံးသားအမြဲတေများအများဆုံးတူညီကြသော ထူးခြားသည့် နိုင်ငံနှစ်နိုင်ငံဟုသာဆိုရပါမယ်။

နှစ်နိုင်ငံတရားဝင်သံတမန်ဆက်သွယ်မှု သမိုင်းအရ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့မှာ နှစ်နိုင်ငံကြားတရားဝင်သံတမန်ဆက်သွယ်ရေးကို စတင်ထူထောင်ခဲ့ကြပါတယ်။ မြန်မာ့လွတ်လပ်ရေးခရီးအစတွင် တရားဝင်သံတမန်ဆက်သွယ်ရေးကို ထူထောင်ခဲ့သည်ဆိုသော်လည်း ၁၉၁၆ ခုနှစ်ဟူသည့် လွတ်လပ်ရေးမရရှိခင် ကတည်းကပင် နှစ်နိုင်ငံကြား ကူးလူးဆက်ဆံမှုများရှိနေခဲ့သည်ကိုလည်း သမိုင်းရှရီ နာရန်ဒရာမိုဒီထိတိုင် မြန်မာနိုင်ငံသို့ အလည်အပတ်ချစ်ကြည်ရေးခရီးစဉ်များ လာရောက်ခဲ့ဖူးပါတယ်။ မြန်မာနိုင်ငံ၏ အကြီးအကဲများဖြစ်ကြသော ဗိုလ်ချုပ်ကြီးနေဝင်း၊ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ သမ္မတကြီး ဦးသိန်းစိန်၊ သမ္မတကြီး ဦးထင်ကျော် စသော နိုင်ငံ့အကြီးအကဲများအဆက်ဆက်သည်လည်း အိန္ဒိယနိုင်ငံသို့ အလည်အပတ်ချစ်ကြည်ရေးခရီးစဉ်များ သွားရောက်ခဲ့ကြတာကိုတွေ့မြင်နိုင်ပြီးတော့ ယင်းတို့သည် မြန်မာနှင့် အိန္ဒိယနိုင်ငံတို့၏ ချစ်ကြည်ရေးအခွန့် ရှည်မှုကို ညွှန်းဆိုပြသနေသလိုပဲဖြစ်ပါတယ်။

ယခု ကျွန်တော်တို့ရဲ့ နိုင်ငံတော်သမ္မတကြီး ဦးမင်းအောင်လှိုင်ဦးဆောင်တဲ့ မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ရဲ့ ခရီးစဉ်အကြောင်းကို ဆက်ရပါဦးမည်။ ကျွန်တော်တို့ရဲ့ သမ္မတကြီးဟာဆိုရင်

၁ စာမျက်နှာ ၁၁ မှအဆက်

အိန္ဒိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်သမ္မတတို့၏ တွေ့ဆုံဆွေးနွေးမှုတွင် နှစ်နိုင်ငံအကြား ကုန်သွယ်ရေး၊ စီးပွားရေး၊ လုံခြုံရေး၊ နယ်စပ်ဒေသစီမံခန့်ခွဲမှု၊ ဖွံ့ဖြိုးရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုခိုင်မာအားကောင်းစေရေးနှင့် နားလည်မှုစာချွန်လွှာများ အမြန်ဆုံးလက်မှတ်ရေးထိုးနိုင်ရေးတို့ ဆွေးနွေးခဲ့ကြသည်။ ထို့ပြင် နှစ်နိုင်ငံစီးပွားရေးချိတ်ဆက်မှုနှင့် စည်ပင်ထွန်းကားစေရေးအတွက် ကုလားတန်စီမံကိန်းနှင့် အိန္ဒိယ-မြန်မာ-ထိုင်းသုံးနိုင်ငံအဝေးပြေးလမ်းမကြီး အပြီးသတ်နိုင်ရေး၊ ရှုပ်ဒီး-ကျပ်ငွေပေးချေမှုစနစ် တိုးချဲ့အသုံးပြုရေးနှင့် ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုပိုမိုမြှင့်တင်ရေးတို့ကို သဘောတူညီခဲ့ကြသည်။ အိန္ဒိယနိုင်ငံက မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲမှုကို ဆက်လက်ထောက်ခံကြောင်း အတည်ပြုခဲ့ပြီး မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းမှုများကိုလည်း အားပေးထောက်ခံကြောင်း ပြောကြားခဲ့သည်။ ထို့ပြင် ၂၀၂၆ ခုနှစ်မှစတင်၍ မြန်မာကျောင်းသားများအတွက် မဲခေါင်-ဂင်္ဂါ ICCR ပညာသင်ဆုများကို ၃၆ ခုမှ ၁၀၀ အထိ တိုးမြှင့်ပေးမည်ဖြစ်ကြောင်း အသိပေးခဲ့သည်။ ခရီးစဉ်အတွင်း တွေ့ဆုံဆွေးနွေးမှုများမှတစ်ဆင့် ရှိရင်းစွဲနှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုနှင့် စီးပွားရေးအရချိတ်ဆက်မှုတို့ကိုပိုမိုခိုင်မာစေခဲ့ပြီး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုကို ပိုမိုအားကောင်းစေသည့်ဘုံသဘောတူညီချက်ကတိကဝတ်များကို အတည်ပြုအားကောင်းစေခဲ့သည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် အိန္ဒိယသမ္မတနိုင်ငံ သမ္မတ ဒရုပ်ပတီ မာမူတို့ ဇွန်လ ၁ ရက်နေ့တွင် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။

တွေ့ဆုံပွဲပြီးဆုံးပြီးတဲ့အချိန်မှာတော့ နိုင်ငံတော်သမ္မတကြီးဦးဆောင်တဲ့ မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ကို အိန္ဒိယနိုင်ငံဝန်ကြီးချုပ်က ဂုဏ်ပြုနေ့လယ်စာနဲ့ တည်ခင်းဧည့်ခံခဲ့ပြီး ပြန်လည်ထွက်ခွာချိန်မှာ နိုင်ငံတော်သမ္မတကြီး စီးနင်းသည့် မော်တော်ယာဉ်အနီးအထိ အိန္ဒိယနိုင်ငံဝန်ကြီးချုပ်က လိုက်ပါပို့ဆောင်မှုကို ထောက်ခြင်းအားဖြင့် အိန္ဒိယနိုင်ငံအနေဖြင့် နှစ်နိုင်ငံအကြား ချစ်ကြည်ရေးနဲ့ သံတမန်ဆက်ဆံရေးခိုင်မာမှု၊ အလေးအနက်ထားမှုတို့ကို ပေါ်လွင်စေခဲ့ပါတယ်။

အဲ့ဒီနောက်မှာတော့ နိုင်ငံတော်သမ္မတကြီးဟာ အိန္ဒိယသမ္မတနိုင်ငံ သမ္မတ ဒရုပ်ပတီ မာမူနဲ့ သမ္မတအိမ်တော်မှာတွေ့ဆုံပြီး မြန်မာနိုင်ငံရဲ့ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုတွေနဲ့ လက်ရှိရွေးကောက်ခံအစိုးရ၏ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအပေါ် အိန္ဒိယနိုင်ငံအနေဖြင့် အပြည့်အဝထောက်ခံအားပေးလျက်ရှိမှုတွေ၊ နှစ်နိုင်ငံအကြားပူးပေါင်းဆောင်ရွက်လျက်ရှိတဲ့ စီမံကိန်းတွေသတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်သွားမယ့် အခြေအနေတွေ၊ နှစ်နိုင်ငံကုန်သွယ်မှုနဲ့ ရင်းနှီးမြှုပ်နှံမှုများတိုးတက်စေရေး ဆက်လက်ဆောင်ရွက်သွားမယ့်အခြေအနေတွေ၊ နှစ်နိုင်ငံအကြား ယဉ်ကျေးမှုအမွေအနှစ်များ အပြန်အလှန်ထိန်းသိမ်းရေး၊ ခရီးသွားကဏ္ဍမြှင့်တင်ရေး ဆက်လက် ဆောင်ရွက်သွားမယ့်အခြေအနေတွေ၊ နှစ်နိုင်ငံအကြားမိတ်ဆွေရင်း၊ မိတ်ဆွေကောင်းနိုင်ငံများဖြစ်မှုနဲ့ အမျိုးသမီးများကဏ္ဍမြှင့်တင်ရေးအတွက်အတွေ့အကြုံများမျှဝေနိုင်သည့်အခြေအနေတွေ၊ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတွေကို ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမယ့်အခြေအနေတွေကို ရင်းရင်းနှီးနှီးနဲ့ အပြန်အလှန်ဆွေးနွေးနိုင်ခဲ့ပါတယ်။

မိမိတို့ နိုင်ငံတော်သမ္မတကြီးအနေနဲ့ အခုလို အိန္ဒိယနိုင်ငံကို တရားဝင်ခရီးအဖြစ် ရောက်ရှိပြီး အိန္ဒိယနိုင်ငံဝန်ကြီးချုပ်၊ သမ္မတတို့နဲ့ တွေ့ဆုံပြီး နှစ်နိုင်ငံအကျိုးအတွက် ဆွေးနွေးဆောင်ရွက်နိုင်ခဲ့ခြင်းဟာ အောင်မြင်သည့် သမိုင်းဝင်ခရီးစဉ်တစ်ခုအဖြစ် မှတ်တမ်းတင်ရမည်ဖြစ်ပေသည်။

မိဘတို့အပြင်သွားလျှင် သားသမီးလေးများအတွက်ဟု မြင်မြင်သမျှကို ရည်စူးလေ့ရှိ၏။ အိမ်တွင်ကျန်ရစ်ခဲ့သည့် သားသမီးများသည်လည်း မိဘများပြန်လာလျှင် မိမိတို့အတွက်ပါလာမည့်အစားအသောက်လေးများမှစ၍ လက်ဆောင်ပစ္စည်းထိတိုင် မျှော်လင့်တတ်ကြစမြဲ။ ဤသည်ကား မိဘနှင့်သားသမီးကြားမှ ရည်စူးခြင်းနှင့် မျှော်လင့်ခြင်း သဘာဝတို့သာဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်သမ္မတကြီး ဦးမင်းအောင်လှိုင်နှင့် မြန်မာနိုင်ငံသူနိုင်ငံသားများကြားတွင်လည်း ဤသို့သောရည်စူးခြင်း၊ မျှော်လင့်ခြင်းများ တဖွေ့တပိုက် ရှိနေမည်မှာလည်း မလွဲကောန်ပင်။

နိုင်ငံတော်နဲ့ နိုင်ငံသားတို့အတွက် တပ်မတော်သားဘဝကတည်းကပင် အရိုးကြေကြေ၊ အရေခန်းခန်းဆောင်ရွက်တတ်သော မိမိတို့ သမ္မတကြီးအနေနဲ့ ယခုခရီးစဉ်မှာလည်း ပြည်သူလူထုတို့အတွက် ကောင်းမြတ်သောအကျိုးရလဒ်များစွာကို ဖော်ဆောင်ပေးနိုင်ခဲ့မည်ဖြစ်ပြီး တော့ အိမ်ပြန်လက်ဆောင်မွန်ကောင်းကို ဆောင်ကြဉ်းပေးခဲ့မည်မှာ မလွဲကောန် ဖြစ်ကြောင်းကို အကြွင်းမဲ့ယုံကြည်ပါကြောင်း အိန္ဒိယမြေမှစာလွှာပါးပိုက်ရပါတော့ဗျာ။ **ဆက်လက်ဖော်ပြပါမည်။**

၂၀၂၆ ခုနှစ် မေလအတွင်း (၁၆-၅-၂၀၂၆ ရက်နေ့မှ ၃၁-၅-၂၀၂၆ ရက်နေ့အထိ) ဝန်းကျင်လေထုအရည်အသွေးလေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

နေပြည်တော် ဇွန် ၂

မြန်မာနိုင်ငံတစ်ဝန်းရှိ ဝန်းကျင်လေထုအရည်အသွေးအခြေအနေအား လေ့လာဆန်းစစ်နိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များရှိ သတ်မှတ် Sampling Point နေရာများတွင် ဝန်းကျင်လေထုအရည်အသွေးကို Environmental Perimeter Air Station (EPAS) – Haz–Scanner Air Quality Monitoring Station (AQM–65)၊ Scentroid (SL – 50 Scential)၊ Aeroqual (Series – 500 Portable Air Quality Monitor)၊ AQMesh (Dust Analyzer – 1941150)၊ (Gas Analyzer – 1940150)၊ Portable Beta Attenuation Mass Monitor (BAM 1022)၊ Air Quality Monitoring Station (AQMS) နှင့် Continuous Particulate Monitor များအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 (PM_{10})၊ Sulphur Dioxide (SO_2) ၊ Nitrogen Dioxide (NO_2)၊ Ozone (O_3) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter များကို ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိသည်။

စဉ်	ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များတွင် တိုင်းတာသည့်နေရာ		တိုင်းတာသည့် Parameter များ					
			၂.၅ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ	၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ	ဆာလဖာဒိုင် အောက်ဆိုက်	နိုက်ထရိုဂျင် ဒိုင်အောက် ဆိုက်	အိုဇုန်း	ကာဗွန် မိုနောက် ဆိုက်
၁	နေပြည်တော်							
	၁	ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်	လက်ခံနိုင်သော	ကောင်းမွန်	–	ကောင်းမွန်	–	ကောင်းမွန်
	၂	ပုဇွန်သီရိမြို့နယ်၊ နေပြည်တော်	ကောင်းမွန်					
၂	ရန်ကုန်တိုင်းဒေသကြီး							
	၁	ဝိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့	ကောင်းမွန်					
	၂	အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်းဗဟိုဌာန၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့	ကောင်းမွန်					
	၃	ဒဂုံမြို့နယ်၊ ရန်ကုန်မြို့	ကောင်းမွန်					
	၄	တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့	ကောင်းမွန်					
၃	မန္တလေးတိုင်းဒေသကြီး							
	၁	အမရပူရမြို့နယ်၊ မန္တလေးမြို့	ကောင်းမွန်					
	၂	ပုသိမ်ကြီးမြို့နယ်၊ မန္တလေးမြို့	လက်ခံနိုင်သော	ကောင်းမွန်				
	၃	ညောင်ဦးမြို့	လက်ခံနိုင်သော	ကောင်းမွန်				
	၄	ကျောက်ဆည်မြို့	လက်ခံနိုင်သော	ကောင်းမွန်				
	၅	ပြင်ဦးလွင်မြို့	လက်ခံနိုင်သော	ကောင်းမွန်				
	၆	မိတ္ထီလာမြို့	ကောင်းမွန်					
၄	စစ်ကိုင်းတိုင်းဒေသကြီး							
	၁	မုံရွာမြို့	လက်ခံနိုင်သော	ကောင်းမွန်				
	၂	စစ်ကိုင်းမြို့	လက်ခံနိုင်သော	ကောင်းမွန်				
၅	တနင်္သာရီတိုင်းဒေသကြီး							
	၁	ထားဝယ်မြို့	–	–	ကောင်းမွန်		–	
	၂	ကော့သောင်းမြို့	လက်ခံနိုင်သော	ကောင်းမွန်				
၆	ပဲခူးတိုင်းဒေသကြီး							
	၁	ပဲခူးမြို့	ကောင်းမွန်					
၇	မကွေးတိုင်းဒေသကြီး							
	၁	မကွေးမြို့	ကောင်းမွန်					
၈	ရောဝတီတိုင်းဒေသကြီး							
	၁	ပုသိမ်မြို့	–	–	ကောင်းမွန်			
	၂	ဖျာပုံမြို့	ကောင်းမွန်					
၉	ကရင်ပြည်နယ်							
	၁	ဘားအံမြို့	လက်ခံနိုင်သော	ကောင်းမွန်				
၁၀	မွန်ပြည်နယ်							
	၁	မော်လမြိုင်မြို့	ကောင်းမွန်					
	၂	သထုံမြို့	လက်ခံနိုင်သော	ကောင်းမွန်				
	၃	မုဒုံမြို့	လက်ခံနိုင်သော	ကောင်းမွန်				
၁၁	ရှမ်းပြည်နယ်							
	၁	တောင်ကြီးမြို့	လက်ခံနိုင်သော	ကောင်းမွန်				
	၂	ကျိုင်းတုံမြို့	လက်ခံနိုင်သော	–	–	–	–	–
	၃	တာချီလိတ်မြို့	လက်ခံနိုင်သော	–	–	–	–	–
	၄	မိုင်းဆတ်မြို့	–	ကောင်းမွန်	–	ကောင်းမွန်	–	ကောင်းမွန်

လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index - AQI)

0-50	လေထုအရည်အသွေးကောင်းမွန်သောအဆင့်
51-100	လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့်
101-150	ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့်
151-200	ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့်
201-300	ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့်
301-500	ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့်

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေးတိုင်းတာသည့်နေရာအနီးဝန်းကျင် အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

ကျိုင်းတောင်းစက်ရုံ၏ဓာတ်အားပေးစက်များအား အလှည့်ကျရပ်တန့်၍ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇွန် ၂


ကျိုင်းတောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသည် ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ် နမ့်တိန်ချောင်းပေါ်တွင် တည်ဆောက်ထားပြီး ၁၈ မဂ္ဂါဝပ်ထွက်ရှိသော ဓာတ်အားပေးစက်သုံးလုံးဖြင့် စုစုပေါင်းတပ်ဆင်အင်အား ၅၄ မဂ္ဂါဝပ်ရှိသည့် ဓာတ်အားပေးစက်ရုံတစ်ရုံဖြစ်ပြီး RunOff River Type စက်ရုံအမျိုးအစားဖြစ်သည်နှင့်အညီ ရေဝင်ရောက်မှုအခြေအနေပေါ်မူတည်၍ ဓာတ်အားပေးစက်များအား မောင်းနှင်ပြီး ဓာတ်အားထုတ်လုပ်ပေးလျက်ရှိသည်။

၂၀၂၆ ခုနှစ် နွေရာသီကာလတွင် ရေဝင်ရောက်မှုအခြေအနေမှာ ကျိုင်းတောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၏ ဓာတ်အားပေးစက် နှစ်လုံးသာ မောင်းနှင်နိုင်သည့် ရေပမာဏသာရှိသဖြင့် တပ်ဆင်ထားသော စက်သုံးလုံးအနက် နှစ်လုံးကို အလှည့်ကျမောင်းနှင်ပြီး ကျန်တစ်လုံးကို ရပ်တန့်ထားသည်။

လာမည့်မိုးရာသီ ရေဝင်များပြားလာမည့်ကာလတွင် ဓာတ်အားပေးစက်သုံးလုံးကို စက်စွမ်းအားပြည့်မောင်းနှင်နိုင်ရန်နှင့် ဓာတ်အားပိုမိုထုတ်လုပ်နိုင်ရန် ရည်ရွယ်၍ ဓာတ်အားပေးစက်များပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်ရန်အတွက် ဓာတ်အားပေးစက် သုံးလုံးအနက် အမှတ် (၁) စက်ကို မေလ ၁၈ ရက်မှ ၂၈ ရက်အထိ ဆောင်ရွက်ခဲ့ပြီး အမှတ်(၂)စက်ကို မေလ ၂၉ ရက်မှ ဇွန်လ ၇ ရက် အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ရာ စက်တစ်လုံး ရပ်တန့်ပြုပြင်နေစဉ်အတွင်း ကျန်စက်နှစ်လုံးအား မောင်းနှင်လည်ပတ်၍ ဓာတ်အားထုတ်လုပ်ပေးလျက်ရှိသည်။

၂၀၂၆ ခုနှစ် မေလနှင့် ဇွန်လများတွင် ကျိုင်းတောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၏ ရေဝင်ရောက်မှုအရ ဓာတ်အားပေးစက်နှစ်လုံးဖြင့်ပြည့်မီအောင် မောင်းနှင်နိုင်သဖြင့် ဓာတ်အားစနစ်သို့ ဓာတ်အားထုတ်လုပ်ပို့လွှတ်မှုကို ထိခိုက်မှုမရှိကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သတင်းရရှိသည်။

မြဝတီ



ကျိုင်းတောင်းစက်ရုံရှိ အမှတ်(၁)ဓာတ်အားပေးစက်အား ထိန်းသိမ်းပြုပြင်ခြင်း လုပ်ငန်းများဆောင်ရွက်နေမှုကိုတွေ့ရစဉ်။





ကျိုင်းတောင်းစက်ရုံရှိ အမှတ်(၁) ဓာတ်အားပေးစက်အား ထိန်းသိမ်းပြုပြင်ခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုကို တွေ့ရစဉ်။





ကျိုင်းတောင်းစက်ရုံရှိ အမှတ်(၁) ဓာတ်အားပေးစက်အား ထိန်းသိမ်းပြုပြင်ခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုကို တွေ့ရစဉ်။

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၃-၆-၂၀၂၆

ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	စဉ့်ကူ	ပုသိမ်	မြန်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး
92 Ron	၄၅၅၀	၄၇၂၀	၄၆၆၅	၄၈၆၅	၄၇၂၀	၄၇၃၅	၄၇၇၅	၄၆၆၀	၄၇၇၅	၅၀၇၅	၄၆၆၅	၄၈၁၀	၄၇၆၀	၄၇၁၅	၄၇၂၀	၄၉၄၀
95 Ron	၄၆၂၀	၄၇၉၅	၄၇၄၀	၄၆၃၅	၄၇၉၅	၄၈၁၀	၄၈၅၀	၄၇၁၅	၄၈၅၀	၅၁၅၀	၄၇၃၅	၄၉၁၅	၄၇၉၀	၄၇၉၅	၅၀၁၅	၅၀၁၅
HSD (500 ppm)	၄၅၉၅	၄၇၅၅	၄၇၀၅	၄၆၁၀	၄၇၆၀	၄၇၇၀	၄၈၁၀	၄၆၈၀	-	၅၀၉၅	၄၇၀၀	၅၁၆၀	၄၇၉၅	၄၇၅၀	၄၇၅၅	၄၉၅၅
HSD (50 ppm)	၅၁၅၀	၅၁၂၀	၅၀၆၅	၅၀၆၅	၅၁၂၅	၅၁၃၅	၅၁၈၀	၅၀၆၀	၅၁၈၀	၆၀၈၀	၅၀၆၅	၅၀၅၀	၅၀၆၀	၅၀၁၅	၅၁၂၀	၅၁၆၀
HSD (10 ppm)	၅၁၅၀	၅၁၂၀	၅၀၆၅	၅၀၆၅	၅၁၂၅	၅၁၃၅	၅၁၈၀	၅၀၆၀		၆၀၈၀	၅၀၆၅	၅၀၅၀	၅၀၆၀	၅၀၁၅	၅၁၂၀	၅၁၆၀

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၄၃၁၆	၄၄၃၆
95 Ron	၄၃၈၇	၄၅၀၉
HSD (500 ppm)	၄၃၇၄	၄၄၉၁
HSD (50 ppm)	၅၂၈၇	၅၄၂၂
HSD (10 ppm)	၅၂၈၇	၅၄၂၂

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

“ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **“ပြည်သူ့ကြားကပြည်သူ့စကား”** အစီအစဉ်မှ **“၂၀၂၆-၂၀၂၇ ပညာသင်နှစ်မှာရော အကြမ်းဖက်အုပ်စုတွေလက်အောက်က ကလေးငယ်များ ပညာသင်ကြားခွင့်ရမည်လား”** ခေါင်းစဉ်ဖြင့် ၃-၆-၂၀၂၆ ရက် **(ယနေ့)** မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ၁၀-၆-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် **“အကြမ်းဖက်သမားတွေရဲ့လုပ်ရပ်တွေ၊ အကြမ်းဖက်ပစ္စည်းတွေကို အားပေးလက်ခံကူညီလုပ်ဆောင်နေသည့်အတွက် ပြည်သူတွေရင်ဆိုင်နေရတဲ့ဆိုးကျိုးများ”** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါအစီအစဉ်အား အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ပုသိမ်မြို့ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းခွဲ (မြက်တို)၌ လမင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် UID ဆောင်ရွက်ထုတ်ပေးနေမှုအား ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် လှည့်လည်ကြည့်ရှု



နေပြည်တော် ၆နှစ် ၂

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းခွဲ (မြက်တို)ကျောင်းခန်းမ၌ အသက် ၁၀ နှစ်ပြည့်ပြီး နိုင်ငံသားကတ်ပြားမရရှိသေးသည့် ကျောင်းသား၊ ကျောင်းသူများအား လမင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် UID ထုတ်ပေးခြင်းလုပ်ငန်းဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးသည်။

ဦးစွာ မြို့နယ်ကျန်းမာရေးဝန်ထမ်းများက ကျောင်းသား၊ ကျောင်းသူများ၏ သွေးအမျိုးအစား စစ်ဆေးဆောင်ရွက်ပေးနေမှု၊ နိုင်ငံသားဆိုင်ရာလုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်ဆောင်ရွက်ပေးနေမှု၊ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့်အတူ e-ID စနစ်ဖြင့် Biographic/ Biometric ကောက်ယူကာ Unique ID တစ်ပါတည်းဆောင်ရွက်ပေးနေမှုတို့ကိုလှည့်လည်ကြည့်ရှုပြီး ဆောင်ရွက်ပြီးဖြစ်သည့် နိုင်ငံသားကတ်ပြားနှင့် UID များကို ကာယကံရှင်ကျောင်းသား၊ ကျောင်းသူတစ်ဦးချင်းထံ ပေးအပ်ကာ မြို့နယ်ရုံးဝန်ထမ်းများအတွက် ထောက်ပံ့ငွေနှင့်စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီးဦးစီးမှူးရုံး၌ တိုင်းဒေသကြီး၊ ခရိုင်နှင့်မြို့နယ်ဦးစီးမှူးများနှင့်တွေ့ဆုံပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ မြဝတီ

ကာကွယ်ရေးဦးစီးချုပ်(ရေ)တံခွန်စိုက်ဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲပြုလုပ်



ရန်ကုန်မြို့ နယ်မြေခံရေတပ်ကွပ်ကဲမှုဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက တံခွန်စိုက်ဒိုင်း ဆုရရှိသောအသင်းအား တံခွန်စိုက်ဒိုင်းဆုနှင့်ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။

နေပြည်တော် ၆နှစ် ၂

၂၀၂၆ ခုနှစ်၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ နယ်မြေခံရေတပ်စခန်းဌာနချုပ်၊ သီဟသူရထွန်းတင်ခန်းမ၌ ပြုလုပ်ရာ နယ်မြေခံရေတပ်ကွပ်ကဲမှုဌာနချုပ်မှ တာဝန်ရှိသူများနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

ဦးစွာ ကာကွယ်ရေးဦးစီးချုပ် (ရေ) ကိုယ်စား နယ်မြေခံရေတပ်ကွပ်ကဲမှုဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက အမှာစကား ပြောကြားပြီး တက်ရောက်လာကြသူများနှင့်အတူ ပြိုင်ပွဲဝင်အသင်းများ၏ ဗိုလ်လုပွဲယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ တစ်ဦးချင်းဆုရရှိကြသူများ၊ အသင်းလိုက်ဆုရရှိကြသူများနှင့် တံခွန်စိုက်ဒိုင်းဆုရရှိသော အသင်းအား တာဝန်ရှိသူများက တံခွန်စိုက်ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါပိုက်ကျော်ခြင်းပြိုင်ပွဲကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)ကွပ်ကဲမှုအောက် ရေတပ်စခန်းဌာနချုပ်များမှပြိုင်ပွဲဝင်အသင်း ၉ သင်းဖြင့် မေလ ၂၉ ရက်မှ ယနေ့ထိ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

■ ရှေ့ဖုံးမှအဆက်

ယာဉ်မောင်းလိုင်စင်စစ်ဆေးရေးရုံးခွဲအား (၈-၆-၂၀၂၆)ရက်မှ စတင်ဖွင့်လှစ်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသောကြောင့် ယာဉ်မောင်းလိုင်စင်ဖြေဆိုလိုသူများ အနေဖြင့် မိမိတို့ဖြေဆိုလိုသည့် နီးစပ်ရာရုံးအား Online Booking ဖြင့် ရက်ချိန်းရယူ၍ အချိန်ကုန်သက်သာစွာဖြင့် လွယ်ကူစွာသွားရောက်ဖြေဆိုနိုင်ပါကြောင်းနှင့် Online Booking ရယူခြင်းအတွက် www.rtad.gov.mm တွင် ဝင်ရောက်ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးနှင့် နယ်မြေလုံခြုံရေးတာဝန်များကိုထမ်းဆောင်ခဲ့သည့် အောင်ပွဲရရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများအား သောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆို



ရန်ကုန်တိုင်းစစ်ဌာနချုပ်မှတာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများနှင့်ဒေသခံပြည်သူများက နိုင်ငံတော်တည်ငြိမ်ရေးနှင့်နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးနှင့် နယ်မြေလုံခြုံရေးတာဝန်များကိုထမ်းဆောင်ခဲ့သည့် အောင်ပွဲရရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများအား သောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆိုစဉ်။

နေပြည်တော် ၆နှစ် ၂

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက်ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ် ဒေသတစ်ဝိုက်စစ်ဆင်ရေးနှင့် နယ်မြေလုံခြုံရေးတာဝန်များကို ထမ်းဆောင်၍ပြန်လည်ရောက်ရှိလာသော အောင်ပွဲရရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ရဲမွန်တပ်မြို့ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးဗိုလ်မှူးချုပ်တင်မင်းလတ်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အနုပညာရှင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းရေးတို့အတွက် ရှေ့တန်းစစ်မျက်နှာများတွင် အသက်ကိုပဓာနမထားဘဲ စစ်ဆင်ရေးတာဝန်များကို စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်ခဲ့ကြသောရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများအား တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အောင်သပြေခက်များ၊ ဂုဏ်ပြုပန်းကုံးများဖြင့် လည်းကောင်း၊ အိုးစည်၊ ဒိုးပတ်၊ အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့်လည်းကောင်း ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြကြိုဆိုဂုဏ်ပြုကြသည်။ ထို့နောက် တိုင်းမှူးက အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

➢ စာမျက်နှာ ၁၅ မှအဆက်

၂၀၂၆ ခုနှစ်၊ မေလအတွင်း ရွာသွန်းခဲ့သော မိုးရေနမူနာများ၏ pH တန်ဖိုးများ


စဉ်	စခန်းအမည်	pH
၁	မန္တလေး (ချမ်းအေးသာစံ)	၆.၇
၂	မန္တလေး (ချမ်းမြသာစည်)	၆.၉
၃	ခန္ဓီး	၇.၁
၄	လားရှိုး	၆.၉
၅	တောင်ကြီး	၇.၂
၆	မိုင်းဆတ်	၆.၈
၇	ကျိုင်းတုံ	၆.၆
၈	စစ်ကိုင်း	၆.၆
၉	ညောင်ဦး	၆.၅
၁၀	မုံရွာ	၆.၅
၁၁	ပျဉ်းမနား	၇.၁
၁၂	ပြင်ဦးလွင်	၇.၁
၁၃	ကလေးဝ	၇.၂
၁၄	ရန်ကုန် (ကမ္ဘာအေး)	၆.၉
၁၅	မော်ဘီ	၇.၁
၁၆	မကွေး	၆.၉
၁၇	အောင်လံ	၆.၉
၁၈	လွိုင်ကော်	၆.၈
၁၉	စစ်တွေ	၆.၇
၂၀	ပြည်	၆.၇
၂၁	ပဲခူး	၇.၂
၂၂	တောင်ငူ	၆.၈
၂၃	ပုသိမ်	၇.၀
၂၄	မအူပင်	၆.၅
၂၅	ဟသ်ာတ	၇.၁
၂၆	မော်လမြိုင်	၇.၀
၂၇	ဘီးလင်း	၆.၇
၂၈	ဘားအံ	၆.၉
၂၉	ထားဝယ်	၆.၅
၃၀	မြိတ်	၆.၆
၃၁	ကော့သောင်း	၆.၆

၂၀၂၆ ခုနှစ်၊ မေလအတွင်း ရန်ကုန်(ကမ္ဘာအေး)နှင့် ကျိုင်းတုံမြို့တို့၏ လေအရည်အသွေးအခြေအနေများ


ပို့ဆောင်ရေးဝန်ကြီးဌာန၊ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ ရန်ကုန်(ကမ္ဘာအေး)ရုံး၌ လေအရည်အသွေးစောင့်ကြည့်တိုင်းတာသည့်ကိရိယာ (FPM-377C) ဖြင့် လေထုအတွင်း 2.5 မိုက်ခရွန်မီတာ (μm) နှင့်အောက် သေးငယ်သောအမှုန်အမွှားများ ($PM_{2.5}$) စောင့်ကြည့်တိုင်းတာခြင်းနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့၊ မိုးလေဝသရုံး၌ လေအရည်အသွေးစောင့်ကြည့်တိုင်းတာသည့်ကိရိယာ (Compact Air Quality Monitoring Station- AQM65) ဖြင့် မျက်နှာပြင်အိုဇုန်း (O_3)၊ PM_{10} နှင့် $PM_{2.5}$ တို့ကို ၂၄ နာရီ စောင့်ကြည့်တိုင်းတာလျက်ရှိပါသည်။

ရန်ကုန်(ကမ္ဘာအေး)ရုံး၏၂၀၂၆ ခုနှစ်၊ မေလ ၁ ရက်နေ့မှ ၁၂ ရက်နေ့အထိနှင့် မေလ ၁၆ ရက်နေ့မှ ၃၁ ရက်နေ့အထိ တိုင်းတာရရှိခဲ့သည့် $PM_{2.5}$ တန်ဖိုးများကို လေအရည်အသွေးအညွှန်းကိန်း (Air Quality Index – AQI and Health Concerns) သတ်မှတ်ဖော်ပြချက်များနှင့်နှိုင်းယှဉ်ကြည့်ရာတွင် လေအရည်အသွေးမှာ မေလအတွင်းတွင် ကောင်းမွန်သောအဆင့် ၈ ရက်၊ အသင့်အတင့်အဆင့် ၂၀ ရက်နှင့် ကျိုင်းတုံမြို့၏ လေအရည်အသွေးအခြေအနေ ($PM_{2.5}$)မှာ ကောင်းမွန်သောအဆင့် ၈ ရက်နှင့် အသင့်အတင့်အဆင့် ၂၃ ရက်ရှိနေကြောင်း သုံးသပ်တွေ့ရှိရပါသည်။


မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန




ကျိုင်းတုံမြို့၏ PM_{10} ဆိုင်ရာ လေအရည်အသွေးအညွှန်းကိန်း (AQI)များပြပုံ



ရန်ကုန် (ကမ္ဘာအေး)၏ လေအရည်အသွေးအညွှန်းကိန်း (AQI) များပြပုံ



ကျိုင်းတုံမြို့၏ မျက်နှာပြင်အိုဇုန်း (O_3) ဆိုင်ရာ လေအရည်အသွေးအညွှန်းကိန်း



ကျိုင်းတုံမြို့၏ $PM_{2.5}$ ဆိုင်ရာ လေအရည်အသွေးအညွှန်းကိန်း (AQI)များပြပုံ

လေအရည်အသွေးအညွှန်းကိန်း (AQI)အလိုက် အဓိပ္ပာယ်ဖွင့်ဆိုချက်

လေအရည်အသွေးအညွှန်းကိန်း (AQI)	လေအရည်အသွေးအဆင့်	အဓိပ္ပာယ်ဖွင့်ဆိုချက်
၀ - ၅၀	ကောင်း	လေထုအရည်အသွေးမှာကျေနပ်ဖွယ်ရာဖြစ်သည်။ လေထုညစ်ညမ်းမှုအန္တရာယ် မရှိ သို့မဟုတ် လွန်စွာနည်းပါးသည်။
၅၁ - ၁၀၀	အသင့်အတင့်	လေထုအရည်အသွေးမှာ လက်ခံနိုင်စရာဖြစ်သော်လည်း လေထုညစ်ညမ်းမှုအား ခံနိုင်ရည်နည်းပါးသည့် အချို့လူများအတွက် ကျန်းမာရေးထိခိုက်နိုင်ဖွယ် အသင့်အတင့်ရှိသည်။
၁၀၁ - ၁၅၀	ခံနိုင်ရည်နည်းပါးသော အုပ်စုများအတွက် ကျန်းမာရေးထိခိုက်စေ	လေထုညစ်ညမ်းမှုကို ခံနိုင်ရည်နည်းပါးသူများ ကျန်းမာရေးထိခိုက်နိုင်သည်။ ယေဘုယျအားဖြင့် ကျန်းမာရေးအတွက် စိုးရိမ်ဖွယ်မရှိပါ။
၁၅၁ - ၂၀၀	ကျန်းမာရေးထိခိုက်စေ	လူတိုင်းကျန်းမာရေး ထိခိုက်မှုမျိုးကြုံတွေ့နိုင်သည်။ လေထုညစ်ညမ်းမှုကို ခံနိုင်ရည်နည်းပါးသောအုပ်စုများ ကျန်းမာရေး ပိုမိုထိခိုက်နိုင်သည်။
၂၀၁ - ၃၀၀	ကျန်းမာရေးကိုအလွန်ထိခိုက်စေ	ကျန်းမာရေးအသိပေးချက် - လူတိုင်းကျန်းမာရေး ပြင်းထန်စွာ ထိခိုက်နိုင်သည်။
၃၀၁ - ၅၀၀	အန္တရာယ်ရှိ	ကျန်းမာရေးဆိုင်ရာ အရေးပေါ်သတိပေးရမည့် အခြေအနေဖြစ်သည်။ လူထုတစ်ရပ်လုံး ကျန်းမာရေးထိခိုက်နိုင်ခြေရှိများသည်။

၂၀၂၆ ခုနှစ်၊ မေလအတွင်း ရွာသွန်းခဲ့သောမိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေများ


ပို့ဆောင်ရေးဝန်ကြီးဌာန၊ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် အရှေ့အာရှ အက်စစ်ဖြစ်ထွန်းမှုစောင့်ကြည့်တိုင်းတာရေးကွန်ရက် (Acid Deposition Monitoring Network in East Asia- EANET) အဖွဲ့အစည်းတွင် အဖွဲ့ဝင်အဖြစ် ၂၀၀၅ ခုနှစ်၊ နိုဝင်ဘာလမှ စတင်ဆောင်ရွက်ခဲ့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့ကြီးများ၏ ရွာသွန်းသော မိုးရေများကိုစုဆောင်းကာ မိုးရေတွင် အက်စစ်ဖြစ်ထွန်းမှု အခြေအနေများကိုသိရှိရန် မိုးရေ၏ pH တန်ဖိုးများတိုင်းတာခြင်းလုပ်ငန်းများကို လစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ပုံ(၁)

၂၀၂၆ ခုနှစ်၊ မေလအတွင်း စခန်း ၃၁ စခန်းတို့မှ မိုးရေနမူနာများ စုဆောင်းရယူနိုင်ခဲ့ပါသည်။ မိုးရေနမူနာတိုင်းတာရရှိခဲ့သည့် စခန်း ၃၁ စခန်းတို့မှ ရွာသွန်းခဲ့သောမိုးရေများ၏ pH တန်ဖိုးများသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) မှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုးနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုး 6.5 – 8.5 အတွင်းတွင်ရှိကြောင်း တိုင်းတာရရှိခဲ့ပါသည်။ (ပုံ-၂)


မိုးရေ၏ pH တန်ဖိုးသည် 5.6 အောက်ရောက်ရှိမှသာ အက်စစ်ဂုဏ်သတ္တိရှိသောကြောင့် ၂၀၂၆ ခုနှစ်၊ မေလအတွင်း မိုးရေနမူနာတိုင်းတာရရှိခဲ့သည့် စခန်း ၃၁ စခန်းတို့၌ ရွာသွန်းခဲ့သော မိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေမရှိပါကြောင်း တွေ့ရှိရပါသည်။

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန

ပုံ(၁)၊ မိုးရေနမူနာတိုင်းတာသည့် စခန်းများပြပုံ



ပုံ (၂)၊ ၂၀၂၆ ခုနှစ်၊ မေလအတွင်း ရွာသွန်းခဲ့သော မိုးရေ၏ pH တန်ဖိုးများပြပုံ



စာမျက်နှာ ၁၄ သို့ ➢

★ **ရှေ့ဖုံးမှအဆက်**

မြန်မာကောင်စစ်ဝန်ချုပ်နှင့် ဝန်ထမ်းမိသားစုများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ဂျဝါဟာလာနေရူးဆိပ်ကမ်းသို့ သွားရောက်ကြည့်ရှုလေ့လာကြရာ ဆိပ်ကမ်းအာဏာပိုင်အဖွဲ့ဥက္ကဋ္ဌ Mr. Gaurav Dayal ias နှင့် ဆိပ်ကမ်းမှတာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ဆိပ်ကမ်းအစည်းအဝေးခန်းမ၌ တာဝန်ရှိသူများက ဆိပ်ကမ်းအာဏာပိုင်အဖွဲ့အနေဖြင့် နိုင်ငံတော်သမ္မတဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ကို ဆိပ်ကမ်းမှလှိုက်လှိုက်လှဲလှဲကြိုဆိုနှုတ်ခွန်းဆက်သအပ်ပါကြောင်း နှုတ်ခွန်းဆက်စကားပြောကြားပြီး ဆိပ်ကမ်းဆိုင်ရာသမိုင်းကြောင်းနှင့် သင်ကြားပေးနိုင်မှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် ဆိပ်ကမ်းလုပ်ငန်းဆောင်ရွက်မှုမှတ်တမ်းဗီဒီယိုနှင့် အသစ်ထပ်မံတည်ဆောက်ရန် ဆောင်ရွက်လျက်ရှိသည့် Vadhavan ဆိပ်ကမ်းစီမံကိန်းမှတ်တမ်းဗီဒီယိုအားကြည့်ရှုရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက မိမိတို့အနေဖြင့် ယခုဆိပ်ကမ်းသို့ လာရောက်လေ့လာခဲ့ခြင်းသည် မိမိတို့နိုင်ငံ၌ ဆိပ်ကမ်းတည်ဆောက်ရန် ဆောင်ရွက်လျက်ရှိပြီး ယခုဆိပ်ကမ်းသည် နိုင်ငံတကာ အဆင့်မီဆိပ်ကမ်းကြီးတစ်ခုဖြစ်ကြောင်းသိရှိရသဖြင့် လာရောက်လေ့လာခြင်းဖြစ်ကြောင်း၊ ရှင်းလင်းပြသမှုများအရ ကမ္ဘာ့အဆင့် ၂၃ ရှိပြီး အိန္ဒိယနိုင်ငံတွင်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား မွမ်ဘိုင်းမြို့၊ Chhatrapati Shivaji Maharaj အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် မဟာရာရှ်ထရာပြည်နယ် အုပ်ချုပ်ရေးမှူး Shri. Jishnu Dev Verma နှင့် ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြစဉ်။





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဂျဝါဟာလာနေရူးဆိပ်ကမ်းလုပ်ငန်းဆောင်ရွက်မှု မှတ်တမ်းဗီဒီယိုနှင့် အသစ်ထပ်မံတည်ဆောက်ရန်ဆောင်ရွက်လျက်ရှိသည့် Vadhavan ဆိပ်ကမ်းစီမံကိန်းမှတ်တမ်းဗီဒီယိုအားကြည့်ရှုရာ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြစဉ်။

အချက်အလက်များ၊ အရှေ့တောင်အာရှနှင့် နိုင်ငံတကာနှင့်ဆက်သွယ်ဆောင်ရွက်လျက်ရှိသော အိန္ဒိယနိုင်ငံ၏အဓိကအကျဆုံးဆိပ်ကမ်းတစ်ခုဖြစ်မှုအခြေအနေများ၊ ဆိပ်ကမ်းတွင် နည်းပညာမြင့်စက်ကိရိယာများ အသုံးပြုလျက်ရှိမှု၊ မြန်မာနိုင်ငံနှင့် စီးပွားရေးမိတ်ဖက်အဖြစ် ပင်လယ်ရေကြောင်း ကုန်သွယ်မှုများ၊ ဆိပ်ကမ်းဆိုင်ရာများကို ဆောင်ရွက်သွားနိုင်မှု၊ ဆိပ်ကမ်းကို အသုံးပြုနိုင်ခြင်းဖြင့် နိုင်ငံအတွက်စည်းကြပ်ခွန်များကို တိုးတက်ရရှာဖွေပေးနိုင်ခဲ့မှု၊ ဆိပ်ကမ်း၏ စွမ်းဆောင်ရည်များတိုးတက်စေရေး၊ အခြေခံအဆောက်အဦးပိုင်းဆိုင်ရာများတိုးတက်ရေးနှင့် ဒစ်ဂျစ်တယ်စနစ်ဖြင့် ဆောင်ရွက်ရေးတို့ကို ဆောင်ရွက်နိုင်ခဲ့မှု၊ ရိုးရိုးရှင်းရှင်းဖြင့် လုပ်ငန်းများဆောင်ရွက်နိုင်မှု၊ Green Port အဖြစ်လုပ်ငန်းများဆောင်ရွက်နေမှု၊ ဆိပ်ကမ်း မှ PPP မော်ဒယ်ဖြင့် ဝန်ဆောင်မှုပေးလျက်ရှိမှု၊ ဆိပ်ကမ်းနှင့်ပတ်သက်သည့် သင်တန်းများအား မျှဝေအဆင့် ၁ ရှိသည့် အဆင့်မီဆိပ်ကမ်းကြီးဖြစ်ပြီး PPP စနစ်ကို ကျင့်သုံးနေသည်ကိုသိရှိရကြောင်း၊ မိမိတို့နိုင်ငံတွင် ရန်ကုန်ဆိပ်ကမ်းနှင့် သီလဝါဆိပ်ကမ်းနှစ်ခုရှိပြီး သီလဝါဆိပ်ကမ်းသည် အထူးစီးပွားရေးဇုန်နှင့် ချိတ်ဆက်ဆောင်ရွက်နေသည့် ဆိပ်ကမ်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံရှိ နိုင်ငံတော်ပိုင်ဆိပ်ကမ်းများကို အဆင့်မြှင့်တင်နိုင်ရန်အတွက် ယခုဆိပ်ကမ်းသို့လာရောက်လေ့လာခဲ့ခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံနှင့် လုပ်ငန်းပူးပေါင်းဆောင်ရွက်၍ရသည်များကို သက်ဆိုင်ရာတာဝန်ရှိသူများက ဆက်လက်ဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရှင်းလင်းပြောကြားမှုများအရ ဆိပ်ကမ်း၏စွမ်းဆောင်ရည်များ မြင့်မားသည်ကိုတွေ့ရှိပြီး Green Area နှင့် Green Energy များ ဆောင်ရွက်ထားမှုကိုလည်း လေ့လာတွေ့ရှိရကြောင်း၊ မိမိလာရောက်သည့်ခရီးစဉ်သည် နှစ်နိုင်ငံကုန်သွယ်မှုမြှင့်တင်ရန် လာရောက်ခဲ့ခြင်းဖြစ်ပြီး နှစ်နိုင်ငံ

❖ မိမိတို့နိုင်ငံတွင် ရန်ကုန်ဆိပ်ကမ်းနှင့် သီလဝါဆိပ်ကမ်းနှစ်ခုရှိပြီး သီလဝါဆိပ်ကမ်းသည် အထူးစီးပွားရေးဇုန်နှင့် ချိတ်ဆက်ဆောင်ရွက်နေသည့် ဆိပ်ကမ်းဖြစ် . . .

❖ နှစ်နိုင်ငံအကြား ကုန်သွယ်မှုအခန်းကဏ္ဍပိုမိုတိုးတက်လာစေရေးအတွက် မိမိတို့နိုင်ငံ၏ဆိပ်ကမ်းများကို အဆင့်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ် . . .

အကြား ကုန်သွယ်မှုအခန်းကဏ္ဍပိုမိုတိုးတက်လာစေရေးအတွက် မိမိတို့နိုင်ငံ၏ဆိပ်ကမ်းများကို အဆင့်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဆိပ်ကမ်းပညာနှင့်ပတ်သက်၍ သင်တန်းများသင်ကြားပေးမည်ဆိုပါက မိမိတို့နိုင်ငံမှ သင်တန်းသားများကိုစေလွှတ်သွားမည်ဖြစ်ကြောင်းဖြင့် ပြန်လည်ဆွေးနွေးပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်ဂျဝါဟာလာနေရူးဆိပ်ကမ်း ဆိပ်ကမ်းအာဏာပိုင် ဥက္ကဋ္ဌတို့သည်အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် ဂျဝါဟာလာနေရူးဆိပ်ကမ်းအတွင်း လှည့်လည်ကြည့်ရှုလေ့လာကြပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက သိရှိလိုသည်များ မေးမြန်းဆွေးနွေးပြောကြားခဲ့သည်။

အဆိုပါ ဂျဝါဟာလာနေရူးဆိပ်ကမ်းသည် အိန္ဒိယနိုင်ငံ၊ မဟာရာရှ်ထရာပြည်နယ်၊ မွမ်ဘိုင်းမြို့၏ အရှေ့ဘက်၊ နာဗာရှီဗာဒေသတွင်တည်ရှိကြောင်း၊ ဆိပ်ကမ်း၏ကုန်သွယ်နိုင်မှုမှာ ကမ္ဘာ့အဆင့် ၂၃ တွင် ရှိပြီး အိန္ဒိယနိုင်ငံရှိအဓိကကျသည့်ဆိပ်ကမ်း ၁၂ ခုအနက် အဆင့် ၁ ရှိသည့် အဆင့်မီဆိပ်ကမ်းကြီးတစ်ခုဖြစ်ကာ အိန္ဒိယတစ်နိုင်ငံလုံး၏ ကွန်တိန်နာသယ်ပို့မှု ၅၀ ရာခိုင်နှုန်းကို ယခုဆိပ်ကမ်းမှသယ်ယူပို့ဆောင်ခြင်းဖြစ်ကြောင်း၊ ယခုဆိပ်ကမ်းကြီးသည် အိန္ဒိယနိုင်ငံ၏ ကုန်သွယ်မှုကို အကောင်အထည်ဖော်ရာတွင် အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပြီး အရှေ့တောင်အာရှဒေသနှင့် အဓိကဆက်သွယ်ဆောင်ရွက်လျက်ရှိသည့် ဆိပ်ကမ်းကြီးတစ်ခုဖြစ်ကြောင်း သတင်းရရှိသည်။ **မြဝတီ**

▼ ကျောဖုံးမှအဆက်

ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများနှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် နှစ်နိုင်ငံအိမ်နီးချင်းကောင်း နိုင်ငံများဖြစ်သည်နှင့်အညီ သမိုင်းကြောင်းတစ်လျှောက် ကောင်းမွန်သည့်ဆက်ဆံရေးများရှိခဲ့မှုနှင့် ချစ်ကြည်ရင်နှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်လျက်ရှိမှုအခြေအနေများ၊ နှစ်နိုင်ငံပြည်သူများအချင်းချင်း အပြန်အလှန် ကူးလူးဆက်ဆံမှုများရှိမှုအခြေအနေများ၊ မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အနေဖြင့် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိမှုအခြေအနေ ကဏ္ဍပေါင်းစုံတွင်ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်လျက်ရှိမှုအခြေအနေများ နှင့်ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့် မဟာရာဂျာထရာပြည်နယ်အုပ်ချုပ်ရေးမှူးတို့သည် တက်ရောက်လာကြသူများနှင့် အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် မဟာရာဂျာထရာပြည်နယ်အုပ်ချုပ်ရေးမှူးကာတည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲပြုလုပ်မည့်နေရာသို့ရောက်ရှိရာ ပြည်နယ်ဂုဏ်ပြုတီးဝိုင်းအဖွဲ့က နှစ်နိုင်ငံ နိုင်ငံတော်သီချင်းများကို ဂုဏ်ပြုတီးမှုတ်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတအား မဟာရာဂျာထရာပြည်နယ်အုပ်ချုပ်ရေးမှူး ကျေးဇူးတင်ရှိမှုအခြေအနေများနှင့် အခြားနှစ်နိုင်ငံအကြား ပြည်နယ်အစိုးရအဖွဲ့မှတာဝန်ရှိသူများနှင့် မိတ်ဆက်ပေးပြီး နိုင်ငံတော်သမ္မတက ကိုယ်စားလှယ်အဖွဲ့ဝင်များအား ပြန်လည်မိတ်ဆက်ပေးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား မဟာရာဂျာထရာပြည်နယ်အုပ်ချုပ်ရေးမှူးက ဂုဏ်ပြုညစာစားပွဲအား တည်ခင်းဧည့်ခံသည်။ ဂုဏ်ပြုညစာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း မဟာရာဂျာထရာပြည်နယ်ဂုဏ်ပြုတီးဝိုင်းအဖွဲ့က နှစ်နိုင်ငံတေးသီချင်းများဖြင့် တီးမှုတ်ဖျော်ဖြေကြသည်။

ဂုဏ်ပြုညစာ သုံးဆောင်အပြီးတွင် နိုင်ငံတော်သမ္မတသည် Maharashtra Lok Bhavan Mumbai (Governor's House) ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးသည်

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် မဟာရာဂျာထရာပြည်နယ် ဂုဏ်ပြုတီးဝိုင်းအဖွဲ့၏ ဖျော်ဖြေတီးမှုတ်မှုအား ကြည့်ရှုအားပေးပြီး နိုင်ငံတော်သမ္မတနှင့် ပြည်နယ်အုပ်ချုပ်ရေးမှူးတို့က ချီးမြှင့်ငွေများပေးအပ်ပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **မြဝတီ**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား မဟာရာဂျာထရာပြည်နယ်အုပ်ချုပ်ရေးမှူး Shri. Jishnu Dev Verma က ဂုဏ်ပြုညစာစားပွဲဖြင့်တည်ခင်းဧည့်ခံစဉ်။






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မဟာရာဂျာထရာပြည်နယ်ဂုဏ်ပြုတီးဝိုင်းအဖွဲ့၏ တီးမှုတ်ဖျော်ဖြေနေမှုကို ကြည့်ရှုအားပေးစဉ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ အိန္ဒိယနိုင်ငံ၊ Reserve Bank of India ၏ဥက္ကဋ္ဌ လာရောက်ဂါရဝပြုတွေ့ဆုံ

နေပြည်တော် ၆ရက် ၂

အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့၌ တရားဝင်ခရီးစဉ်ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ အိန္ဒိယနိုင်ငံ၊ Reserve Bank of India ၏ဥက္ကဋ္ဌ H.E. Shri. Sanjay Malthotra က ယနေ့နံနက်ပိုင်းတွင် လာရောက်ဂါရဝပြုတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံကုန်သွယ်မှုနှင့် စီးပွားရေးလုပ်ငန်းများတိုးတက်စေရေးနှင့် နယ်ပယ်ပေါင်းစုံမှ ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ရေးဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ ကုန်သွယ်မှုလုပ်ငန်းများတွင် ငွေပေးချေမှုများ ပိုမိုမြန်ဆန်ချောမွေ့စေရေးအတွက် နှစ်နိုင်ငံဘဏ်လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများ၊ ကုန်သွယ်မှုလုပ်ငန်းများအတွက် ရူပီးနှင့်ကျပ်ငွေတိုက်ရိုက်ပေးချေနိုင်ရေး ဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ မြန်မာနိုင်ငံမှဘဏ်ဝန်ထမ်းများအား ဘဏ်လုပ်ငန်းစနစ်များနှင့်ပတ်သက်၍ အိန္ဒိယနိုင်ငံမှ မျှဝေဆောင်ရွက်ပေးသွားမည့် အခြေအနေများ၊ နှစ်နိုင်ငံအကြား Digital ငွေပေးချေမှုစနစ်၏အတွေ့အကြုံများကို မျှဝေဆောင်ရွက်နိုင်မှုအခြေအနေများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ အိန္ဒိယနိုင်ငံ၊ Reserve Bank of India ၏ ဥက္ကဋ္ဌ H.E. Shri. Sanjay Malthotra လာရောက်ဂါရဝပြုတွေ့ဆုံစဉ်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ခရီးစဉ်တွင်လိုက်ပါသွားသည့် ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဦးတင်မောင်ဆွေ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါက်တာခင်နိုင်ဦးနှင့်အဖွဲ့ဝင်များတက်ရောက်ကြပြီး အိန္ဒိယနိုင်ငံ၊ Reserve Bank of India ၏ ဥက္ကဋ္ဌနှင့်အတူ အိန္ဒိယနိုင်ငံပြည်ပရေးရာဝန်ကြီးဌာနမှတာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

မြဝတီ

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

President of the Republic of the Union of Myanmar U Min Aung Hlaing and high-level Myanmar delegation arrive in Mumbai; visit Jawaharlal Nehru Port





President U Min Aung Hlaing hears a report on salient points of Jawaharlal Nehru Port.

NAY PYI TAW June 2

President of the Republic of the Union of Myanmar U Min Aung Hlaing and high-level Myanmar delegation, who were on an official visit to New Delhi, India, left Palam Air Force Station in New Delhi for Mumbai by a special flight this morning.

The President and delegation were seen off at the airport by Minister of State for External Affairs Shri Kirti Vardhan Singh, a member of the Indian government, and officials of the Indian government and families of the embassy and military attaché office.

On arrival at the Chhatrapati Shivaji Maharaj International Airport in Mumbai in the afternoon, the President and delegation were welcomed by Governor of Maharashtra State Shri. Jishnu Dev Verma, officials of the state government, the Myanmar Consul-General in Kolkata, staff and families there.

The President and delegation proceeded to Jawaharlal Nehru Port, and were welcomed by Chairman of the Board of Port Authority Mr. Gaurav Dayal ias and port officials.

At the port's meeting hall, officials said the Port Authority accorded warm welcome to President U Min Aung Hlaing and his delegation. They then reported on the history and salient features of the port, explaining that it is one of India's premier gateways featuring international maritime links, including connections with Southeast Asia. Furthermore, they stated that the port utilizes high-tech machinery to facilitate trade and port operations with Myanmar as an economic partner. They noted that the port has boosted the country's tax revenues, and highlighted ongoing efforts to improve performance, develop infrastructure, digitalize operations, simplify procedures, and promote green port initiatives. The report also covered the availability of Public-Private Partnership (PPP) model services and the dissemination of port-related knowledge to trainees.



President U Min Aung Hlaing being seen off at Palam Air Force Station in New Delhi.

Officials made clarification with a video clip on functions of the port and a project documentary video clip on preparations to build the Vadhavan Port.

In response to the clarifications, the President said that as Myanmar is also working on port construction, they visited this port of an international-standard major facility. Based on the clarification, it is a world-class port ranked 23rd globally and the number one port in India, and that it operates under a Public-Private Partnership (PPP) system. Myanmar has Yangon Port and Thilawa Port as two major ports and that Thilawa Port is a port connected to a Special Economic Zone. His visit to the port was for the purpose of observing it in order to upgrade state-owned ports in Myanmar. Relevant officials would continue discussions on areas where cooperation between the two countries could be carried out. Based on the clarifications, the port has high operational capacity with the implementation of green areas and green energy initiatives. His visit aimed to promote bilateral trade, and Myanmar's ports will be upgraded in order to further enhance trade relations between the two countries. If training courses on port management and related fields are offered, Myanmar would send trainees from to participate.

See Page - 19 ●●

●● From Page - 18

The President and the Chairperson of the Jawaharlal Nehru Port Trust Authority exchanged commemorative gifts and had documentary photos taken.

The President and party visited the Jawaharlal Nehru Port. The President asked officials about things he wanted to know.

Jawaharlal Nehru Port is located in the Nhava Sheva area, east of Mumbai, in Maharashtra State, India. It ranks 23rd globally in terms of trade capacity and is the largest among India's 12 major ports. The port handles 50 percent of India's container traffic and plays a key role in the country's trade sector, with strong connectivity to Southeast Asia.

Myawady

Myanmar delegation led by Vice President U Nyo Saw departs for Russian Federation

NAY PYI TAW June 2

A Myanmar delegation led by Vice President U Nyo Saw of the Republic of the Union of Myanmar left Yangon by air this morning to attend the 29th St. Petersburg International Economic Forum (SPIEF 2026) to be held in St. Petersburg, the Russian Federation, and was seen off at the Yangon International Airport by Union Minister U Myint Kyaing, Yangon Region Chief Minister U Aung Naing Thu, the Commander of Yangon Command, regional ministers, and officials from the Embassy of the Russian Federation to Myanmar.

The Vice President was accompanied by Union Ministers U Aung Kyaw Hoe, U Htein Lin, U San Oo, U Ko Ko Lwin, U Khin Maung Soe, and U Tun Ohn, Deputy Minister U Ko Ko Kyaw, and departmental heads and officials.

Myawady



Vice President U Nyo Saw being seen off at the airport by officials.

Speaker of Pyidaungsu Hluttaw Speaker of Amyotha Hluttaw U Aung Lin Dway meets members of the Standing Committee of Amyotha Hluttaw

NAY PYI TAW June 2

Speaker of Pyidaungsu Hluttaw and Amyotha Hluttaw U Aung Lin Dway met with members of the Amyotha Hluttaw Standing Committee at the meeting hall of the Amyotha Hluttaw Building in Nay Pyi Taw this morning.

During the meeting, the Speaker emphasized that, under the Constitution, Parliament is responsible not only for legislative functions but also for overseeing the executive and judicial branches in accordance with the law. He noted that parliamentary committees play a vital role in carrying out these responsibilities.

The Speaker further highlighted that the Standing Committees are key parliamentary bodies vested with the authority to communicate with the Union Government and Union-level organizations established under the Constitution. They are also empowered to invite relevant officials, conduct hearings, raise inquiries, and request the submission of necessary evidence in performing their oversight duties, making them essential institutions within the parliamentary framework.

The Speaker noted that the four Standing Committees—the Bills Committee, the Public Accounts Committee, the Hluttaw Rights Committee, and the Government Guarantees, Pledges and Undertakings Vetting Committee—are entrusted with distinct responsibilities, including examining and discussing bills, scrutinizing the Union budget and expenditures, safeguarding parliamentary rights, and reviewing the guarantees, commitments and responsibilities of the Union Government. He described them as among the most important committees in carrying out the functions of Parliament. He stressed that the Standing Committees must work in close cooperation with the government, emphasizing that collaboration is essential for the effective functioning of state institutions and the promotion of the public interest.



Speaker of Pyidaungsu Hluttaw Speaker of Amyotha Hluttaw U Aung Lin Dway meets members of the Standing Committee of Amyotha Hluttaw.

The committees play a pivotal role in legislation, financial oversight, and ensuring that parliamentary representatives adhere to ethical standards in the discharge of their duties. The Speaker said that the activities of the committees, together with Parliament's efforts to implement the aspirations of the people, demonstrate Parliament's commitment to serving the public while also promoting government transparency and accountability. He encouraged the committees to carry out their responsibilities diligently, give careful consideration to their findings and recommendations, and exercise their powers in a manner that advances the public interest.

He further noted that, in the course of parliamentary work, committees may need to coordinate not only within their respective chambers but also with committees from other parliamentary bodies. As the future development of the nation depends on their collective deliberations and responsibilities, he expressed confidence that the success of the committees would enhance the prestige of Parliament and strengthen public trust. The Speaker also emphasized that parliamentarians should not merely perform their duties as a routine obligation but should remain committed to working for the welfare and interests of the people.

Following the discussions, the chairpersons and secretaries of the Hluttaw Rights Committee, the Bills Committee, the Public Accounts Committee, and the Government Guarantees, Pledges and Undertakings Scrutiny Committee presented reports on the composition of their respective committees, ongoing activities, and future work plans. The meeting concluded with a closing address delivered by the Speaker of the Amyotha Hluttaw.

Myawady

Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

Accelerated and prioritized efforts to combat online scams and online gambling

NAY PYI TAW June 2

Online scams and online gambling have been operating primarily in Myanmar-China border areas such as Shan State (Namkham, Muse, Laukkaing, Chinshwehaw, Pansan, Mongla, Tachilek) and Myanmar-Thailand border areas such as Kayin State (Shwe Kokko, Maehtawthalay, Minletpan, and Phayathonezu), where ethnic armed organizations are active. These online scams and online gambling activities constitute national security threats and are classified as crimes against a large number of people, with various countries severely suffering from the resulting consequences and negative impacts. The government is prioritizing efforts to combat online scams and online gambling, which pose a danger to the international community and the entire world, as a national duty. To ensure that these globally harmful online scams and online gambling cannot establish any foothold in Myanmar, active measures are being taken through coordinated efforts with neighbouring governments as well as domestic forces.



Photo documentation of the deportation and handover of foreign nationals arrested for online scams and online gambling in Muse Township, Shan State.



Photo documentation of the deportation and handover of foreign nationals arrested for online scams and online gambling in Myawady Township, Kayin State.



Photo documentation of the destruction of evidence items used in online scams and online gambling activities in Myawady Township, Kayin State.



Photo documentation of the burning and destruction of buildings used for online scams and online gambling in Kyaukme Township, Shan State.

Regarding the crackdown on these online scams and online gambling operations, accelerated actions have resulted in the highest number of arrests in Shan State and Kayin State. Between October 5, 2023, and May 28, 2026, authorities identified and arrested 72,619 illegal foreign nationals who had unlawfully entered Myanmar's border areas to engage in online scams, casino operations, massage parlors, illegal prostitution, and restaurant businesses. Taking into account humanitarian considerations and bilateral friendship, these individuals were not prosecuted under domestic law but were deported and handed over to their respective countries in accordance with legal procedures.

As part of these transfers, between October 5, 2023, and May 28, 2026, 56,918 foreign nationals who had illegally entered Shan State for online financial scams and other activities were repatriated via Moneah Bridge, Yanlonkyaing Gate, BP-58, BP-125, Nanfarhauk Gate, Manwane Gate, Pangwai Town, Yonhe Gate, Talot Gate, BP-240, Maisai Gate, Tachilek Bridge No. 1, Tachilek Bridge No. 2, Laos' Mongmao Port, and Wan Pung Port.

Similarly, in Kayin State's Myawady Township, a joint task force began arresting and transferring illegal foreign nationals involved in online financial scams starting January 30, 2025. By May 26, 2026, 14,685 illegal foreign nationals had been apprehended, of which 13,521 have been deported to their respective countries, leaving 1,164 awaiting transfer.

Myanmar citizens and foreign nationals involved in online scams and online gambling have been identified, arrested, and prosecuted under existing laws. From January 1, 2023, to December 31, 2023, a total of 15 cases were recorded in Yangon Region and Shan State, resulting in the arrest of 49 Myanmar males, 63 Myanmar females, and 7 foreign males.

From January 1, 2024, to December 31, 2024, a total of 66 cases in Mandalay Region, Yangon Region, and Shan State led to the arrest of 431 Myanmar males, 327 Myanmar females, 761 foreign males, and 26 foreign females.

From January 1, 2025, to December 31, 2025, a total of 41 cases in Mandalay Region, Yangon Region, Mon State, and Shan State resulted in the arrest of 232 Myanmar males, 180 Myanmar females, 370 foreign males, and 20 foreign females.

From January 1, 2026, to May 28, 2026, a total of 23 cases in Mandalay Region, Yangon Region, Kayin State, and Shan State led to the arrest of 214 Myanmar males, 244 Myanmar females, 447 foreign males, and 62 foreign females.

In total, from January 1, 2023, to May 28, 2026, across 145 cases, authorities arrested and prosecuted 926 Myanmar males, 814 Myanmar females (total 1,740), and 1,585 foreign males, 108 foreign females (total 1,693), amounting to 3,433 individuals, in accordance with existing laws.

Additionally, to eradicate online scams and online gambling, joint teams comprising military columns and security forces conducted area security operations. The majority of buildings used for online gambling were found in Shan State and Kayin State. These structures have been legally demolished through explosives or mechanical means. Among 308 illegally constructed buildings in Shan State and 782 in Kayin State (1,090 total), 962 have been destroyed between February 5, 2025, and May 28, 2026. The remaining 128 buildings in Kayin State will be further demolished.

In Shan State, 308 buildings used for illegal online gambling across 16 townships—including Mongyai, Tangyan, Mongnaung, Kunhein, Kyethi, Likha, Kali, Mongpauk, Mongkung, Namsan, Muse, Tachilek, Metman, Mongkhat, and Mongshu—were destroyed between February 5, 2025, and May 28, 2026.

Similarly, in Kayin State's Myawady Township, within KK Park, 634 illegally constructed buildings were demolished in three phases between October 23, 2025, and January 8, 2026, using explosives and heavy machinery. Phase 1 (147 buildings) took place from October 23 to November 19, 2025; Phase 2 (62 buildings) from January 1 to 8, 2026; and Phase 3 (425 buildings) from November 17, 2025, to January 6, 2026.

Likewise, in Myawady Township's Shwe Kokkho Village, 77 illegally constructed buildings intended for online gambling have been systematically demolished. As of June 2, 2026, 27 buildings have been destroyed, with the remaining 50 buildings to be demolished further.

Starting November 18, 2025, authorities also destroyed equipment seized from sites around Shwe Kokkho Village, including 3,310 computers/monitors, 21,870 mobile handsets, 102 Starlink devices, casino gaming tables, 22 routers, and from the 69 KTV compound near Myawady's Ward 3 along the Myawady-Maehtawthalay road, an additional 82 computers and 92 mobile phones.

Due to the harm caused to the state and citizens by online scams and gambling, these activities are being prosecuted under the Cybersecurity Law. Related offenses such as human trafficking, people smuggling, forced labour, and money laundering are also being effectively addressed. A draft Online Scam Countermeasure Law was announced on May 14, 2026, for public review and feedback.

The government is actively cooperating with neighbouring countries, regional states, and international organizations to effectively and severely identify, arrest, and prosecute those involved in online scam centers, including foreign masterminds operating behind the scenes. Furthermore, efforts are being made to swiftly repatriate foreign nationals in distress and trafficking victims to their respective countries through effective coordination.

100

President of the Republic of the Union of Myanmar U Min Aung Hlaing holds talks with Governor of Maharashtra State


NAY PYI TAW June 2

President of the Republic of the Union of Myanmar U Min Aung Hlaing who was on an official visit to Mumbai, India, held talks with Governor of Maharashtra State Shri. Jishnu Dev Verma this evening.

The President and his high-level Myanmar delegation arrived at the Maharashtra Lok Bhavan Mumbai (Governor's House), and was warmly welcomed by the governor.

Then the President and the governor held discussions. Also present at the meeting together with the President were union ministers and other members of the delegation, and the Myanmar ambassador to India. The governor was accompanied by the ministers of the state government, the Indian ambassador to Myanmar and officials.

At the meeting, they openly discussed the good relations along the history as the two countries are good neighbours, the progress of friendly ties and cooperation, bilateral relations between the peoples of both countries, efforts of the high-level Myanmar delegation to further promote trade and investment between Myanmar and India, gratitude expressed by the Myanmar government and the people to India for its good neighbourly assistance when Myanmar faced natural disasters, and promotion of multi-sector cooperation between the two countries.



President of the Republic of the Union of Myanmar U Min Aung Hlaing holds talks with Governor of Maharashtra State Shri. Jishnu Dev Verma.



President of the Republic of the Union of Myanmar U Min Aung Hlaing signs the visitor's book of the Maharashtra Lok Bhavan Mumbai (Governor's House).

After the meeting, the President and the Governor had documentary photos taken together with the attendees. When the President and party arrived at the venue where the Governor would host a dinner in their honour, the state band played the national anthems of both countries.

The Governor of Maharashtra introduced his entourage to the President who also presented his entourage.

The governor hosted the dinner to the President and high-level Myanmar delegation members. Before and during the dinner, the state band played songs of both countries.

After the dinner, the President signed the guests' book of Maharashtra Lok Bhavan Mumbai (Governor's House).

The President and party enjoyed the music entertainment of the state band. The President and the Governor presented cash awards and cordially greeted them.

Myawady

President of the Republic of the Union of Myanmar U Min Aung Hlaing receives Governor of Reserve Bank of India on his courtesy call


NAY PYI TAW June 2

President of the Republic of the Union of Myanmar U Min Aung Hlaing, who was on an official visit to New Delhi, India, received Governor of the Reserve Bank of India H.E. Shri. Sanjay Malthotra on his courtesy call on the President this morning.

During the call, they frankly discussed development of trade and businesses and promotion of cooperation in multiple sectors, cooperation between banks to the two countries to facilitate payments in trade, measures taken for direct payments in Rupee and Kyat in trade, plans to share knowledge about banking systems to Myanmar banking staff and sharing digital payment experience between the two countries.

Also present together with the President were his entourage member union ministers U Khin Maung Yi and U Tin Maung Swe, Governor of the Central Bank of Myanmar Dr Khin Naing Oo and members and the Governor of the Reserve Bank of India was accompanied by officials of the Ministry of External Affairs of India.

Myawady



President of the Republic of the Union of Myanmar U Min Aung Hlaing receives Governor of the Reserve Bank of India H.E. Shri. Sanjay Malthotra.

အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များအား အရှိန်အဟုန်မြှင့် အလေးထားဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇွန် ၂

အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများသည် မြန်မာနိုင်ငံ နယ်စပ်ဒေသများရှိတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ လူပုဂ္ဂိုလ်စိုးမိုးလျက်ရှိသည့် ရှမ်းပြည်နယ်၊ နန်းခမ်း၊ မူဆယ်၊ လောက်ကိုင်၊ ချင်းရွှေဟော်၊ ပန်ဆန်း၊ မိုင်းလားနှင့် တာချီလိတ် အစရှိသည့် မြန်မာ–တရုတ် နယ်စပ်ဒေသများနှင့် ကရင်ပြည်နယ်၊ ရွှေကုက္ကိုလ်၊ မယ်ထော်သလေး၊ မင်းလက်ပံနှင့် ဘုရားသုံးဆူ အစရှိသည့် မြန်မာ–ထိုင်းနယ်စပ်ဒေသများတွင် အခြေပြုလုပ်ကိုင်ခဲ့ကြခြင်းဖြစ်ပြီး အဆိုပါအွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများသည် နိုင်ငံတော်လုံခြုံရေးကို ခြိမ်းခြောက်သော (National Security Threat) ရာဇဝတ်မှုခင်းများဖြစ်သည့်အပြင် ယင်းရာဇဝတ်မှုများသည် လူအများစုအပေါ် ကျူးလွန်သော ရာဇဝတ်မှုအဖြစ်သတ်မှတ်ထားပြီး ထွက်ပေါ်လာသောရလဒ်နှင့် ဆိုးကျိုးများကို နိုင်ငံအသီးသီးက ပြင်းထန်စွာခံစားနေရပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့်လည်း နိုင်ငံတကာနှင့်တစ်ကမ္ဘာလုံးကို အန္တရာယ်ပေးနေသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ တစ်ကမ္ဘာလုံးကို အန္တရာယ်ပေးနေသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက် ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်မှ ၂၀၂၆ ခုနှစ်၊ မေလ ၂၈ ရက်အထိ မြန်မာနိုင်ငံနယ်စပ်ဒေသများအတွင်းသို့ တရားမဝင်ဝင်ရောက်၍ အွန်လိုင်းလိမ်လည်မှုပြုလုပ်ခြင်း၊ ကာစီနိုကစားဝိုင်းများပြုလုပ်ခြင်း၊ အနိုပ်ခန်းနှင့် တရားမဝင်ပြည့်တန်ဆာလုပ်ငန်းများ ပြုလုပ်ခြင်းနှင့် စားသောက်ဆိုင်လုပ်ငန်းများ ပြုလုပ်ဆောင်ရွက်သူများ စသည့် အထောက်ထားမဲ့ဝင်ရောက်လာသူ တရားမဝင်နိုင်ငံခြားသား ၇၂၆၁၉ ဦးတို့အား ရှာဖွေဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ပြီး ၎င်းတို့အား လူသားချင်း စာနာထောက်ထားမှုနှင့် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုတို့အား ရှေးရှုကာ ပြည်တွင်းဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ခြင်းမပြုဘဲ သက်ဆိုင်ရာနိုင်ငံအသီးသီးသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်နှင်လွှဲပြောင်းပေးအပ်ခဲ့သည်။


ထိုသို့လွှဲပြောင်းခဲ့ရာ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်မှ ၂၀၂၆ ခုနှစ်၊ မေလ ၂၈ ရက် အထိ ရှမ်းပြည်နယ်အတွင်း၌ အွန်လိုင်းငွေကြေးလိမ်လည်မှုလုပ်ငန်းများအပါအဝင် တရားမဝင် ဝင်ရောက်လာသည့် နိုင်ငံခြားသား ၅၆၉၁၈ ဦးတို့အား မုံးအတံတား၊ ရန်လုံကျိုင်းဂိတ်၊ ဘီပီ–၅၈၊ ဘီပီ–၁၂၅၊ နန့်ဖာဟော်ဂိတ်၊ မန်းဝိန်းဂိတ်၊ ပန်ဝိုင်မြို့၊ ရုံဟယ်ဂိတ်၊ တာလော့ဂိတ်၊ တံတား၊ လာအိုနိုင်ငံ၊ မိုင်းမောဆိပ်ကမ်းနှင့် ဝမ်ပုံဆိပ်ကမ်းတို့မှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေး ခဲ့သည်။

ထို့အတူ ကရင်ပြည်နယ်၊ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင်နယ်စပ်ဖြတ်ကျော်ဝင်ရောက်လာပြီး တရားမဝင်အွန်လိုင်းငွေကြေးလိမ်လည်မှုလုပ်ငန်းလုပ်ကိုင်ခဲ့သော နိုင်ငံခြားသားများအား ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်မှစတင်၍ ဌာနဆိုင်ရာတာဝန်ရှိသူများပါဝင်သော ပူးပေါင်းအဖွဲ့ဖြင့် ဖမ်းဆီးထိန်းသိမ်း/လွှဲပြောင်းခဲ့မှုများဆောင်ရွက်ခဲ့ရာ ၂၀၂၆ ခုနှစ်၊ မေလ ၂၆ ရက်အထိ တရားမဝင် နိုင်ငံခြားသား ၁၄၆၈၅၅ ဦးအား ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့ပြီး ၁၃၅၂၁ ဦးအား သက်ဆိုင်ရာနိုင်ငံများသို့ ပြည်နှင်ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ခဲ့သဖြင့် လွှဲပြောင်းရန် ၁၁၆၄ ဦးကျန်ရှိသည်။

စာမျက်နှာ ၂၃ သို့ ◆



(၂၉-၁-၂၀၂၃)ရက်နေ့တွင် Golden Gift (Online ကံစမ်းမဲဖောက်လောင်းကစား) လုပ်ငန်းလုပ်ကိုင်သည့် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ FMI CITY၊ ချင်းတွင်းလမ်း၊ အမှတ်(FG-98)နေအိမ်မှ တရားခံ အောင်ဖုန်းကျော်ပါ ၁၉ ဦးနှင့် သက်သေခံပစ္စည်းများကို တွေ့ရစဉ်။





(၂၈-၆-၂၀၂၄)ရက်နေ့တွင် ရှမ်းပြည်နယ်၊ တာချီလိတ်မြို့နယ်တွင် တရားမဝင် Online လောင်းကစားလုပ်ကိုင်သူ မြန်မာနိုင်ငံသား ၁၂ ဦးနှင့် တရုတ်နိုင်ငံသား ၂၅ ဦးတို့အား သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိမှုကိုတွေ့ရစဉ်။



(၁၆-၆-၂၀၂၅)ရက်နေ့တွင် ရှမ်းပြည်နယ်၊ မူဆယ်မြို့နယ်၌ တရားမဝင် Online ငွေကြေးလိမ်လည်လုပ်ငန်း လုပ်ကိုင်သူ မြန်မာနိုင်ငံသား ၉၇ ဦးနှင့် တရုတ်နိုင်ငံသား ၄၁ ဦးတို့အား သက်သေခံပစ္စည်းများနှင့်အတူဖော်ထုတ်ဖမ်းဆီးရမိမှုကိုတွေ့ရစဉ်။



ရှမ်းပြည်နယ်၊ တာချီလိတ်မြို့နယ်၌ အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုမှ ဖမ်းဆီးရမိသည့် နိုင်ငံခြားသားများအား ပြည်နှင်လွှဲပြောင်းပေးအပ်မှုကိုတွေ့ရစဉ်။





ကရင်ပြည်နယ်၊ မြဝတီမြို့နယ်၌ အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုတွင် အသုံးပြုသည့်အဆောက်အဦများအား ဖြိုချဖျက်ဆီးမှုကိုတွေ့ရစဉ်။

◆ **စာမျက်နှာ ၂၂ မှအဆက်**

အွန်လိုင်းအသုံးပြုလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုတို့တွင် ပါဝင်ပတ်သက်ကျူးလွန်နေကြသည့်မြန်မာနိုင်ငံသားများအပါအဝင် နိုင်ငံခြားသားများအား ဖော်ထုတ်ဖမ်းဆီး၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်ခဲ့ရာ ၂၀၂၃ ခုနှစ်၊ ဧန်နဝါရီလ ၁ ရက်နေ့မှ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ ရန်ကုန်တိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့၌ အမှုပေါင်း(၁၅)မှုမှ မြန်မာနိုင်ငံသား ကျား(၄၉)ဦး၊ မ(၆၃)ဦး၊ နိုင်ငံခြားသား ကျား(၇)ဦးတို့အားလည်းကောင်း။

၂၀၂၄ ခုနှစ်၊ ဧန်နဝါရီလ ၁ ရက်နေ့မှ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့၌ အမှုပေါင်း(၆၆)မှုမှ မြန်မာနိုင်ငံသား ကျား(၄၃၁)ဦး၊ မ(၃၃)ဦး၊ နိုင်ငံခြားသား ကျား(၇၆၁)ဦး၊ မ(၂၆)ဦးတို့အားလည်းကောင်း။

၂၀၂၅ ခုနှစ်၊ ဧန်နဝါရီလ ၁ ရက်နေ့မှ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့၌ အမှုပေါင်း(၄၁)မှုမှ မြန်မာနိုင်ငံသား ကျား(၂၃၂)ဦး၊ မ(၁၈၀)ဦး၊ နိုင်ငံခြားသား ကျား(၃၀၀)ဦး၊ မ(၂၀)ဦးတို့အားလည်းကောင်း။

၂၀၂၆ ခုနှစ်၊ ဧန်နဝါရီလ ၁ ရက်နေ့မှ မေလ ၂၈ ရက်နေ့အထိ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်တို့၌ အမှုပေါင်း(၂၂)မှုမှ မြန်မာနိုင်ငံသား ကျား(၄၆)ဦး၊ မ(၁၀၆)ဦး၊ နိုင်ငံခြားသား ကျား(၂၀၆)ဦး၊ မ(၂၀)ဦးတို့အားလည်းကောင်း။

အသီးသီးဖမ်းဆီးအရေးယူဆောင်ရွက်ခဲ့ရာ ၂၀၂၃ ခုနှစ်၊ ဧန်နဝါရီလ ၁ ရက်နေ့မှ ၂၀၂၆ ခုနှစ် မေလ ၂၈ ရက်နေ့အထိ ကာလအတွင်း အမှုပေါင်း(၁၄၅)မှုမှ မြန်မာနိုင်ငံသား ကျား(၉၂၆) ဦး၊ မ(၈၁၄) ဦး၊ ပေါင်း(၁၇၄၀) ဦး၊ နိုင်ငံခြားသား ကျား(၁၅၈၅)ဦး၊ မ(၁၀၈)ဦး၊ ပေါင်း(၁၆၉၃)ဦး၊ စုစုပေါင်း(၃၄၃၃) ဦးတို့အားဖော်ထုတ်ဖမ်းဆီး၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်နိုင်ခဲ့ပါသည်။

ထို့အတူ အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများ ပပျောက်စေရေးအတွက် တပ်မတော်စစ်ကြောင်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့များဖြင့် နယ်မြေလုံခြုံရေးလုပ်ငန်းများဆောင်ရွက်ခဲ့ရာ ရှမ်းပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်း အွန်လိုင်းလောင်းကစားပြုလုပ်သည့်အဆောက်အဦများအား အများဆုံးတွေ့ရှိရပြီး အဆိုပါအဆောက်အဦများအား ဥပဒေနှင့်အညီဖောက်ခွဲဖျက်ဆီးခြင်း၊ စက်ယန္တရားများအသုံးပြု၍ဖြိုချဖျက်ဆီးခြင်းများဆောင်ရွက်ခဲ့သည်။ ထိုသို့ဆောင်ရွက်ရာတွင် ရှမ်းပြည်နယ်အတွင်း တရားမဝင်ဆောက်လုပ်ထားသည့်အဆောက်အဦ(၃၀၈)လုံး၊ ကရင်ပြည်နယ်အတွင်း (၇၈၂)လုံး၊ စုစုပေါင်း(၁၀၉၀)လုံးရှိပြီး အဆိုပါအဆောက်အဦများအား ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်နေ့မှ ၂၀၂၆ ခုနှစ်၊ မေလ ၂၈ ရက်နေ့အထိ ဖျက်ဆီးခဲ့ရာ (၉၆၂)လုံး ဖျက်ဆီးပြီးဖြစ်၍ ကရင်ပြည်နယ်အတွင်းကျန်ရှိသည့် အဆောက်အဦ(၁၂၈)လုံးအား ဆက်လက်ဖျက်ဆီးသွားမည်ဖြစ်သည်။

ရှမ်းပြည်နယ်အတွင်း မိုင်းရယ်၊ တန့်ယန်း၊ မိုင်းနောင်၊ ကွန်ဟိန်း၊ ကျောသီး၊ လဲချား၊ ကာလိ၊ မိုင်းပေါက်၊ မိုင်းကိုင်၊ နမ့်ဆန်၊ မူဆယ်၊ တာချီလိတ်၊ မက်မန်း၊ မိုင်းခတ်နှင့် မိုင်းရျူးမြို့နယ်၊ စုစုပေါင်းမြို့နယ်(၁၆)မြို့



ကရင်ပြည်နယ်၊ မြဝတီမြို့နယ်၌ အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုမှဖမ်းဆီးရမိသည့် နိုင်ငံခြားသားများအား ပြည်နှင်လွှဲပြောင်းမှုကိုတွေ့ရစဉ်။

နယ်အတွင်းမှ တရားမဝင်အွန်လိုင်းလောင်းကစားလုပ်ကိုင်သည့်အဆောက်အဦ(၃၀၈)လုံးအား ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်နေ့မှ ၂၀၂၆ ခုနှစ်၊ မေလ ၂၈ ရက်နေ့အထိ ဖျက်ဆီးခဲ့ပြီးဖြစ်သည်။

အလားတူ ကရင်ပြည်နယ်၊ မြဝတီမြို့နယ်၊ KK Park အတွင်း၌ တရားမဝင်ဆောက်လုပ်ထားသည့် အဆောက်အဦ(၆၃၄)လုံးအား ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက်နေ့မှ ၂၀၂၆ ခုနှစ်၊ ဧန်နဝါရီလ ၈ ရက်နေ့အထိ အပိုင်း(၃)ပိုင်းခွဲ၍ ဖောက်ခွဲဖျက်ဆီးခြင်းနှင့် စက်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးခြင်းများ ဆောင်ရွက်ခဲ့ရာ အပိုင်း(၁)တွင်အဆောက်အဦ(၁၄၇)လုံးအား ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက်နေ့မှ နိုဝင်ဘာလ ၁၉ ရက်နေ့အထိလည်းကောင်း၊ အပိုင်း(၂)တွင် အဆောက်အဦ(၆၂)လုံးအား ၂၀၂၆ ခုနှစ်၊ ဧန်နဝါရီလ ၁ ရက်နေ့မှ ၈ ရက်နေ့အထိ အပိုင်း(၃)တွင် အဆောက်အဦ(၄၂၅)လုံးအား ၂၀၂၆ ခုနှစ်၊ ဧန်နဝါရီလ ၁ ရက်နေ့မှ ၂၈ ရက်နေ့အထိ ကာလအတွင်း အမှုပေါင်း(၁၄၅)မှုမှ မြန်မာနိုင်ငံသား ကျား(၉၂၆) ဦး၊ မ(၈၁၄) ဦး၊ ပေါင်း(၁၇၄၀) ဦး၊ နိုင်ငံခြားသား ကျား(၁၅၈၅)ဦး၊ မ(၁၀၈)ဦး၊ ပေါင်း(၁၆၉၃)ဦး၊ စုစုပေါင်း(၃၄၃၃) ဦးတို့အားဖော်ထုတ်ဖမ်းဆီး၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်နိုင်ခဲ့ပါသည်။

ထို့အတူ မြဝတီမြို့နယ်၊ ရွှေကုက္ကိုလ်ကျေးရွာ၌ အွန်လိုင်းလောင်းကစားလုပ်ကိုင်ရန် တရားမဝင်ဆောက်လုပ်ထားသည့် အဆောက်အအုံ(၇၇)လုံးရှိပြီး အဆိုပါအဆောက်အအုံများအား စနစ်တကျဖျက်ဆီးခဲ့ရာ ၂၀၂၆ ခုနှစ်၊ ဇွန်လ ၂ ရက်အထိ အဆောက်အအုံ(၂၇)လုံး ဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ကျန်ရှိသည့်အဆောက်အဦ(၅၀)လုံးအား ဆက်လက်ဖျက်ဆီးသွားမည်ဖြစ်သည်။

အလားတူ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်မှ ၂၀၂၆ ခုနှစ်၊ ဧန်နဝါရီလ ၆ ရက်အထိလည်းကောင်း ဖျက်ဆီးခဲ့သည်။

ထို့အတူ မြဝတီမြို့နယ်၊ ရွှေကုက္ကိုလ်မြို့ငယ်ရန် တရားမဝင်ဆောက်လုပ်ထားသည့် အဆောက်အအုံများအား စနစ်တကျဖျက်ဆီးခဲ့ရာ ၂၀၂၆ ခုနှစ်၊ ဇွန်လ ၂ ရက်အထိ အဆောက်အအုံ(၂၇)လုံး ဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ကျန်ရှိသည့်အဆောက်အဦ(၅၀)လုံးအား ဆက်လက်ဖျက်ဆီးသွားမည်ဖြစ်သည်။

အလားတူ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်နေ့မှ စတင်၍ ရွှေကုက္ကိုလ်မြို့ငယ်ကျေးရွာ ပတ်ဝန်းကျင်ရှိလုပ်ငန်းဆိုဒ်များမှ စစ်ဆေးတွေ့ရှိခဲ့သည့်ကွန်ပျူတာ/မော်နီတာ(၃၃၁၀) လုံး၊ မိုဘိုင်းဖုန်းဟန်းဆက်(၂၁၈၇၀)လုံး၊ Starlink စက်(၁၀၂)လုံး၊ ကာစီနိုလောင်းကစားခုံ၊ Router(၂၂)လုံးတို့နှင့် မြဝတီမြို့၊ အမှတ်(၃)ရပ်ကွက်၊ မြဝတီ-မဲထောသလေးသွားကားလမ်းဘေးရှိ 69 KTV ခြံဝင်းအတွင်းမှ သိမ်းဆည်းရရှိခဲ့သည့် ကွန်ပျူတာ(၈၂)လုံး၊ မိုဘိုင်းဖုန်း(၉၂)လုံးတို့အား ဖျက်ဆီးရှင်းလင်းနိုင်ခဲ့သည်။

အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုများကြောင့် နိုင်ငံတော်နှင့် ပြည်သူများအတွက် ထိခိုက်နစ်နာမှုများဖြစ်ပေါ်လျက်ရှိသဖြင့် အွန်လိုင်းလိမ်လည်မှု၊ အွန်လိုင်းလောင်းကစားမှုများကို ဆိုက်ဘာလုံခြုံရေးဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိပြီး ယင်းတို့နှင့်ဆက်စပ်ဖြစ်ပွားသောလူကုန်ကူးမှု၊ လူမှောင်ခိုမှု၊ အဓမ္မလုပ်အားခိုင်းစေမှု၊ ငွေကြေးခဝါချမှုများကိုလည်း ထိထိရောက်ရောက် အရေးယူဆောင်ရွက်လျက်ရှိကာ အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ ဥပဒေကြမ်းကိုလည်း ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ၂၀၂၆ ခုနှစ်၊ မေလ ၁၄ ရက်နေ့တွင် ထုတ်ပြန်ထားခြင်းဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများအား ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်း နိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများ နှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

(၁၀၀)

(၂-၆-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

	အမေရိကန်ဒေါ်လာ	တရုတ်ယွမ်	ထိုင်းဘတ်	အိန္ဒိယရူပီး
ငွေလဲလှယ်နှုန်း	၃၆၅၃ ~ ၃၆၆၉	၅၅၇ ~ ၅၅၈.၇	၁၂၅.၃ ~ ၁၂၅.၇	၄၃.၆
ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏ	၈,၂၀၀,၃၂၈.၄၇	၈၅၉,၅၄၄.၅၈	၃၂,၈၀၆,၀၃၂.၉၈	၁၈,၅၄၁,၀၀၀.၀၀
ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့်ပမာဏ				

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ဆေးနှင့် ဆေးဝါးကုန်ကြမ်းပစ္စည်းများ၊ စက်မှုကုန်ကြမ်း၊ မုယော၊ ဓာတ်မြေဩဇာ၊ ထုပ်ပိုးမှုပစ္စည်းများ၊ စားသုံးကုန်စည် တင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍာဝင်ရောက်ငွေမှ စားသုံးဆီကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၁.၇၉ သန်းကိုလည်းကောင်း၊ CMP ကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၀.၀၂ သန်းကိုလည်းကောင်း ရောင်းချပေးခဲ့ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

မိုးသီးနှံဂေါ်ရခါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

အောင်ပန်း ဇွန် ၂

ရှမ်းပြည်နယ်(တောင်ပိုင်း)အောင်ပန်းမြို့သာမိုင်းခမ်းကျေးရွာ၌ စိုက်ပျိုးလျက်ရှိသော မိုးသီးနှံ ဂေါ်ရခါးစိုက်ခင်းများမှာ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

"ကျွန်တော်က ရာသီအလိုက် သီးနှံစိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်ပါတယ်။ အခုကတော့ မိုးသီးနှံဖြစ်တဲ့ ဂေါ်ရခါးစိုက်ထားပါတယ်။ စိုက်ဧကကတော့ ၂ ဒသမ ၅၀ ဧကစိုက်တယ်။ စတင်စိုက်ပျိုးတာကတော့ မတ်လကုန်ခါနီးမှာစိုက်တယ်။ အခုလက်ရှိမှာတော့ အသီးအပွင့်တွေလိုက်နေပါပြီ။ အသီးအပွင့်လိုက်ပြီး ၁၀ ရက်လောက်ဆိုရင်တော့ အသီးကင်းစထွက်ပါတယ်။ အခုလိုအသီးအပွင့်လိုက်တဲ့အချိန်မှာတော့ အသီးအပွင့်အားဆေးဖျန်းပေးရတယ်။ ပြီးတော့ အသီးအားကောင်းစေတဲ့ ဓာတ်မြေဩဇာကျွေးရပါတယ်။ အသီးကင်းစသီးပြီဆိုရင်တော့ ရက် ၂၀ အတွင်းမှာ အသီးတွေစတင်ဆွတ်ခူးပြီး ဈေးကွက်ကိုတင်ပို့ရောင်းချလို့ရပါပြီ "ဟု မိုးသီးနှံဂေါ်ရခါးစိုက်ပျိုးသူ ဦးစိုင်းမြင့်ဇော်က ပြောသည်။

စိုက်ပျိုးရေးလုပ်ငန်းမှာ ဒေသ၏အဓိကစီးပွားရေးလုပ်ငန်းဖြစ်ပြီး ယခုအခါဒေသတွင်းမိုးသီးနှံဂေါ်ရခါးစိုက်ခင်းများမှာ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

ထွက်ရှိလာသော သီးနှံများကို အောင်ပန်းမြို့ရှိ သီးနှံပွဲရုံများမှတစ်ဆင့် မန္တလေး၊ နေပြည်တော်၊ ရန်ကုန်၊ မုံရွာအစရှိသောဒေသတို့သို့ ကုန်တင်ယာဉ်ကြီးများဖြင့် နေ့စဉ်တင်ပို့လျက်ရှိကြောင်း သိရသည်။

(၆၀၃)

၂၀၂၅ ခုနှစ်အတွင်း ဘေးကင်းလုံခြုံမှုဆိုင်ရာ စီမံခန့်ခွဲရေးလုပ်ငန်းပြန်လည်သုံးသပ်ခြင်း အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲကျင်းပ

ရန်ကုန် ဇွန် ၂

မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများဖက်ဒရေးရှင်းတို့ ပူးပေါင်းကျင်းပသည့် "၂၀၂၅ ခုနှစ်အတွင်း ဘေးကင်းလုံခြုံမှုဆိုင်ရာ စီမံခန့်ခွဲရေးလုပ်ငန်းပြန်လည်သုံးသပ်ခြင်းအလုပ်ရုံဆွေးနွေးပွဲ" ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ Rose Garden Hotel ၌ကျင်းပရာ အသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာမျိုးညွှန့် တက်ရောက်အမှာစကားပြောကြားသည်။


ထို့နောက်အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများဖက်ဒရေးရှင်းမှ Head of Delegation Ms.Nadia KHOURY နှင့်အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီမှ Movement Cooperation Specialist ဒေါ်အေးသန္တာထွန်းတို့က နှုတ်ခွန်းဆက်စကားပြောကြားပြီး ဘေးကင်းလုံခြုံမှုဆိုင်ရာ စီမံခန့်ခွဲရေးတာဝန်ခံ ဦးအောင်နိုင်လွင်က ၂၀၂၅ ခုနှစ်အတွင်း လုပ်ငန်းပြီးမြောက်အောင်မြင်မှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ၂၀၂၅ ခုနှစ်အတွင်း ဘေးကင်းလုံခြုံမှုဆိုင်ရာ စီမံခန့်ခွဲမှုအကောင်းဆုံးဆု၊ ချိတ်ဆက်ညှိနှိုင်းမှုအကောင်းဆုံးဆု၊ အသိပညာပေးမှုနှင့် အစီအစဉ်ရေးဆွဲမှုအကောင်းဆုံးဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်သည်။

ဇွန်လ ၂ ရက်မှ ၃ ရက်အထိ ကျင်းပလျက်ရှိသည့် အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့ တိုင်းဒေသကြီး/ပြည်နယ်ကြက်ခြေနီကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌများနှင့် ကြက်ခြေနီတပ်ဖွဲ့မှူးများ၊ ဘေးကင်းလုံခြုံမှုဆိုင်ရာညှိနှိုင်းဆောင်ရွက်ပေးသူ Focal Person ကြက်ခြေနီ စေတနာလုပ်အားရှင်များတက်ရောက်လျက်ရှိကြောင်း သိရသည်။

မြဝတီ

ကမ္ဘာ့နိုင်ငံရေးနဲ့စစ်ရေးပြိုင်ဆိုင်မှုသင်္ကေတအဖြစ်ဆက်ရှိနေမယ့် လေယာဉ်တင်သင်္ဘောကြီးများ



ပင်လယ်ပြင်ကျယ်ကြီးထဲမှာ မြို့ငယ်တစ်မြို့မျှ အရွယ်အစားရှိတဲ့ သင်္ဘောကြီးတစ်စင်းရွေ့လျားနေတယ်လို့ မြင်ယောင်ကြည့်လိုက်ပါ။ အဲဒီသင်္ဘောပေါ်မှာ လူထောင်ပေါင်းများစွာနေထိုင်နေတယ်။ တိုက်လေယာဉ် ဒါဇင်ပေါင်းများစွာတင်ဆောင်ထားတယ်။ ကိုယ်ပိုင်လေဆိပ်တစ်ခုလို လေယာဉ်တွေ အတက်အဆင်းလုပ်နိုင်တယ်။ လိုအပ်လာရင် မိုင်ထောင်ချီဝေးတဲ့ နိုင်ငံတစ်နိုင်ငံရဲ့ ကမ်းရိုးတန်းနားကိုသွားပြီး စစ်ရေးဖိအားပေးနိုင်တယ်။ ဒါဟာ လေယာဉ်တင်သင်္ဘောတစ်စင်းရဲ့ပုံရိပ်ပဲ ဖြစ်ပါတယ်။

လွန်ခဲ့တဲ့ ဆယ်စုနှစ်အနည်းငယ်အထိ လေယာဉ်တင်သင်္ဘောတွေကို ပင်လယ်ပြင်ဘုရင်လို့ သတ်မှတ်ခဲ့ကြပါတယ်။ ဒုတိယကမ္ဘာစစ်ကနေစပြီး စစ်အေးတိုက်ပွဲကာလအထိ ကမ္ဘာ့နိုင်ငံများစွာရဲ့ ရေတပ်အင်အားကိုတိုင်းတာတဲ့ အဓိကစံနှုန်းဟာ လေယာဉ်တင်သင်္ဘော ဘယ်နှစင်းရှိသလဲဆိုတာဖြစ်ပါတယ်။ ဒါပေမဲ့ ၂၁ ရာစုရောက်လာချိန်မှာတော့ အခြေအနေတွေက ပြောင်းလဲလာပါပြီ။ မောင်းသူမဲ့ဒရုန်းတွေပေါ်လာတယ်။ အသံထက် အဆပေါင်းများစွာမြန်တဲ့ အသံနှုန်းလွန်ဒုံးကျည်တွေ ပေါ်လာတယ်။ ရေပြင်အောက်မှာ လနဲ့ချီငုပ်လျှိုးပြီးသွားလာနိုင်စွမ်းရှိတဲ့နျူကလီးယားစွမ်းအင်အသုံးပြု ရေငုပ်သင်္ဘောတွေပေါ်လာတယ်။ ဉာဏ်ရည်တု (AI) နဲ့ချိတ်ဆက်ထားတဲ့ လက်နက်စနစ်တွေပေါ်ထွန်းလာပါတယ်။

ဒီလို နည်းပညာအသစ်တွေ ပေါ်လာတဲ့အခါတိုင်း စစ်ရေးလေ့လာသူတချို့က လေယာဉ်တင်သင်္ဘော ခေတ်ကုန်သွားပြီလို့ ခန့်မှန်းခဲ့ကြပါတယ်။ ဒါပေမဲ့ အမှန်တကယ်ဖြစ်လာတာကတော့ ထင်ထားတာနဲ့ ပြောင်းပြန်ဖြစ်နေပါတယ်။ တရုတ်က လေယာဉ်တင်သင်္ဘောအသစ်ဆောက်နေတယ်။ အမေရိကန်ကပိုအဆင့်မြင့်တဲ့ သင်္ဘောတွေ ထုတ်လုပ်နေတယ်။ ပြင်သစ်က သင်္ဘောအသစ်စီစဉ်နေတယ်။ အိန္ဒိယကတတိယမြောက်သင်္ဘောအတွက် ဆွေးနွေးနေတယ်။ ဂျပန်က သင်္ဘောတွေကိုမွမ်းမံနေတယ်။ တူကီယဲနဲ့ အင်ဒိုနီးရှားတို့ကတောင် လေယာဉ်တင်သင်္ဘောအိပ်မက်ကို စတင်မက်လာကြပါပြီ။ မေးစရာကရှင်းပါတယ်။ နည်းပညာမြင့်မားလှတဲ့ဒရုန်းခေတ်ထဲမှာ လေယာဉ်တင်သင်္ဘောတွေ ဘာကြောင့်မဆိတ်သုဉ်းသေးတာလဲဆိုတာပါပဲ။

ဒီမေးခွန်းကိုဖြေရရင် စစ်ရေးရှုထောင့်တစ်ခုတည်း ကနေကြည့်ရုံနဲ့ မလုံလောက်ပါဘူး။ လေယာဉ်တင်သင်္ဘောဆိုတာ လက်နက်တစ်ခုဖြစ်နေရုံသာမက နိုင်ငံရေးသင်္ကေတလည်း ဖြစ်ပါတယ်။ အမေရိကန်ဟာ ကမ္ဘာ့ရေးရာအကျပ်အတည်းတစ်ခုခု ဖြစ်လာချိန်တိုင်းမှာ သမ္မတက မိန့်ခွန်းပြောစရာမလိုပါဘူး။ စစ်ကြေညာစရာမလိုပါဘူး။ လေယာဉ်တင်သင်္ဘော အုပ်စုတစ်စုကို အဲဒီဒေသဆီ စေလွှတ်လိုက်တာနဲ့ သတင်းစကားတစ်ခု ပို့ပြီးသားဖြစ်သွားပါတယ်။

“ဒီဒေသကို အမေရိကန်ရောက်လာပြီ” ဆိုတဲ့ သတင်းစကားရဲ့ အဓိပ္ပာယ်က ကြီးမားလှပါတယ်။ မဟာမိတ်နိုင်ငံတွေက စိတ်ချသွားတယ်။ ပြိုင်ဘက်နိုင်ငံတွေက သတိထားလာတယ်။ စတော့စျေးကွက်တွေတောင်တုံ့ပြန်လာပါတယ်။ တစ်နည်းအားဖြင့် လေယာဉ်တင်သင်္ဘောဟာ ကျည်ဆန်တစ်တောင့်မှ ပစ်ခတ်စရာမလိုဘဲ နိုင်ငံရေးအကျိုးသက်ရောက်မှုဖန်တီးနိုင်တဲ့ လက်နက်တစ်ခုဖြစ်ပါတယ်။

တရုတ်နိုင်ငံရဲ့ လေယာဉ်တင်သင်္ဘောစီမံကိန်းကိုကြည့်လိုက်ရင် ဒီအချက်ကိုပိုပြီးရှင်းရှင်းလင်းလင်းမြင်နိုင်ပါတယ်။ ၁၉၉၀ ပြည့်လွန်နှစ်တုန်းက တရုတ်ရေတပ်ဟာ ကမ်းရိုးတန်းကာကွယ်ရေးရေတပ်အဆင့်ပဲရှိတာပါ။ တရုတ်တပ်မတော်ရဲ့ အဓိကစဉ်းစားချက်က ကိုယ့်နိုင်ငံနားမှာရှိတဲ့ပင်လယ်ပြင်ကို ကာကွယ်ဖို့ပဲဖြစ်ပါတယ်။

ဒါပေမဲ့ ၂၁ ရာစုထဲဝင်လာချိန်မှာ တရုတ်နိုင်ငံရဲ့ စီးပွားရေးက ကမ္ဘာအနှံ့ကိုဖြန့်ကြက်လာပါတယ်။ အာဖရိကဒေသမှာ ရင်းနှီးမြှုပ်နှံမှုတွေရှိလာတယ်။ အရှေ့အလယ်ပိုင်းမှ ရေနံတွေကို မှီခိုလာရတယ်။ ဥရောပနဲ့ ကုန်သွယ်မှုတွေတိုးလာတယ်။ အဲဒီအခါမေးခွန်းအသစ်တစ်ခု ပေါ်လာပါတယ်။ “တရုတ်ရဲ့ အကျိုးစီးပွားတွေကို ဘယ်သူကာကွယ်ပေးမှာလဲ” ဆိုတဲ့မေးခွန်းပါ။ ဒီမေးခွန်းအတွက် အဖြေတစ်ခုက လေယာဉ်တင်သင်္ဘော ဖြစ်လာခဲ့ပါတယ်။ တရုတ်နိုင်ငံခေါင်းဆောင်တွေ နားလည်ထားတာက စီးပွားရေးမှာ မဟာအင်အားကြီးဖြစ်ချင်ရင် ပင်လယ်ပြင်မှာလည်း ကြီးမားတဲ့အင်အားရှိဖို့လိုတယ် ဆိုတဲ့အချက်ပဲဖြစ်ပါတယ်။

ဒါကြောင့် Liaoning ကနေစပြီး Fujian အထိတိုးတက်လာတာဖြစ်ပါတယ်။ လက်ရှိတည်ဆောက်နေတဲ့ Type 004 ကတော့ တရုတ်ရေတပ်ရဲ့ ရည်မှန်းချက် ဘယ်လောက်ကြီးသလဲဆိုတာပြသနေတဲ့ စီမံကိန်းဖြစ်နေပါတယ်။ Type 004 ဟာ နျူကလီးယားစွမ်းအင်သုံးစနစ်နဲ့ လျှပ်စစ်သံလိုက်သုံး လေယာဉ်ပစ်လွှတ်ရေးစနစ်တွေ တပ်ဆင်ထားဖွယ်ရှိပါတယ်။ အဲဒီစနစ်တွေကြောင့် လေယာဉ်တွေကို ပိုမိုမြန်ဆန်စွာ လွှတ်တင်နိုင်မှာဖြစ်ပြီး အမေရိကန်ရဲ့ အဆင့်မြင့်ဆုံး လေယာဉ်တင်သင်္ဘောတွေနဲ့ နီးစပ်တဲ့စွမ်းရည်ကို ရရှိလာနိုင်ပါတယ်။

ဒီကနေ့ခေတ် စစ်ရေးလေ့လာသူတွေ အများဆုံး ဆွေးနွေးနေတဲ့ အကြောင်းအရာကတော့ ဒရုန်းတွေဟာ လေယာဉ်တင်သင်္ဘောတွေရဲ့ အဆုံးသတ်ကို ယူဆောင်လာနိုင်မလားဆိုတာ ဖြစ်ပါတယ်။ မကြာသေးမီကဖြစ်ပွားခဲ့တဲ့ ပဋိပက္ခတွေကိုပြန်ကြည့်ရင် အဖြေကရှင်းပါတယ်။ အီရန်နဲ့ အမေရိကန်ကြားတင်းမာမှုမြင့်တက်ခဲ့တဲ့ကာလအတွင်း အမေရိကန် လေယာဉ်တင်သင်္ဘောတွေဟာ အီရန်ကမ်းရိုးတန်းနဲ့ ပိုမိုဝေးကွာတဲ့နေရာကနေပြီး လှုပ်ရှားခဲ့ရပါတယ်။ အကြောင်းရင်းကတော့ ခေတ်မီဒုံးကျည်တွေဟာ လေယာဉ်တင်သင်္ဘောလိုမျိုး ပစ်မှတ်ကြီးတွေကို အန္တရာယ်ဖြစ်စေနိုင်လို့ ဖြစ်ပါတယ်။ ယူကရိန်းစစ်ပွဲမှာလည်း ဒရုန်းတွေရဲ့စွမ်းဆောင်ရည်က ရုရှားရဲ့ရေတပ်ကို အကြီးအကျယ်ထိခိုက်စေခဲ့ပါတယ်။ ဒါကြောင့် လေယာဉ်တင်သင်္ဘောတွေဟာ အရင်လိုမထိမခိုက်နိုင်တဲ့ စစ်လက်နက်မျိုးမဟုတ်တော့ဘူးဆိုတာ ထင်ရှားလာပါတယ်။

သို့သော် လေယာဉ်တင်သင်္ဘောတွေမှာ တခြားစစ်လက်နက်တွေမပေးနိုင်တဲ့ အားသာချက်တစ်ခုရှိနေဆဲဖြစ်ပါတယ်။ အဲဒါကတော့ ကမ္ဘာ့မည်သည့် ပင်လယ်ပြင်ကိုမဆိုရွေ့လျားနိုင်တဲ့ လေတပ်စခန်းတစ်ခုအဖြစ် အသုံးပြုနိုင်ခြင်းပါပဲ။ နိုင်ငံတစ်နိုင်ငံဟာ အကျိုးစီးပွားတွေကို ဝေးလံတဲ့ဒေသတွေမှာ ကာကွယ်ချင်တယ်ဆိုရင် လေယာဉ်တင်သင်္ဘောက အလွန်အရေးကြီးတဲ့ ကိရိယာတစ်ခုဖြစ်နေဆဲပါပဲ။ အထူးသဖြင့် ရေနံတင်သင်္ဘောလမ်းကြောင်းတွေ၊ ကုန်သွယ်ရေးလမ်းကြောင်းတွေ၊ ပင်လယ်ရေကြောင်းဖြတ်သန်းမှုတွေကို ထိန်းချုပ်ဖို့လိုအပ်တဲ့အချိန်မှာ ပိုပြီးအသုံးဝင်လာပါတယ်။

ဒီအချက်ကို စစ်ရေးဆိုင်ရာစီးပွားရေးရှုထောင့်ကကြည့်ရင် ပိုပြီးစိတ်ဝင်စားစရာကောင်းနေပါတယ်။ လေယာဉ်တင်သင်္ဘောတစ်စင်း တည်ဆောက်ဖို့ဆိုရင် အမေရိကန်ဒေါ်လာဘီလီယံပေါင်းများစွာ ကုန်ကျနိုင်ပါတယ်။ ဒါပေမဲ့ အဲဒီလိုသင်္ဘောမျိုးကို ခြိမ်းခြောက်နိုင်တဲ့ ဒုံးကျည်တစ်စင်းရဲ့တန်ဖိုးက အမေရိကန်ဒေါ်လာသန်းဂဏန်းလောက်ပဲ ရှိနေပါတယ်။ ဒါကြောင့် သူတို့တွေကြားဖြစ်တဲ့စစ်ပွဲကို ဒေါ်လာသန်းချီ ဘီလီယံချီတိုက်ပွဲလို့ တချို့တွေက ခေါ်ကြပါတယ်။ သို့သော် လေယာဉ်တင်သင်္ဘောကို ထောက်ခံသူတွေကလည်း ပြန်ပြီးအငြင်းပွားကြပါတယ်။

သူတို့ရဲ့အဆိုအရ စစ်ရေးသမိုင်းတစ်လျှောက် နည်းပညာအသစ်ပေါ်လာတဲ့အချိန်မှာ ရှိပြီးသား လက်နက်စနစ်တွေ ဆိတ်သုဉ်းသွားမယ်လို့ ခန့်မှန်းခဲ့ဖူးကြောင်းဆိုပါတယ်။ ရေငုပ်သင်္ဘောတွေ ပေါ်လာတုန်းက စစ်သင်္ဘောခေတ်ဆိတ်သုဉ်းပြီလို့ ပြောခဲ့ကြပါတယ်။ တိုက်လေယာဉ်တွေပေါ်လာချိန်တုန်းကတင့်ကားတွေဆိတ်သုဉ်းပြီလို့ ပြောခဲ့ကြပြန်ပါတယ်။ ဒါပေမဲ့ လက်တွေ့မှာတော့ လက်နက်စနစ်တွေက ဆိတ်သုဉ်းပျောက်ကွယ်သွားခြင်းမရှိဘဲ ပုံစံပြောင်းသွားတာသာပိုများပါတယ်။

ဒီအခြေအနေတွေကိုပြန်ကြည့်ရင် အနာဂတ်လေယာဉ်တင်သင်္ဘောတွေဟာ ဒီနေ့မြင်နေရတဲ့သင်္ဘောတွေနဲ့ မတူနိုင်တော့ပါဘူး။ သူတို့ဟာ တိုက်လေယာဉ်တင်သင်္ဘောတွေထက်ပိုတဲ့ ရွေ့လျားစစ်အခြေစိုက်စခန်းတွေ ဖြစ်လာနိုင်ပါတယ်။ အဲဒီမှာ AI နဲ့ ထိန်းချုပ်ထားတဲ့ ဒရုန်းအုပ်စုတွေကို ဦးဆောင်မယ်။ မောင်းသူမဲ့တိုက်လေယာဉ်တွေကို စီမံခန့်ခွဲမယ်။ အာကာသဂြိုဟ်တုကွန်ရက်တွေနဲ့ ချိတ်ဆက်ထားမယ်။ တစ်နည်းအားဖြင့် လေယာဉ်တင်သင်္ဘောတွေဟာပျောက်ကွယ်သွားမှာမဟုတ်ဘဲ နည်းပညာအသစ်တွေနဲ့ပေါင်းစပ်ပြီး မျိုးဆက်သစ်ပုံစံဆီကိုပြောင်းလဲသွားမှာဖြစ်ပါတယ်။

ဒီဖြစ်စဉ်တွေကိုကြည့်ရင် လေယာဉ်တင်သင်္ဘောဆိုတာ စစ်ရေးနည်းပညာတစ်ခုသာ မဟုတ်တော့ဘဲ နိုင်ငံတစ်နိုင်ငံရဲ့အင်အား၊ ဩဇာလွှမ်းမိုးနိုင်မှုနဲ့ ကမ္ဘာ့ဇာတ်ခုံမှာ မိမိရဲ့အခန်းကဏ္ဍကိုပြသတဲ့ သင်္ကေတတစ်ခုဖြစ်နေဆဲဖြစ်ပါတယ်။ တစ်ဖက်မှာကျတော့ စစ်ရေးကျွမ်းကျင်သူတချို့က အနာဂတ်မှာရေတပ်စစ်ဆင်ရေးတွေရဲ့ အဓိကအင်အားဟာ လေယာဉ်တင်သင်္ဘောမဟုတ်ဘဲ ရေငုပ်သင်္ဘောတွေနဲ့ ဒရုန်းတွေဖြစ်လာမယ်လို့ သုံးသပ်နေကြပါတယ်။ အထူးသဖြင့် နျူကလီးယားရေငုပ်သင်္ဘောတွေဟာ ရှာဖွေဖော်ထုတ်ဖို့ခက်ခဲပြီး တိုက်ခိုက်နိုင်စွမ်းမြင့်မားတာကြောင့် ပိုမိုအရေးပါလာမယ်လို့ ယူဆကြပါတယ်။

သို့သော် ယနေ့အချိန်အထိတော့ လေယာဉ်တင်သင်္ဘောတွေဟာ ကမ္ဘာ့စစ်ရေးပြိုင်ဆိုင်မှုဗဟိုချက်မှာ ရှိနေဆဲဖြစ်ပါတယ်။ ဒရုန်းတွေကတိုးတက်လာလို့၊ ဒုံးကျည်တွေပိုမိုတိကျလာလို့ လေယာဉ်တင်သင်္ဘောတွေပျောက်ကွယ်သွားမယ်လို့ ခန့်မှန်းဖို့စောလွန်းနေပါတယ်။ တကယ်တော့ ကမ္ဘာ့အင်အားကြီးနိုင်ငံတွေက လေယာဉ်တင်သင်္ဘောတွေကို ဆက်ပြီးတည်ဆောက်နေကြတာဟာ အဲဒီသင်္ဘောတွေဟာ စစ်ရေးစွမ်းရည်အတွက်သာမက နိုင်ငံတစ်နိုင်ငံရဲ့ဂုဏ်သိက္ခာ၊ ဩဇာအာဏာနဲ့ ကမ္ဘာ့အဆင့်မဟာဗျူဟာအင်အားကိုကိုယ်စားပြုနေတဲ့အတွက်ဖြစ်ပါတယ်။ ဒါကြောင့် ၂၁ ရာစုရဲ့ ရေတပ်စစ်ဆင်ရေးတွေမှာ ဒရုန်းတွေနဲ့ ရေငုပ်သင်္ဘောတွေပိုမိုအရေးပါလာနိုင်ပေမယ့် လေယာဉ်တင်သင်္ဘောတွေကတော့ ကမ္ဘာ့နိုင်ငံရေးနဲ့ စစ်ရေးပြိုင်ဆိုင်မှုရဲ့ အထင်ကရသင်္ကေတအဖြစ် ဆက်လက်တည်ရှိနေဦးမယ်ဆိုတာအသေအချာပါပဲ။ ။

Ref: SMCP

ထက်မြတ်

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ရှိ ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော်ကြီး၊ ဘုရားစေတီတော်များအား ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ဖူးမြော်ကြည်ညို



ပဲခူး ဇွန် ၂

သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ကြခတ်ဝိုင်းပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဉာဉေ ယျ ဓမ္မာဘိဝံသ ဆရာတော်ကြီးနှင့် ပဲခူးမြို့ ဝင်းနိမ္မိတာရုံ ပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက ဆရာတော်အား ဖူးမြော်ကြည်ညိုပြီး ဝိဋ္ဌကသုံးပုံ အဋ္ဌကထာကွန် ပျူတာစာစီမှုကြမ်းစာအုပ်များနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ရွှေသာလျောင်းဗုဒ္ဓရုပ်ပွား တော်မြတ်ကြီး၊ ဆံတော်ရှင်ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်မြတ်ကြီးအား သွား ရောက်ဖူးမြော်ကြည်ညိုခဲ့ကြောင်း သိရသည်။ မြဝတီ

ကျန်းမာရေးဝန်ကြီးဌာန သစ်လွင်သူနာပြု ၁၄၅၂ ဦးကို နိုင်ငံဝန်ထမ်းအဖြစ် တာဝန်ပေးအပ်သည့် ခန့်အပ်လွှာပေးအပ်ခြင်းအခမ်းအနားကျင်းပ



နေပြည်တော် ဇွန် ၂

ကျန်းမာရေးဝန်ကြီးဌာန၏ သစ်လွင်သူနာပြုများအား နိုင်ငံဝန်ထမ်းအဖြစ်တာဝန်ပေးအပ်သည့် ခန့်အပ်လွှာပေးအပ်ခြင်းအခမ်းအနားကို ယမန်နေ့မွန်းလွဲပိုင်းက ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ နေပြည်တော်တွင် Virtual စနစ်ဖြင့် ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးပါမောက္ခဒေါက်တာသက်ခိုင်ဝင်းက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားကောင်စီဥက္ကဋ္ဌ ဒေါ်နွဲ့နွဲ့ခင်ကသင်တန်းဆင်းမည့် သစ်လွင်သူနာပြု၊ သားဖွားများကိုတာဝန်ကျရာဒေသအသီးသီးတွင် သူနာပြုနှင့် သားဖွားများတတ်မြောက်ရမည့် သူနာပြုစုမှုဆိုင်ရာစွမ်းရည်များကို ပို၍ တတ်မြောက်ကျွမ်းကျင်အောင် ဆက်လက်လေ့လာဆည်းပူးခြင်း၊ သူနာပြုစုမှုစံသတ်မှတ်ချက်များအတိုင်း လူနာများလုံခြုံစိတ်ချမှုဖြစ်စေပြီး စိတ်ကျေနပ်မှုရရှိစေရေး ပြုစုပေးကြပါရန် တိုက်တွန်းမှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက သစ်လွင်သူနာပြု ၁၄၅၂ ဦးကိုယ်စား သူနာပြု သိပ္ပံ(နေပြည်တော်)၊ သားဖွားသင်တန်းကျောင်း(နေပြည်တော်)၊ သူနာပြုသိပ္ပံ(မန္တလေး)နှင့် သူနာပြုသင်တန်းကျောင်း(မိတ္ထီလာ)တို့မှ ကိုယ်စားလှယ်သစ်လွင်သူနာပြုများထံ နိုင်ငံဝန်ထမ်းအဖြစ် တာဝန်ပေးအပ်သည့် ခန့်အပ်လွှာများပေးအပ်ပြီး သစ်လွင်သူနာပြုများကိုယ်စား သစ်လွင်သူနာပြုတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ သူနာပြုနှင့်သားဖွားကောင်စီမှ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များနှင့် ဧည့်သည်တော်များ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများ၊ သူနာပြုသိပ္ပံနှင့် သူနာပြုသင်တန်းကျောင်းများမှ ဆရာ/ဆရာမများနှင့် သစ်လွင်သူနာပြုများသည် Online မှ တက်ရောက်ခဲ့ကြကြောင်းသိရသည်။

မြဝတီ

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ၁၁ ကေဗွီ ဖီဒါ(၉) ဓာတ်အားလိုင်း ထိန်းသိမ်းပြုပြင်ရေးလုပ်ငန်းဆောင်ရွက်မည်

နေပြည်တော် ဇွန် ၂

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ဓာတ်အားပြတ်တောက်မှုလျော့နည်းစေရေးနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေး ဓာတ်အားလိုင်းများတစ်လျှောက် မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများ၊ ချုံနွယ်များခုတ်ထွင်ရှင်းလင်းခြင်းနှင့် ပုံမှန်ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကိုဆောင်ရွက်ရန် ၂၀၂၆ ခုနှစ် ဇွန်လ ၄ ရက်တွင် ၃၃/၁၁ ကေဗွီ ဓာတ်အားခွဲရုံ အမှတ်(၇) ၏ ၁၁ ကေဗွီ ဖီဒါ(၉) ဓာတ်အားလိုင်းကို နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ထိန်းသိမ်းပြုပြင်ခြင်းဆောင်ရွက်မည်ဖြစ်သဖြင့် ဒဂ္ဂိဏာသီရိမြို့နယ်အတွင်းရှိ ဟိုတယ်ဇုန် ဓာတ်အားယာယီပြတ်တောက်နေမည်ဖြစ်ပြီး ဓာတ်အားပြတ်ဇရိယာများရှိ အများပြည်သူများအား ကြိုတင်အသိပေးထားပြီးဖြစ်ကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

မြဝတီ

မိတ္ထီလာခရိုင်နှင့်ရမည်းသင်းခရိုင်အတွင်း သမဝါယမစနစ် စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများဆောင်ရွက်နေမှုနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု ကွင်းဆင်းကြည့်ရှု

နေပြည်တော် ဇွန် ၂

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်းသည် ယနေ့နံနက်ပိုင်းတွင် မိတ္ထီလာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ စီမံကိန်းရေးဆွဲရာတွင် အကျိုးပြုမှုများသောလုပ်ငန်းများကို ဦးစားပေးရွေးချယ်ရန်လိုအပ်ကြောင်း ဆွေးနွေးမှာကြား၍ မိတ္ထီလာမြို့နယ် မကျီးပင်ပုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်မတည်ရန်ပံ့ပွေဖြင့်ဆောင်ရွက်ထားသည့် အစုအဖွဲ့စနစ် နို့စားနွားမွေးမြူရေးလုပ်ငန်းကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ကျေးရွာငါးရွာရှိ အိမ်ခြေ ၆၆၂ အိမ် လူဦးရေ ၃၁၀၀ ကျော်နှင့် စိုက်ပျိုးမြေဧက ၁၃၀၀ ကျော်ကို တိုက်ရိုက်အကျိုးပြုပေးနိုင်မည့် မြို့ရှောင်လမ်းမှ ပျော်ကုန်း-အုတ်ဖိုကျေးရွာချင်းဆက်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုပြီး ညောင်မြင့်ကျေးရွာခမ္မာရုံ၌ ဒေသခံတောင်သူများနှင့် တွေ့ဆုံအမှာစကားပြောကြား၍ ဒေသဖွံ့ဖြိုးရေးတင်ပြချက်များကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ဆက်လက်၍ မိတ္ထီလာမြို့နယ်ကွက်ငယ် ကျေးရွာအုပ်စု ပန်းတင်ကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကိုကြည့်ရှုပြီး ရမည်းသင်းမြို့နယ် အင်ကြင်းကန် (ရွာမ)ကျေးရွာရှိ အသင်းဝင်တောင်သူ ဦးသာမောင်၏ စိုက်ခင်း၌ ကျေးရွာရှိရွှေမိုးငွေမိုးစိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်းအမှုဆောင်များ၊ အသင်းသားတောင်သူများ၊ ကျေးရွာနေပြည်သူများနှင့် တွေ့ဆုံအမှာစကားပြောကြားကာ ဒေသခံတောင်သူများ၏တင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ

❖ **ကျောဖုံးမှအဆက်**

ရှမ်းပြည်နယ်အသင်းကို အနိုင်ရရှိကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း သိရသည်။

အမျိုးသားဘောလုံးပြိုင်ပွဲတတိယလုပွဲ ပွဲစဉ်အဖြစ် ရန်ကုန်တိုင်းဒေသကြီး သဃ်နိုးကျွန်းမြို့နယ် လူငယ်အားကစားလေ့ကျင့်ရေးစခန်း သုဝဏ္ဏဘောလုံးလေ့ကျင့်ရေးကွင်း(၁)ရှိ စက်ဘီးကွင်းတွင် ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ယှဉ်ပြိုင်ကစားခဲ့ရာ ဧရာဝတီတိုင်းဒေသကြီးအသင်းက ကချင်ပြည်နယ်အသင်းကို ၄ ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိသည်။ သဃ်နိုးကျွန်းမြို့နယ် လူငယ်အားကစားလေ့ကျင့်ရေးစခန်း သုဝဏ္ဏဘောလုံးကွင်း၌ ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် ကရင်ပြည်နယ်အသင်းနှင့်ရှမ်းပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ကရင်ပြည်နယ်အသင်းက ရှမ်းပြည်နယ်အသင်းကို ၁ ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားအား ဆက်လက်ကျင်းပခဲ့ရာ တစ်ဦးချင်းအကောင်းဆုံးဆုများနှင့် ငွေသားဆုများကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ဆက်လက်ပြီး စတုတ္ထဆုရရှိသော ကချင်ပြည်နယ်အသင်း၊ တတိယဆုရရှိသော ဧရာဝတီတိုင်းဒေသကြီးအသင်း၊ ဒုတိယဆုရရှိသော ရှမ်းပြည်နယ်အသင်းတို့ကို တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ပြီး ပထမဆုရရှိသော ကရင်ပြည်နယ်အသင်းအား ရန်ကုန်တိုင်းဒေသကြီး လွတ်တော်ဥက္ကဋ္ဌဦးဌေးအောင်က တစ်ဆိုးချင်းဆုတံဆိပ်များကို ပေးအပ်ချီးမြှင့်ခဲ့သည်။

ထို့နောက် ပထမဆုရရှိခဲ့သော ကရင်ပြည်နယ်အသင်းအား ငွေသားဆုကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌဦးဇော်ဇော်နှင့် တံခွန်စိုက်ဆုဖလားကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်ဦးအောင်နိုင်သူတို့က ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။

လင်းခန့်

၂-၆-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ **ဈေးနှုန်းမှာ (၇,၁၀၀,၀၀၀)ကျပ်ဖြစ်သည်။**

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

မြန်မာ့စားသုံးဆီဖူလုံရေးအတွက်အားထားရမည့် ဆီအုန်းမျိုးသစ် မျိုးစေ့များထုတ်လုပ်ရေး

မင်းရွှေအုပ်

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသော နိုင်ငံဖြစ်သည်နှင့်အညီ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံ၏အမျိုးမျိုးသော ဒေသရေမြေရာသီဥတုသဘာဝအရ စိုက်ပျိုးနိုင်သောသီးနှံများကို ရွေးချယ်စိုက်ပျိုးလျက်ရှိရာတွင် ဆန်စပါးသာမကပဲမျိုးစုံ၊ ဟင်းသီးဟင်းရွက်များ၊ စက်မှုကုန်ကြမ်းသီးနှံများ၊ ဆီထွက်သီးနှံများ စသည်ဖြင့် သက်ဆိုင်ရာဒေသများအလိုက် အထူးပြုစိုက်ပျိုးထုတ်လုပ်လျက်ရှိသည်။

စားသုံးဆီအတွက် အဓိကအားထားရသောသီးနှံများမှာ မြေပဲ၊ နှမ်း၊ နေကြာ စသည့်သီးနှံများဖြစ်ကြပြီး ယင်းသီးနှံများအနေဖြင့် ရာသီသဘာဝအပေါ် အမှီပြု၍ စိုက်ပျိုးထုတ်လုပ်မှုအတက်အကျများပြားမှုရှိသည့်သီးနှံများဖြစ်ကြသည်။ ပြည်တွင်းစားသုံးဆီလိုအပ်ချက်အား ဆီထွက်သီးနှံများအနေဖြင့် လုံလောက်စွာထုတ်လုပ်ပေးနိုင်ခြင်း မရှိသေးပါသဖြင့် လိုအပ်သောပမာဏအား နှစ်စဉ်ပြည်ပမှတင်သွင်းနေရသည်။

ဆီထွက်သီးနှံများအနက် တစ်ဧကဆီထွက်နှုန်းကောင်းသော ဆီအုန်းစိုက်ပျိုးခြင်းမှ စားသုံးဆီလိုအပ်ချက်အား ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံရေမြေရာသီဥတုအရ ဆီအုန်းတစ်ဧကမှ ဆီသီးခိုင်ပျမ်းမျှ ၅ တန်အထက်ရှိနိုင်သည်။ အဆိုပါ ဆီသီးခိုင် ၅ တန်မှ ဆီကြမ်း ၁ တန်ခန့် ထုတ်လုပ်ရရှိမည်ဖြစ်သည်။ ဆီကြမ်း ၁ တန်ကိုသန့်စင်ပါက စားဆီချော သုံးပုံတစ်ပုံခန့် ရရှိမည်ဖြစ်သည်။ သို့ဖြစ်၍ စားအုန်းဆီတန်ချိန် တစ်သိန်းလိုအပ်ပါက ဆီအုန်းစိုက်ဧက သုံးသိန်းစိုက်ပျိုးရန် လိုအပ်သည်။



ပျိုးထောင်ထားသောပြည်တွင်းဆီအုန်းပျိုးခင်း။

ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံများတိုးချဲ့စိုက်ပျိုးခဲ့သော်လည်း လုံလောက်မှုမရှိသေးသဖြင့် နိုင်ငံတော်မှ ၁၉၉၉ ခုနှစ်တွင် ဆီအုန်းစိုက်ပျိုးရန် သင့်လျော်သောရာသီဥတုရှိသည့် တနင်္သာရီတိုင်းဒေသကြီးတွင် "တနင်္သာရီတိုင်းဒေသကြီးသည် မြန်မာနိုင်ငံ၏ဆီအိုးကြီးဖြစ်ရမည်" ဟုရည်မှန်းချက်ထားပြီး ဧက ငါးသိန်းတိုးချဲ့စိုက်ပျိုးရန် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ သို့ဖြစ်၍ ဆီအုန်းစိုက်ဧကများတိုးတက်လာခဲ့ရာ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ဆီအုန်း ၃၉၆၈၆၅ ဧက စိုက်ပျိုးထားရှိပြီးဖြစ်သည်။

မြန်မာနိုင်ငံ၏ ဆီအုန်းစိုက်ပျိုးရေးစီမံကိန်းစတင်စဉ်ကာလများတွင် ပြည်တွင်း၌ ဆီအုန်းစပ်မျိုးစေ့များထုတ်လုပ်နိုင်မှုမရှိသေး၍ ဆီအုန်းမျိုးစေ့များကို မလေးရှား၊ ကော့စတာရီကာ၊ နိုင်ဂျီးရီးယား စသည့်နိုင်ငံများမှဈေးကြီးပေး၍ ဝယ်ယူတင်သွင်းစိုက်ပျိုးနေရသဖြင့် ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးနိုင်မှုကို နှောင့်နှေးစေခဲ့သည်။ ထို့ပြင် ဝယ်ယူတင်သွင်းသောဆီအုန်းမျိုးစေ့များသည် မြန်မာနိုင်ငံဒေသရေမြေရာသီဥတုနှင့် သင့်လျော်မှုရှိ၊ မရှိသေချာမှုမရှိသေးဘဲ စိုက်ပျိုးခဲ့ကြရသည်။ ယခင်စိုက်ပျိုးခဲ့သည့် ဆီအုန်းဇရိယာများ စီးပွားရေးသက်တမ်းပြည့်မီ၍ ပြန်လည်စိုက်ပျိုးချိန်တွင် မြန်မာနိုင်ငံ ရေမြေရာသီဥတုနှင့်သင့်လျော်ကိုက်ညီသည့် ဆီအုန်းမျိုးစေ့များဖြင့်စိုက်ပျိုးပါက အထွက်ပိုမိုလာနိုင်မည်ဖြစ်သည့်အပြင် ပြည်ပမှဆီအုန်းမျိုးစေ့တင်သွင်းရမှုကိုလျော့ကျသွားစေပြီး နိုင်ငံခြားငွေသုံးစွဲရမှုကိုသက်သာစေမည်ဖြစ်သည်။ သို့ဖြစ်၍ ပြည်တွင်း၌ ဆီအုန်းမျိုးစေ့များထုတ်လုပ်ဖြန့်ဖြူးပေးရန် မဖြစ်မနေလိုအပ်နေပြီဖြစ်သည်။

စီးပွားဖြစ်စိုက်ပျိုးသော ဆီအုန်းမျိုးစေ့များသည် ရွေးချယ်မွေးမြူထားသောမိခင်မျိုးပင် ဒူရာ(Dura)နှင့် ဖခင်မျိုးပင် ပက်ဆီဖာရာ(Pisifera)တို့အား မျိုးစပ်ပေး၍ ရရှိသောစပ်မျိုးစေ့(F1)တင်နရာ(Tenera) မျိုးစေ့များဖြစ်ပြီး အဆိုပါစပ်မျိုးစေ့များကိုသာ မျိုးအဖြစ် အသုံးပြုစိုက်ပျိုးရသည်။ စိုက်ကွက်ထဲမှ ရရှိသော ဆီအုန်းအသီးမှရရှိသည့်အစေ့များကို မျိုးအဖြစ် ပြန်လည်အသုံးပြု၍မရပါ။

မြန်မာနိုင်ငံ၏ ရေမြေသဘာဝရာသီဥတုနှင့် ကိုက်ညီပြီး အထွက်နှုန်းကောင်းသော ပြည်တွင်းဆီအုန်းစပ်မျိုးများရရှိရေးအတွက် ကော့သောင်းခရိုင်ရှိ နှစ်ရှည်ပင်များသုတေသနနှင့်နည်းပညာဖွံ့ဖြိုးရေးခြံ(ဟတ်စဒင်း)တွင် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်မှစ၍ ဆီအုန်းမျိုးစေ့ခြံတည်ထောင်ကာ



အဖိုပန်းခိုင်ပြင်ဆင်အိတ်စွပ်ခြင်း။

ပင်ရွေးချယ်ရာတွင် အသီးခိုင်အထွက်နှုန်းကိုအခြေခံထားသည်။ တစ်ပင်ချင်းရွေးချယ်ခြင်း၊ အပင်အုပ်စုအလိုက်ရွေးချယ်ခြင်း နှစ်မျိုးစလုံးဆောင်ရွက်ရသည်။ အထွက်နှုန်းအကောင်းဆုံးအုပ်စုထဲမှ အထွက်နှုန်းအကောင်းဆုံးအပင်ကို ရွေးချယ်ရာတွင် တစ်နှစ်လျှင်တစ်ပင်မှ ဆီသီးခိုင်အထွက်များပြီး ပျမ်းမျှဆီသီးခိုင်အထွက်နှုန်း ၂၀၀ ကီလိုဂရမ်ကျော်သောအပင်များကို ရွေးချယ်ရသည်။

ဆီအုန်းစပ်မျိုးထုတ်လုပ်ရာတွင်အဓိကအရေးကြီးဆုံးမှာ ဖခင်မျိုးပင်(ပက်ဆီဖာရာ)ဖြစ်သည်။ (ပက်ဆီဖာရာ)ဖခင်ပင်များသည် ပန်းခိုင်အထွက်များသော်လည်း အသီးတင်နှုန်းနည်းပါးသည်။ ထို့ကြောင့် မိခင်၊ ဖခင်စပ်မျိုးတူ အထွက်နှုန်းကောင်းသော တင်နရာပင်ကိုအခြေခံ၍ အဖိုပန်းခိုင်၊ အမပန်းခိုင်အချိုးရာခိုင်နှုန်းကောင်းပြီး အပင်နိမ့်၍ မျိုးရိုးဗီဇသန့်သောဖခင်မျိုးပင် (ပက်ဆီဖာရာ)အပင်များကို ဦးစားပေးရွေးချယ်ရသည်။

မိခင်ပင်နှင့်ဖခင်ပင်များကို သတ်မှတ်ထားသည့် အရည်အသွေးအတိုင်း ရွေးချယ်ပြီးသောအခါ လူဖြင့် ဝတ်မှုန်ကူးမျိုးစပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရသည်။ ဝတ်မှုန်ကူးမျိုးစပ်ရန်အတွက် ရွေးချယ်ထားသော(ပက်ဆီဖာရာ)ဖခင်မျိုးလိုင်းအပင်၏အဖိုပန်းခိုင်များနှင့် (ဒူရာ)မိခင်မျိုးလိုင်းအပင်၏အမပန်းခိုင်များကို ပန်းခိုင်ဖုံးများမကွဲခင်၊ ပန်းမပွင့်ခင် ခုနစ်ရက်ခန့်ကြိုတင်ပြီး ပြင်ပမှဝတ်မှုန်များ မဝင်ရောက်နိုင်သော၊ နှစ်ဖက်မြင်ရသည့် ၂၄ လက်မ x ၁၈ လက်မ အရွယ်ရှိအိတ်ကို ဝတ်မှုန်စွပ်အိတ်များဖြင့် မှောက်၍ စွပ်ပေးရသည်။ ဝတ်မှုန်စွပ်အိတ်များစွပ်ရာတွင် အမပန်းပွင့်များပေါ်သို့မလိုလားအပ်သော ဝတ်မှုန်များ မကျစေရေးအတွက် အထူးဂရုစိုက်ဆောင်ရွက်ရန် အလွန်အရေးကြီးသည်။ အဖိုပန်းပွင့်များပွင့်လာသောအခါ ပန်းခိုင်ကိုဖြတ်ယူပြီး ဝတ်မှုန်များကို ပလတ်စတစ်အိတ်အတွင်းသို့ ခါချရသည်။ ရရှိသောဝတ်မှုန်များကို ဆန်ခါဖြင့်စစ်၍ အမှိုက်များကို ဖယ်ရှားရသည်။

မြန်မာနိုင်ငံတွင် ဆီအုန်းမျိုးရိုးဗီဇများ လုံလောက်စွာမရှိသေးသော်လည်း လက်ရှိအနေအထားဖြင့် ဆီအုန်းစပ်မျိုးစေ့များထုတ်လုပ်နိုင်သည့် အခြေအနေတွင်ရှိနေပြီးဖြစ်သည်။ ပြည်တွင်းတွင် လိုအပ်သောဆီအုန်းမျိုးစေ့များ ထုတ်လုပ်သွားခြင်းအားဖြင့် ဆီအုန်းမွေးမြူရေးအခန်းကဏ္ဍသည်လည်း ပိုမိုအဆင့်မြင့်သည်ထက် မြင့်လာမည်ဖြစ်သည်။

စီးပွားဖြစ်စိုက်ပျိုးသောဆီအုန်းစပ်မျိုး(တင်နရာ) ထုတ်လုပ်ရရှိရန် (ဒူရာ)မိခင်ပင်နှင့် (ပက်ဆီဖာရာ) ဖခင်ပင်များကိုရွေးချယ်ရန်လိုအပ်သည်။ ဒူရာမိခင်ပင်ရွေးချယ်ရာတွင် အသီးခိုင်အထွက်နှုန်းကိုအခြေခံထားသည်။ တစ်ပင်ချင်းရွေးချယ်ခြင်း၊ အပင်အုပ်စုအလိုက်ရွေးချယ်ခြင်း နှစ်မျိုးစလုံးဆောင်ရွက်ရသည်။ အထွက်နှုန်းအကောင်းဆုံးအုပ်စုထဲမှ အထွက်နှုန်းအကောင်းဆုံးအပင်ကို ရွေးချယ်ရာတွင် တစ်နှစ်လျှင်တစ်ပင်မှ ဆီသီးခိုင်အထွက်များပြီး ပျမ်းမျှဆီသီးခိုင်အထွက်နှုန်း ၂၀၀ ကီလိုဂရမ်ကျော်သောအပင်များကို ရွေးချယ်ရသည်။

ဆီအုန်းစပ်မျိုးထုတ်လုပ်ရာတွင်အဓိကအရေးကြီးဆုံးမှာ ဖခင်မျိုးပင်(ပက်ဆီဖာရာ)ဖြစ်သည်။ (ပက်ဆီဖာရာ)ဖခင်ပင်များသည် ပန်းခိုင်အထွက်များသော်လည်း အသီးတင်နှုန်းနည်းပါးသည်။ ထို့ကြောင့် မိခင်၊ ဖခင်စပ်မျိုးတူ အထွက်နှုန်းကောင်းသော တင်နရာပင်ကိုအခြေခံ၍ အဖိုပန်းခိုင်၊ အမပန်းခိုင်အချိုးရာခိုင်နှုန်းကောင်းပြီး အပင်နိမ့်၍ မျိုးရိုးဗီဇသန့်သောဖခင်မျိုးပင် (ပက်ဆီဖာရာ)အပင်များကို ဦးစားပေးရွေးချယ်ရသည်။

မိခင်ပင်နှင့်ဖခင်ပင်များကို သတ်မှတ်ထားသည့် အရည်အသွေးအတိုင်း ရွေးချယ်ပြီးသောအခါ လူဖြင့် ဝတ်မှုန်ကူးမျိုးစပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရသည်။ ဝတ်မှုန်ကူးမျိုးစပ်ရန်အတွက် ရွေးချယ်ထားသော(ပက်ဆီဖာရာ)ဖခင်မျိုးလိုင်းအပင်၏အဖိုပန်းခိုင်များနှင့် (ဒူရာ)မိခင်မျိုးလိုင်းအပင်၏အမပန်းခိုင်များကို ပန်းခိုင်ဖုံးများမကွဲခင်၊ ပန်းမပွင့်ခင် ခုနစ်ရက်ခန့်ကြိုတင်ပြီး ပြင်ပမှဝတ်မှုန်များ မဝင်ရောက်နိုင်သော၊ နှစ်ဖက်မြင်ရသည့် ၂၄ လက်မ x ၁၈ လက်မ အရွယ်ရှိအိတ်ကို ဝတ်မှုန်စွပ်အိတ်များဖြင့် မှောက်၍ စွပ်ပေးရသည်။ ဝတ်မှုန်စွပ်အိတ်များစွပ်ရာတွင် အမပန်းပွင့်များပေါ်သို့မလိုလားအပ်သော ဝတ်မှုန်များ မကျစေရေးအတွက် အထူးဂရုစိုက်ဆောင်ရွက်ရန် အလွန်အရေးကြီးသည်။ အဖိုပန်းပွင့်များပွင့်လာသောအခါ ပန်းခိုင်ကိုဖြတ်ယူပြီး ဝတ်မှုန်များကို ပလတ်စတစ်အိတ်အတွင်းသို့ ခါချရသည်။ ရရှိသောဝတ်မှုန်များကို ဆန်ခါဖြင့်စစ်၍ အမှိုက်များကို ဖယ်ရှားရသည်။

အမှိုက်စစ်ပြီး ဝတ်မှုန်ကို ၃၅ ဒီဂရီစင်တီဂရိတ်မှ ၄၀ ဒီဂရီစင်တီဂရိတ်တွင် ၂၄ နာရီအခြောက်ခံပြီး ဖန်ဘူးအသေးများဖြင့်လေလုံပိတ်ကာ အအေးခန်း(ရေခဲသေတ္တာ)တွင်သိုလှောင်ထားရသည်။

အိတ်စွပ်ထားသော အမပန်းခိုင်များပန်းပွင့်လာသောအခါ ယင်းပန်းပွင့်များပေါ်သို့ အဖိုဝတ်မှုန်များကိုကူးပေးသည်။ ဝတ်မှုန်ကူးရာတွင် လေညှင်းဘူးများကိုအသုံးပြုပြီး လေညှင်အားဖြင့် မှုတ်ထုတ်ခြင်းဖြစ်သည်။ ဝတ်မှုန်မကူးမီ အိတ်ကိုဖော်မလင်ဖြင့် ဖျန်းပေးရသည်။ အသုံးပြုသည့်ကိရိယာအားလုံးကိုလည်း ပိုးသန့်ရသည်။ ဝတ်မှုန်ကို နေရာအနှံ့ရောက်အောင် တိပ်အကြည်စကိုခွာ၍ အပေါက်မှဝတ်မှုန်ဖြူးပေးရသည်။ ဝတ်မှုန်ကူးရာတွင် လတ်ဆတ်သည့်ဝတ်မှုန်များကိုသာ အသုံးပြုရသည်။ တစ်လထက်ကျော်ပြီးသိုလှောင်ထားပါက ဝတ်မှုန်များ၏အောင်မြင်မှုရာခိုင်နှုန်းအနည်းငယ်ကျဆင်းသည်။ ဝတ်မှုန်ကူးခြင်းကို မနက်ပိုင်းတွင် ပြုလုပ်ပြီး အသီးတင်နှုန်းကောင်းစေရန် အမပန်းခိုင်တစ်ခိုင်ပေါ်တွင် သုံးရက်ဆက်တိုက်ဝတ်မှုန်ခံပန်းရောင်အားလုံးဖြစ်သည်အထိ ဝတ်မှုန်ကူးရသည်။

ဝတ်မှုန်ကူးပြီး တစ်လခန့်ကြာသောအခါ အမပန်းခိုင်အား စွပ်ထားသောအိတ်များကို ဖြုတ်ပေးသည်။ ဝတ်မှုန်ကူးပြီး ငါးလမှ ခြောက်လကြာသောအခါတွင် ရင့်မှည့်သောဆီသီးခိုင်များကို ခုတ်သိမ်းရသည်။ ဆီသီးခိုင်မှအသီးများကိုချေယူပြီး အခွံခွာရသည်။ အခွံခွာရာတွင် အသီးများကိုရေသန့်သန့်ဖြင့် ခုနစ်ရက်စိမ်ပြီး နေ့စဉ်ရေလဲကာ အခွံခွာရသည်။ အခွံခွာပြီး မျိုးစေ့ကိုရေစင်ကြယ်စွာဆေးပြီး မှိုသတ်ဆေးစိမ်ကာ အရိပ်တွင်လေသလပ်ပြီးထားရသည်။ အစိုဓာတ်ကို ၁၈ ရာခိုင်နှုန်းထက်မလျော့အောင် လေသလပ်ခံထားရသည်။

အဆင့်ဆင့်ဆီအုန်းစပ်မျိုးစေ့များထုတ်ယူကာ အပင်ဖောက်ခြင်း၊ အကြိုပျိုးခင်းနှင့် မပျိုးခင်းကြီးတည်ထောင်ခြင်းလုပ်ငန်းများကို စနစ်တကျဆောင်ရွက်ရသည်။ ထို့နောက် အကောင်းဆုံးပျိုးပင်များရွေးချယ်စိုက်ပျိုးသွားခြင်းအားဖြင့် အထွက်နှုန်းပိုမိုကောင်းမွန်သောဆီအုန်းစိုက်ခင်းများ ရရှိလာမည်ဖြစ်ပါကြောင်း ဆီအုန်းစိုက်ပျိုးထုတ်လုပ်သောတောင်သူဦးကြီးများနှင့် ပြည်သူများအား နည်းပညာပေးတင်ပြလိုက်ရပါသည်။ ။

ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင် ၃ ထပ် လူနေအဆောက်အအုံ ၃ လုံးအား စနစ်တကျ ထပ်မံဖြိုချဖျက်ဆီး၊ တရားမဝင်အဆောက်အအုံ ၂၇ လုံး ဖြိုချဖျက်ဆီးပြီးဖြစ်

ကရင်ပြည်နယ်၊ မြဝတီမြို့နယ်၊ ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများလုပ်ကိုင်ခဲ့သည့် တရားမဝင်အဆောက်အအုံများအား ဖောက်ခွဲဖျက်ဆီးမှု။



ကရင်ပြည်နယ်၊ မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေ၌ အွန်လိုင်းလောင်းကစားလုပ်ငန်း လုပ်ကိုင်ခဲ့သော တရားမဝင် အဆောက်အအုံအား ယန္တရားဖြင့် ဖြိုချဖျက်ဆီးမှု



နေပြည်တော် ၆ နှစ် ၂

အွန်လိုင်းလိမ်လည်လောင်းကစားမှုများကို အခြေချလုပ်ကိုင်ခဲ့ကြသည့် **ကရင်ပြည်နယ်၊ မြဝတီမြို့နယ်၊** ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင်အဆောက်အအုံများအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ထပ်မံကျူးလွန်ခြင်းမပြုနိုင်စေရေးအတွက် အပြီးတိုင် ဖြိုချဖျက်ဆီးခြင်းများနှင့် လုပ်ငန်းလုပ်ဆောင်ရာတွင် အသုံးပြုခဲ့သည့် ပစ္စည်းများအား စနစ်တကျဖျက်ဆီးခြင်းများကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင် ၃ ထပ် လူနေအဆောက်အအုံ ၃ လုံးကို ထပ်မံ၍ စနစ်တကျ ဖြိုချဖျက်ဆီးခဲ့ကြောင်း သိရှိရသည်။

ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံ ၇၇ လုံးအနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၅၇ လုံးအား ယနေ့အထိ စုစုပေါင်းအဆောက်အအုံ ၂၇ လုံးအား စနစ်တကျ ဖြိုချဖျက်ဆီးပြီး ဖြစ်ကြောင်းနှင့် ဖျက်ဆီးရန်ကျန်ရှိသည့် တရားမဝင်အဆောက်အအုံ ၅၀ လုံးဟူ၍ အဆောက်အအုံ အမျိုးအစား အလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျ ဖြိုချဖျက်ဆီးလျက်ရှိကြောင်း သိရှိရသည်။

ယနေ့တွင် ယာဉ်ယန္တရားဖြင့်ဖြိုချဖျက်ဆီးရန်သတ်မှတ်ထားသည့်အဆောက်အအုံ ၅၇ လုံးအနက် ၃ ထပ်လူနေအဆောက်အအုံ ၃ လုံးကို ယာဉ်ယန္တရားများအသုံးပြု၍ စနစ်တကျ ထပ်မံဖြိုချဖျက်ဆီးခဲ့ရာ ၂၇ လုံးအား စနစ်တကျ ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန် တစ်ရပ်အဖြစ်ခံယူ၍ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက် ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ တက်ကြွစွာ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့၊ ဝမ်လုံးကျေးရွာ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် ပစ္စည်းများနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် ပါဝင်ပတ်သက်သူများအား ဖမ်းဆီးရမိ



တာချီလိတ်မြို့အနီး ဝမ်လုံးကျေးရွာ၌ အွန်လိုင်းဂွေလိမ်လုပ်ငန်းလုပ်ကိုင်သည့် ဆက်စပ်ပစ္စည်းများအား တွေ့မြင်ရစဉ်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့၊ ဝမ်လုံးကျေးရွာ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်နေသူများနှင့် လုပ်ငန်းလုပ်ကိုင်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိသည့် နေရာပြပုံ။



နေပြည်တော် ၆ နှစ် ၂

မြန်မာနိုင်ငံအစိုးရအနေဖြင့် တစ်ကမ္ဘာလုံးကိုအန္တရာယ်ပေးနေသည့် အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက် ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ တက်ကြွစွာ ဆောင်ရွက်လျက်ရှိသည်။

ထိုကဲ့သို့ လုံခြုံရေးပူးပေါင်းအဖွဲ့များက သက်ဆိုင်ရာ နယ်မြေများအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်သူများ အခြေပြုနေထိုင်ခြင်းမရှိစေရန်နှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ဆောင်ရွက်ခြင်းမရှိစေရန်အတွက် နယ်မြေရှင်းလင်းခြင်းနှင့်ရှာဖွေဖော်ထုတ်စစ်ဆေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ယနေ့ နံနက်၁၀ နာရီ ၃၀ မိနစ်ခန့်တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့အနီး ဝမ်လုံးကျေးရွာရှိ စဝ်ခွဲ့(ခ)စဝ်ခွဲ့လင်းပိုင်ဆိုင်သည့် အိမ်အမှတ်(၀၆၁-၀၀၁)နေအိမ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ဆောင်နေကြောင်း တာဝန်သိပြည်သူများ၏သတင်းပေးပို့မှုအရ လုံခြုံရေးပူးပေါင်းအဖွဲ့က သွားရောက်ရှာဖွေစစ်ဆေးခဲ့ရာ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူ မြန်မာနိုင်ငံသား အမျိုးသား ၁၉ ဦးနှင့် အမျိုးသမီး ၁၂ ဦး၊ စုစုပေါင်း ၃၁ ဦးတို့အား Destop ၅၈ လုံး၊ System ပုံး ၆၀ လုံး၊ ဖုန်းမျိုးစုံ ၆၀ လုံး၊ စားပွဲ ၂၀ လုံး၊ ထိုင်ခုံ ၅၄ လုံးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ အွန်လိုင်းလိမ်လည်လောင်းကစားမှုများလုပ်ကိုင်လျက်ရှိသည့် ဖမ်းဆီးရမိသူများအား လိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်ပြီးစီးပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး သိမ်းဆည်းရမိသည့် လုပ်ငန်းသုံးပစ္စည်းများအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်အနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ခြင်းများပပျောက်စေရေးနှင့် မြန်မာနိုင်ငံအတွင်း အခြေချလုပ်ကိုင်နိုင်မှုမရှိစေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို တက်ကြွစွာ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)

မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) ပြင်ဆင်ထိန်းသိမ်းခြင်းသင်တန်း ဖွင့်ပွဲကျင်းပ



နေပြည်တော် ၆နှစ် ၂

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) ပြင်ဆင်ထိန်းသိမ်းခြင်းသင်တန်း ဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီတွင် ရွာတော်ဆင်ဖြူရှင်ခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌဦးသန်းစိုးက ယခုသင်တန်းကို ကော်မရှင်အဖွဲ့ခွဲရုံးအသီးသီးရှိဝန်ထမ်းများအား မြန်မာအီလက်ထရောနစ်မဲပေးစက်များနှင့်စပ်လျဉ်း၍ ကျွမ်းကျင်မှုရှိစေရန်နှင့် မဲပေးစက်စစ်ဆေးပြုပြင်ထိန်းသိမ်းမှုများကို ကိုယ်တိုင်စဉ်ဆက်မပြတ် ဆောင်ရွက်သွားနိုင်ရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ပါကြောင်း၊ မဲပေးစက်များသည် ရွေးကောက်ပွဲအတွက် အရေးကြီးသည့်ကြီးကြပ်ကန့်သတ်ပစ္စည်းများဖြစ်သည့်အတွက် ထားသိုထိန်းသိမ်းရာတွင် လုံခြုံမှုရှိရန်၊ သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်စေ၊ အကြောင်းအမျိုးမျိုးကြောင့်ဖြစ်စေ ပျက်စီးထိခိုက်မှုမဖြစ်အောင် စနစ်တကျထားသို ထိန်းသိမ်းကြရန်၊ ခြောက်လတစ်ကြိမ် စဉ်ဆက်မပြတ် ပုံမှန်စစ်ဆေးခြင်းများကို အလေးထား ဆောင်ရွက်ကြရန်ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) ပြင်ဆင်ထိန်းသိမ်းခြင်းသင်တန်းသင်တန်းပို့ချနေမှုကို ကြည့်ရှုသည်။

အဆိုပါသင်တန်းဖွင့်ပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးတာဝန်ရှိသူများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးအဆင့်ဆင့်တို့မှသင်တန်းသား၊ သင်တန်းသူ ၁၀၀ ဦးတက်ရောက်ခဲ့ကြပြီး သင်တန်းကို ဇွန်လ ၂ ရက်မှ ၂၆ ရက်အထိ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

ရန်ကုန်-ပြည်ရထားလမ်းပိုင်း၌ မိုင်နှုန်းမြှင့်တင်ပြေးဆွဲနိုင်ရေးနှင့် ပြည်-အောင်လံ-ဆတ်သွား-ပုဂံလမ်းပိုင်းရှိ ရန်ပယ်ချောင်းတံတား ပြုပြင်နေမှုကို ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး ကြည့်ရှုစစ်ဆေး



နေပြည်တော် ၆နှစ် ၂

ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး၊ ဒုတိယဝန်ကြီး ဦးအောင်မြိုင်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့်မကွေးတိုင်းဒေသကြီးတို့မှ လျှပ်စစ်စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးများသည် ဇွန်လ ၁ ရက်တွင် RBE ရထားဖြင့် ရန်ကုန်-ပြည် ရထားလမ်းပိုင်းတစ်လျှောက် မိုင်နှုန်းမြှင့်ပြေးဆွဲနိုင်ရေး ရထားလမ်းကြံ့ခိုင်မှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက်လက်ပံတန်းဘူတာသို့ရောက်ရှိပြီး မြန်မာ့မီးရထား ပထမဆုံးစတင်ပြေးဆွဲစဉ်ကတည်းက တည်ဆောက်ခဲ့သော ၁၄၉ နှစ်ကျော်သက်တမ်းရှိသည့် ရွေးဟောင်းဘူတာတစ်ခုဖြစ်၍ ရွေးမူမပျက် ပြန်လည်ပြုပြင်မှုများဆောင်ရွက်ရန်နှင့် တန်ဖိုးထားထိန်းသိမ်းဆောင်ရွက်ရန် မှာကြားပြီး မြန်မာ့မီးရထားဆေးပေးခန်းနှင့် လက်ပံတန်းစက်ခေါင်းရုံကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး စက်ရုံဝန်ထမ်းများအား ထောက်ပံ့ငွေများ ပေးအပ်သည်။

ယင်းနောက် တောင်တွင်းကြီးမြို့နယ် ပြည်-အောင်လံ-ဆတ်သွား-ပုဂံရထားလမ်းပိုင်း၊ ပရပ်ကြယ်နှင့် ဆတ်သွားဘူတာအကြား အရှည်ပေ ၄၀၀ ရှိ တံတားအမှတ် (၃၄၃)ရန်ပယ်ချောင်းတံတားပြန်လည်ပြုပြင်တည်ဆောက်ရေး စီမံကိန်းရှင်းလင်းဆောင်သို့ရောက်ရှိပြီး အဆိုပါတံတားသည် ရန်ကုန်-ပြည်-ပုဂံလမ်းပိုင်း၌ အဓိကအရေးပါသည့်တံတားဖြစ်၍ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အမြန်ပြီးစီးအောင် ဆောင်ရွက်ရန်၊ တံတားတည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း ဘိုးပိုင်တူးခြင်းလုပ်ငန်းနှင့် တံတားပြန်လည်ပြုပြင်ခြင်းလုပ်ငန်းအချိန်မီပြီးစီးရေး ကြိုးပမ်းဆောင်ရွက်ရန် မှာကြားသည်။

ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ပြည်(ခရိုင်ရုံး) ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေးခန်းမ၌ ဝန်ကြီးဌာနအောက်ရှိဌာနဆိုင်ရာအရာထမ်း၊ အမှုထမ်းများနှင့်တွေ့ဆုံ၍ ဝန်ထမ်းများကို ထောက်ပံ့ငွေများပေးအပ်သည်။

ထို့နောက် ဒီဇယ်စက်ခေါင်းရုံ(ပြည်) ပြည်ဘူတာနှင့် ဘူတာပန်းခြံသို့ရောက်ရှိပြီး ပန်းခြံနှင့်ဘူတာ သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ရန်၊ ပန်းခြံအတွင်း အလှပြရေနွေးငွေ့စက်ခေါင်းများထားရှိပြီး ပန်းအလှပင်များစိုက်ပျိုးထားရှိရန်နှင့် ခရီးသွားပြည်သူများ စိတ်ချမ်းမြေ့စွာသွားလာနိုင်ရေး ဆောင်ရွက်ရန်မှာကြား၍ ပြည်ဘူတာမှ RBE ရထားဖြင့်ထွက်ခွာကာ ပြည်-ရန်ကုန် လမ်းပိုင်းတစ်လျှောက်ရှိဘူတာများ၊ တံတားများ၊ ရထားလမ်းများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် သာယာဝတီဘူတာသို့ရောက်ရှိပြီး သာယာဝတီဘူတာသည် ၁၄၉နှစ်ကျော်သက်တမ်းရှိသည့် ရွေးဟောင်းအမွေအနှစ်ဘူတာတစ်ခုဖြစ်၍ ရွေးမူမပျက် ပြန်လည်ပြုပြင်မှုများ ဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ သနပ်ချောင်းဘူတာသို့ရောက်ရှိကာ ရထားလမ်းများအဆင့်မြှင့်တင်နိုင်ရေး၊ အရှည် ၃၉ ပေရှိသော သံလမ်းများအား Flash Butt Welding Machine ဖြင့် ၉ ချောင်းဆက်ခြင်းလုပ်ငန်းနှင့် ဂဟေဆက်ပြီး သံလမ်းများကို Ultrasonic Rail Flaw Detector ဖြင့် သံလမ်းဆက်အရှည်အသွေးအား စစ်ဆေးနေမှုကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေသော ဝန်ထမ်းများကို ဂုဏ်ပြုဆုငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

မြဝတီ


မြို့	အနိမ့်ဆုံး	/	အမြင့်ဆုံးအပူချိန်
နေပြည်တော်	၂၆·c	/	၃၆·c
ရန်ကုန်	၂၄·c	/	၃၄·c
မန္တလေး	၂၇·c	/	၃၄·c

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့



မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့်ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။



အလွန်ပြင်းထန်သောအယ်နီညီရာသီဥတုအတွက် ကမ္ဘာ့နိုင်ငံများ ကြိုတင်ပြင်ဆင်ထားရန် ကုလသမဂ္ဂသတိပေး

ဂျီနီဗာ၊ ရာသီဥတု

ဇွန်လနှင့် ဩဂုတ်လအတွင်း အယ်နီညီရာသီဥတုဖြစ်နိုင်ခြေသည် ၈၀ ရာခိုင်နှုန်း အထိရှိနေသည့်အတွက် အလွန်ပြင်းထန်သည့် ရာသီဥတုအခြေအနေများဖြစ်ပေါ်နိုင်ခြေ မြင့်တက်လာကြောင်း၊ ထို့ကြောင့် ကမ္ဘာ့နိုင်ငံများအနေဖြင့် အလွန်ပြင်းထန်သောအယ်နီညီရာသီဥတုအတွက်ကြိုတင်ပြင်ဆင်မှုများလုပ်ထားသင့်ကြောင်း ကုလသမဂ္ဂ၏ ကမ္ဘာ့မိုးလေဝသဌာနက ဇွန်လ ၂ ရက်တွင်သတိပေးချက်ထုတ်ပြန်ထားသည်။

"အပူပိုင်းပစိဖိတ်ဒေသထဲမှာ သမုဒ္ဒရာရေပြင်က ပုံမှန်မဟုတ်ဘဲပူနွေးလာတာဖြစ်တဲ့အတွက် အယ်နီညီညြခြေအနေတွေဖြစ်ပေါ်လာနေပြီး ကမ္ဘာ့အပူချိန်နဲ့ မိုးရွာသွန်းမှုပုံစံများအပေါ် ကြီးစွာသောသက်ရောက်မှုဖြစ်ပေါ်နိုင်ပါတယ်" ဟု ကမ္ဘာ့မိုးလေဝသဌာန၏ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

ထို့ပြင် ယခုဖြစ်ပေါ်မည့်အယ်နီညီရာသီဥတုဖြစ်စဉ်ကြောင့် အချို့နေရာများတွင် အလွန်အမင်းမိုးသည်းထန်စွာရွာသွန်းခြင်းနှင့် အခြားသောနေရာများတွင် မိုးခေါင်ခြင်းတို့ဆိုးရွားစွာဖြစ်ပေါ်နိုင်ကြောင်း၊ မြေပြင်မှာသာမက သမုဒ္ဒရာထဲတွင်ပါ အပူလှိုင်းများဖြစ်ပေါ်နိုင်ခြေမြင့်တက်လာနိုင်ကြောင်း ကမ္ဘာ့မိုးလေဝသဌာနအကြီးအကဲ ကပြောသည်။

ပြင်းထန်မှုအသင့်အတင့်သာရှိသော အယ် နီညီရာသီဥတုဖြစ်စဉ်သည် ပင်အချို့သောမိုးလေဝသဖြစ်စဉ်များကို ပြင်းထန်စေတတ်ကြောင်း၊ ယခု ဖြစ်ပေါ်လာမည့် အယ်နီညီရာသီဥတုဖြစ်စဉ်မှာ အလွန်ပြင်းထန်သောအဆင့်ရှိကြောင်း သိရသည်။ **Ref: BP**

ပိုလန်တွင် ကျောင်းများအတွင်း ဖုန်းအသုံးပြုမှုကို တားမြစ်မည်

ဝါဆော၊ ပြည်တွင်းရေး

ပိုလန်အစိုးရသည် ကျောင်းနေအရွယ် ကလေးများ၏ မိုဘိုင်းဖုန်းအသုံးပြုမှုနှင့် ကလေးငယ်များအတွက်မသင့်လျော်သော ဝက်ဆိုက်များ ဝင်ရောက်ကြည့်ရှုနိုင်မှုကို တားမြစ်ရန်စီစဉ်နေကြောင်းနှင့် ဥပဒေအသစ်များကို စက်တင်ဘာလ ၁ ရက်မှ စတင်အကောင်အထည်ဖော်သွားရန် စီစဉ်နေကြောင်း ဝန်ကြီးချုပ်ဒေါ်နယ်တက်က ဇွန်လ ၂ ရက်တွင်ပြောသည်။

အစိုးရ၏ အဆိုပြုဥပဒေအရ အသက် ၇ နှစ်မှ ၁၅ နှစ်အတွင်းရှိ မူလတန်းကျောင်းသားများသည် ကျောင်းဝင်းအတွင်း မိုဘိုင်းဖုန်းအသုံးပြုခွင့်မရှိတော့ဘဲ စာသင်ချိန်များသာမက အနားယူချိန်များတွင်လည်း ဖုန်းအသုံးပြုခြင်းကို တားမြစ်မည်ဖြစ်သည်။ လက်ရှိ၌ နယ်သာလန်၊ တောင်ကိုရီးယားနှင့်အီတလီအပါအဝင် နိုင်ငံအချို့က ထိုသို့စမတ်ဖုန်းများအသုံးပြုမှုကို တားမြစ်ထားသည်။ **Ref: ST**

အကြမ်းဖက်မှုများကို တုံ့ပြန်သည့်အနေဖြင့် ရုရှားက ယူကရိန်းကိုတိုက်ခိုက်မှုပြုလုပ်

မော်စကို၊ စစ်ရေး

ရုရှားတပ်ဖွဲ့များသည် ယူကရိန်းတို့၏ အကြမ်းဖက်မှုများကို လက်တုံ့ပြန်သည့်အနေဖြင့် ယူကရိန်းရှိစစ်ဘက်ဆိုင်ရာပစ်မှတ်များကို ဒုံးကျည်များ၊ ဒရုန်းများဖြင့် အကြီးစားတိုက်ခိုက်မှုများလုပ်ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ဇွန်လ ၂ ရက်တွင်ထုတ်ပြန်ထားသည်။

အဆိုပါတိုက်ခိုက်မှုကို ဇွန်လ ၁ ရက် ညပိုင်းတွင်လုပ်ဆောင်ခြင်းဖြစ်ကြောင်း၊ ယင်းတိုက်ခိုက်မှုတွင် ကိုယက်မြို့နှင့် အခြားသောဒေသများရှိ ကာကွယ်ရေးစက်မှုလုပ်ငန်းနေရာများကိုပစ်မှတ်ထားခြင်းဖြစ်ကြောင်း ဝန်ကြီးဌာန၏ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အလားတူ အဆိုပါတိုက်ခိုက်မှုအတွင်း ယူကရိန်းတပ်ဖွဲ့များအသုံးပြုလျက်ရှိသော လောင်စာဆီနှင့်သယ်ယူပို့ဆောင်ရေးဆိုင်ရာအခြေခံအဆောက်အဦများသာမက စစ်ဘက်လေယာဉ်ကွင်းများကိုလည်း ထိမှန်ကြောင်း ထုတ်ပြန်ချက်၌ ဆက်လက်ဖော်ပြထားသည်။

ယင်းတိုက်ခိုက်မှုအတွင်း မြေပြင်နှင့် ရေပြင်အခြေပြု တိကျလက်နက်များကို အသုံးပြုခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါလက်နက်များတွင် အသံနှုန်းလွန်ဒုံးကျည်များနှင့် ဒရုန်းများပါဝင်ကြောင်း၊ ရည်မှန်းထားသည့်စစ်မှတ်များအားလုံးကို ထိမှန်အောင်စစ်ဆေးနိုင်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနကပြောသည်ဟုသိရသည်။ **Ref: RT**

ဂျုန်မီမုန်တိုင်း ဂျပန်အနောက်ပိုင်းနှင့် အရှေ့ပိုင်းသို့ရွေ့လျား

တိုကျို၊ ရာသီဥတု

ယခုနှစ်တွင် ဂျပန်နိုင်ငံအတွက် ခြောက်လုံးမြောက်မုန်တိုင်းဖြစ်သော ဂျုန်းမီမုန်တိုင်းသည် ကျူရူးကျွန်းကိုဖြတ်ကျော်ပြီးနောက် နိုင်ငံအရှေ့ပိုင်းနှင့်အနောက်ပိုင်းသို့ဦးတည်ရွေ့လျားနေကြောင်း မိုးလေဝသဌာနက ဇွန်လ ၂ ရက်တွင်ထုတ်ပြန်ထားသည်။

ဂျုန်းမီမုန်တိုင်းသည် ည ၇ နာရီအချိန်တွင် မီယာဇာကီမြို့၏အရှေ့တောင်ဘက် ကီလိုမီတာ ၈၀ ခန့်အကွာ၌ တည်ရှိနေပြီး တစ်နာရီလျှင် ကီလိုမီတာ ၄၀ နှုန်းဖြင့် အရှေ့မြောက်ဘက်သို့ ရွေ့လျားကာ လေတိုက်နှုန်းမှာ တစ်နာရီလျှင် ၁၂၆ ကီလိုမီတာအထိရှိကြောင်း မိုးလေဝသဌာန၏ ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

မုန်တိုင်းကြောင့် မီယာဇာကီနှင့် ကာဂိရှီးမားစီရင်စုတို့တွင် မိုးသည်းထန်စွာရွာသွန်းရာ မီယာဇာကီမြို့၌ ၂၄ နာရီအတွင်း မိုးရေချိန် ၃၀၀ မီလီမီတာကျော် စံချိန်တင် ရွာသွန်းခဲ့ကြောင်း မိုးလေဝသဌာန၏ ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်ကို ထွေ့ရသည်၊ယင်းမုန်တိုင်းကြောင့်အိုကီနာဝါစီရင်စု၌ လူ ၁၆ ဦး ဒဏ်ရာရရှိကြောင်း သိရသည်။ **Ref: Xinhua**

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန
ပြည်တွင်းအခွန်များဦးစီးဌာန
၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ် အခွန်ဦးစီးဌာနမှူးရုံးဆောက်လုပ်ခြင်းအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ်၊ အခွန်ဦးစီးဌာနမှူးရုံး၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ၊ ဌေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေဖြင့် ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ ရေတာရှည်မြို့နယ် အခွန်ဦးစီးဌာနမှူးရုံး အသစ်ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်ရန်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

က	(၁၈' x ၃၆')RC(၂)ထပ်အဆောက်အဦဆောက်လုပ်ခြင်း	၁
ခ	အုတ်ခြံစည်းရိုးကာရံခြင်း(အုတ်တိုင်)(၂၀၀'x ၆')လုပ်ငန်းဆောင်ရွက်ခြင်း	၁

(က) တင်ဒါလျှောက်လွှာစတင် ရောင်းချမည့်နေ့ရက် – (၄-၆-၂၀၂၆)(ကြာသပတေး)နေ့ (ရုံးချိန်အတွင်း)

(ခ) တင်ဒါလျှောက်လွှာနောက်ဆုံး ရောင်းချမည့်နေ့ရက် – (၁၅-၆-၂၀၂၆)(တနင်္လာနေ့) ညနေ(၁၆:၃၀)နာရီ

(ဂ) တင်ဒါလျှောက်လွှာနောက်ဆုံး တင်သွင်းရမည့်နေ့ရက် – (၁၅-၆-၂၀၂၆)(တနင်္လာနေ့) ညနေ(၁၆:၃၀)နာရီ

(ဃ) တင်ဒါဖွင့်လှစ်မည့်နေ့ရက်/ အချိန် – (၁၉-၆-၂၀၂၆)(သောကြာနေ့) မနက်(၉:၃၀)နာရီ

(င) တင်ဒါလျှောက်လွှာရောင်းချမည့် နေရာ – တိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူးရုံး၊ အမှတ်(၃၉)၊ ဂေါ်သဇင်လမ်း၊ ရုံးကြီးရပ်ကွက်၊ ပဲခူးမြို့

(စ) တင်ဒါဖွင့်လှစ်မည့်နေရာ – တိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူးရုံး၊ အမှတ်(၃၉)၊ ဂေါ်သဇင်လမ်း၊ ရုံးကြီးရပ်ကွက်၊ ပဲခူးမြို့

၂။ တင်ဒါပုံစံနှင့်တင်ဒါစည်းကမ်းချက်များကို ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်ဝယ်ယူသည့်စနစ်ဖြင့် ရောင်းချမည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ပဲခူးတိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူးရုံး၊ ဌေစာရင်းဌာနစု၊ ဖုန်း-၀၉-၄၄၀၀၀၅၅၉၃၉ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါကော်မတီ
ပဲခူးတိုင်းဒေသကြီး၊ ပြည်တွင်းအခွန်များဦးစီးဌာန

သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ

တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ အ.ထ.က(၃)၊ Grade-12 မှ အဘ ဦးဝင်းဦး ဖ/ဘပန(နိုင်)၀၀၃၁၄၀ ၏သမီး မဂျူးဂျူးလှိုင် (ခ)မဂျူးဂျူး ၁၂/ရပသ(နိုင်)၁၃၄၃၃၅ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

မဂျူးဂျူးလှိုင်(ခ)မဂျူးဂျူး

ကန့်ကွက်နိုင်ပါသည်

Global Seven Co.,Ltd. အား ဦးထက်အောင် ၁၁/သတန(နိုင်)၀၆၅၂၆၇ မှ Managing Director အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ယခုအခါ ဦးထက်အောင်မှာ ရာထူးမှနုတ်ထွက်သွားပါသဖြင့် ဒေါ်ခင်မြတ်၀င်း ၁၂/လမတ(နိုင်)၀၃၁၅၃၈ မှ Managing Director အဖြစ် တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ဒေါ်ခင်မြတ်၀င်းမှ Global Seven Co.,Ltd. ၏ Managing Director အဖြစ် တာဝန်ထမ်းဆောင်ခြင်းအပေါ် ကန့်ကွက်လိုပါက အထောက်အထားများဖြင့် (၁၄)ရက်တွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

Global Seven Co.,Ltd.

ပျောက်ဆုံးကြောင်း

ဇင်မျိုးနိုင်(ဘ)ဦးကျော်ကျော်ရင်၅/မရန(နိုင်) ၂၉၃၃၁၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၀၅၁၁၇၇

ပျောက်ဆုံးကြောင်း

ရန်နိုင်လင်း(ဘ)ဦးမြင့်သန်း ၁၂/ကမတ (နိုင်)၀၆၉၆၈၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၀၅၃၂၇

ပျောက်ဆုံးကြောင်း

၀ေဇင်ကို(ဘ)ဦး၀င်းကို ၅/ဒပဃ(နိုင်) ၁၃၀၉၈၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၉၇၇၅၅၅

အမည်ပြောင်း

နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ ကန်သာကျေးရွာနေ အဘ ဦးညီညီလင်း၏သမီး မဆုဟန်နီလင်းအား ယနေ့မှစ၍ မစုစန္ဒာအောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မစုစန္ဒာအောင်

တစ်ဦးတည်းဖြစ်ပါကြောင်း

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ အ.ဖ.က ဂျူတ်ကုန်းကျောင်းမှ မူအုပ် ဒေါ်ပပိုင် ၈/တတက(နိုင်)၁၀၃၅၂၏၏မခင်ဦးဘသင်နှင့်ဦးဘတင် ၈/တတက(နိုင်)၀၅၈၃၀ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးဘသင်(ခ)ဦးဘတင်

ပျောက်ဆုံးကြောင်း

လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊(၇)ရပ်ကွက်၊ အောင်မေတ္တာလမ်း၊ အမှတ်(၇၄၀/က)နေ သန်းထိုက်ဦး(ဘ)ဦးသိန်းထွန်းဦး ၁၂/လသယ (နိုင်)၀၆၉၄၄၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၆၄၆၁၀၀၈၈

ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ အခြေခံပညာမူလွှန်(မြို့ဦး)ကျောင်း စတုတ္ထတန်း(အောင်) မအေးစိုး၏ဖခင် အမည်မှန်မှာ ဦးသန်းလင်းဖြစ်ပါကြောင်း။

ဦးသန်းလင်း

ပျောက်ဆုံးကြောင်း

မန္တယ်နီခိုင်(ဘ)ဦးမောင်ဌေး ၉/မထလ(နိုင်) ၂၂၉၁၁၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၉၉၇၀၁၇၄၃

ပျောက်ဆုံးကြောင်း

ကဝမြို့သက္ကလရွာနေ ကောင်းထက် (ဘ)ဦးမင်းသိန်း ၇/က၀၀န(နိုင်)၁၅၀၁၁၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(MD 946568) မှာ ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိက အကြောင်း ကြားပေးပါရန်။

ဖုန်း-၀၉-၇၆၄၆၁၀၀၈၈

ပျောက်ဆုံးကြောင်း

ချစ်စုလှိုင်(ဘ)ဦးချစ်ဆွေ ၅/မရန(နိုင်) ၂၆၁၇၅၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၀၅၁၁၇၇

ပျောက်ဆုံးကြောင်း

၀ေ၀ေနွဲ(ဘ)ဦးဇော်၀င်းအောင် ၁၄/ဒဒရ (နိုင်) ၂၃၆၅၈၁ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၀၄၃၃၈၃၄၀

ပျောက်ဆုံးကြောင်း

ဦးဇော်(ဘ)ဦးထွန်းမောင် ၉/တကန(နိုင်) ၁၃၀၆၃၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၂၆၅၅၀၉

ပျောက်ဆုံးကြောင်း

နန်းနုနွမ်း(ဘ)ဦးဘ၀င်း ၁၃/ကသန(နိုင်) ၀၁၈၅၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၁၅၅၂

ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ UAZL ကိုယ်ပိုင်အထက်တန်းကျောင်း Grade-9 မှ မလရောင်ချို၏ဖခင် ဦးမျိုး၀င်းဆန်း၏အမည် မှန်မှာ ဦးမျိုး၀င်းစန်း ၈/တတက(နိုင်)၁၃၉၇၁၇ ဖြစ်ပါကြောင်း။

ဦးမျိုး၀င်းစန်း

ပျောက်ဆုံးကြောင်း

မေစံပါယ်ဖြူ(ဘ)ဦး၀င်းနိုင် ၁၁/သတန(နိုင်) ၁၁၆၃၈၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၁၅၅၂

အမည်ပြောင်း

ဇရာ၀တီတိုင်းဒေသကြီး၊ မြန်အောင်ခရိုင်၊ မြန်အောင်မြို့နယ်၊ အခြေခံပညာအထက် တန်းကျောင်း-တာခွ၊ Grade-6 မှ ကျောင်း၀င်အမှတ်(၀၀၄၄)၊ အဘ ဦး၀င်း မြင့်အောင် ၇/ပတန(နိုင်)၁၂၆၄၂၈ ၏သား မောင်ဘုန်းခန့်ကျော် အား မောင်မင်းခန့် ကျော်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မောင်မင်းခန့်ကျော်

ပျောက်ဆုံးကြောင်း

မင်းသိန်းကျော်(ဘ)ဦးမြင့်နိုင် ၁၂/ဒပန(နိုင်) ၀၆၄၆၅၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၅၀၂၁၇၀၆

ပျောက်ဆုံးကြောင်း

ပြည့်ဖြိုးထွန်း(ဘ)ဦးဆင်ဟွ ၁၂/လကန(နိုင်) ၂၇၃၁၄၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၅၀၂၁၇၀၆

ပျောက်ဆုံးကြောင်း

၀င်းကြည်(ဘ)ဦးသိန်းမောင် ၁၄/ပသရ(နိုင်) ၀၀၉၆၅၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၃၃၈၇၄၆၃

ပျောက်ဆုံးကြောင်း

ယဉ်သူသိမ့်သိမ့်ထွေး(ဘ)ဦးခင်မောင်ထွေး ၂/လကန(နိုင်)၀၀၀၂၄၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၄၁၅၅၂

မိခင်အမည်မှန်

နေပြည်တော်၊ ဒဂို့ဏာသီရိမြို့နယ်၊ အ.ထ.က(၁၉)၊ Grade-12 မှ မောင်အောင်ကိုလတ်၏မိခင်အမည်မှန်မှာ ဒေါ်ကရင်မ ၉/တကန(နိုင်)၁၂၃၄၄၈ ဖြစ်ပါကြောင်း။

ဒေါ်ကရင်မ

ပျောက်ဆုံးကြောင်း

ခင်ပပိုင်(ဘ)ဦးတင်ထွေး ၁၂/ဒပန(နိုင်) ၀၆၁၇၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၄၁၅၅၂

ပျောက်ဆုံးကြောင်း

ရွှေပြည်သာမြို့နယ်၊ (၅)ရပ်ကွက်၊ ဗို့လ် ချုပ် လမ်း၊ အမှတ်(၁၈၉)နေ မြတ်မြတ်စိုး(ဘ)ဦးစိုးတင် ၁၂/ပဘတ (နိုင်)၀၀၁၃၄၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
နေပြည်တော်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးရုံး
အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ နေပြည်တော်ကောင်စီ၏ကြီးကြပ်မှုဖြင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် နိုင်ငံပိုင်အခန်းရင်းနှီးမြှုပ်နှံမှု(ငွေလုံးငွေရင်းအသုံးစရိတ်ရန်ပုံငွေ)ဖြင့် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်းဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်း(၇)ခုအား မြန်မာကျပ်ငွေဖြင့် တည်ဆောက်ရန်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်ကုမ္ပဏီများကို သတ်မှတ်ချက်နှင့်အညီ အိတ်ဖွင့်တင်ဒါ(Open Tender)တင်သွင်းရန်ဖိတ်ခေါ်ပါသည်။

(က)	လယ်ဝေးမြို့နယ်၊ အေလာတိုက်နယ်ကျန်းမာရေးဌာန(၁၉၃၂ စ/ပေ) အဆောက်အဦ(၁)ထပ်(ရေ၊ မီး၊ မိလ္လာ၊ Apron & Drain အပါအဝင်)	(၁)ခု
(ခ)	လယ်ဝေးမြို့နယ်၊ ရှမ်းရွာကျေးလက်ကျန်းမာရေးဌာနခွဲ(၁၀၂၄ စ/ပေ) အဆောက်အဦ(၁)ထပ်(ရေ၊ မီး၊ မိလ္လာ၊ Apron & Drain အပါအဝင်)	(၁)ခု
(ဂ)	လယ်ဝေးမြို့နယ်၊ ဝက္ကမူကျေးလက်ကျန်းမာရေးဌာန(၁၉၃၂ စ/ပေ) အဆောက်အဦ(၁)ထပ်(ရေ၊ မီး၊ မိလ္လာ၊ Apron & Drain အပါအဝင်)	(၁)ခု
(ဃ)	တပ်ကုန်းမြို့နယ်၊ ရွှေမြို့တိုက်နယ်ကျန်းမာရေးဌာန(၁၉၃၂ စ/ပေ) အဆောက်အဦ(၁)ထပ်(ရေ၊ မီး၊ မိလ္လာ၊ Apron & Drain အပါအဝင်)	(၁)ခု
(င)	တပ်ကုန်းမြို့နယ်၊ မြောက်မြို့ကျန်းမာရေးဌာန -(၁၉၃၂ စ/ပေ)အဆောက်အဦ(၁)ထပ် -(၆၂၈ စ/ပေ)(၂)ခန်းတွဲဝန်ထမ်းအိမ်ရာ(၁)ထပ် -(၁၂၆၉ စ/ပေ)(၃)ခန်းတွဲဝန်ထမ်းအိမ်ရာ(၁)ထပ် (ရေ၊ မီး၊ မိလ္လာ၊ Apron & Drain နှင့် အခြားဆက်စပ်လုပ်ငန်းများအပါအဝင်)	(၁)ခု
(စ)	ဇေယျာသီရိမြို့နယ်၊ မရင်းကြီးကျေးလက်ကျန်းမာရေးဌာနခွဲ(၁၀၂၄ စ/ပေ) အဆောက်အဦ(၁)ထပ်(ရေ၊ မီး၊ မိလ္လာ၊ Apron & Drain အပါအဝင်)	(၁)ခု
(ဆ)	ဇေယျာသီရိမြို့နယ်၊ ကျောက်ချက်ကျေးလက်ကျန်းမာရေးဌာနခွဲ(၁၀၂၄ စ/ပေ) အဆောက်အဦ(၁)ထပ်(ရေ၊ မီး၊ မိလ္လာ၊ Apron & Drain အပါအဝင်)	(၁)ခု

၂။ အိတ်ဖွင့်တင်ဒါပုံစံ စတင်ရောင်းချမည့် ရက်နှင့်အချိန် - ၃-၆-၂၀၂၆ ရက် နံနက်(၁၀:၀၀)နာရီ

အိတ်ဖွင့်တင်ဒါပုံစံနောက်ဆုံးတင်သွင်းရမည့်ရက်နှင့်အချိန် - ၁၆-၆-၂၀၂၆ ရက် ညနေ(၄:၀၀)နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များကို သိရှိလိုပါက ရုံးချိန်အတွင်း ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဖုန်းနံပါတ်-၀၆၇-၅၅၀၁၈၄ သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ

နေပြည်တော်ပြည်သူ့ကျန်းမာရေးဦးစီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
စည်ပင်သာယာရေးဝန်ကြီးဌာန
(ရန်ကုန်တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့)
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီးဌာန၊ တင်ဒါကော်မတီသည် ရန်ကုန်တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့၊ ကွပ်ကဲမှုအောက်ရှိ သန်လျင်၊ လှည်းကူး၊ ခရမ်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့များ၏ ၂၀၂၆-၂၀၂၇ ခု ဘဏ္ဍာရေးနှစ်တွင် ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများတွင် အသုံးပြုမည့် လုပ်ငန်းသုံးပစ္စည်းများအား အိတ်ဖွင့်တင်ဒါဝယ်ယူရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ တိုင်းရင်းသားများပိုင် ပြည်တွင်းကုမ္ပဏီများအား တင်ဒါများတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါကို အောက်ပါအစီအစဉ်အတိုင်း ဖွင့်ဖောက်သွားမည်ဖြစ်ပါသည်-

(က)	လျှောက်လွှာဝယ်ယူနိုင်သည့် ရက်နှင့် PO ပေးသွင်းရမည့်ရက်	- (၃-၆-၂၀၂၆)မှ(၁၆-၆-၂၀၂၆)ရက်နေ့ အထိ
(ခ)	တင်ဒါစိစစ်ရွေးချယ်မည့်ရက်နှင့်အချိန်	- (၁၈-၆-၂၀၂၆)ရက်နေ့၊ ကြာသပတေးနေ့၊ (၁၃:၀၀)နာရီ
(ဂ)	တင်ဒါစိစစ်ရွေးချယ်မည့်နေရာ	- ရန်ကုန်တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ရုံး၊ အစည်းအဝေးခန်းမ

၃။ အသေးစိတ်အချက်အလက်များနှင့် တင်ဒါလျှောက်လွှာပုံစံများကို သက်ဆိုင်ရာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးများတွင် (၃-၆-၂၀၂၆)မှ (၁၆-၆-၂၀၂၆)ရက်နေ့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်း၀ယ်ယူနိုင်ပါသည်။

ဆက်သွယ်ရန်ဖုန်းနံပါတ် - ၀၉-၇၆၀၃၃၀၀၇၈၊ ၀၉-၄၄၈၀၁၇၉၉၄၊ ၀၉-၇၉၆၂၃၃၅၇၇

တင်ဒါကော်မတီ

ရန်ကုန်တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့

ပျောက်ဆုံးကြောင်း

ချမ်းမြမြအောင်(ဘ)ဦးခင်အောင် ၇/ပမန(နိုင်)၂၀၂၆၇၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၈၀၅၃၃၇

အမည်ပြောင်း

ပဲခူးတိုင်းဒေသကြီး၊ ဘုရားကြီးမြို့၊ အ.လ.က ရှမ်းစုကျောင်း၊ Grade-8 မှ အဘဦးဇင်မင်းဦး၏သား မောင်မင်းထက်ကျော်အား မောင်ပိုင်သုတဖြိုးဟု ပြောင်းလဲခေါ်ဆိုပါရန်။

မောင်ပိုင်သုတဖြိုး

မွေးသက္ကရာဇ်အမှန်

ပဲခူးတိုင်းဒေသကြီး၊ အ.ထ.က ဘုရားကြီးကျောင်း၊ Grade-12 မှ အဘ ဦးဇင်မင်းဦး၏ သမီး မခင်သီရိခေတ်၏မွေးသက္ကရာဇ်အမှန်မှာ (၅-၉-၂၀၀၇)ဖြစ်ပါကြောင်း။

(၅-၉-၂၀၀၇)

ပျောက်ဆုံးကြောင်း

သဇ္ဇာထွန်း(ဘ)ဦးမြင့်သိန်း ၇/ထတပ(နိုင်)၁၁၀၁၀၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 435550)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၄၁၅၆

ပျောက်ဆုံးကြောင်း

အေးမြင့်မြတ်သူ(ဘ)ဦးစိုးမင်းသန့် ၁/၀မန(နိုင်)၁၀၂၁၉၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၄၁၅၆

ပျောက်ဆုံးကြောင်း

ခွဲနန်(ဘ)ဦးလဗျာဂမ်(ခ)မာဂမ် ၁၃/ကခန(နိုင်)၀၇၅၁၄၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၄၁၅၆

ပျောက်ဆုံးကြောင်း

မအူးမြာ(ဘ)ဦးဗျားရယ် ၂/လကန(နိုင်)၁၁၇၁၉၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၈၈၁၈၅၅၉

ပျောက်ဆုံးကြောင်း

ပွင့်ဖြူ(ဘ)ဦးကျော်နိုင် ၁၂/ကတန(နိုင်)၁၄၇၇၀၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MK 408014)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၄၁၅၆

ပျောက်ဆုံးကြောင်း

ပြည့်ပြည့်ခိုင်(ဘ)ဦးကျော်သန်း ၇/အတန(နိုင်)၁၀၇၀၆၁၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၄၁၅၆

ပျောက်ဆုံးကြောင်း

ဟေန်ရှိုင်း(ဘ)ဦးရန်နေမိန်း ၅/မသန(နိုင်)၀၀၂၀၁၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၄၁၅၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
ကုသရေးဦးစီးဌာန
ရန်ကုန်ပြည်သူ့ဆေးရုံကြီး
ဆေးရုံအုပ်ကြီးရုံး
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ (၂၀၂၆-၂၀၂၇) ဘဏ္ဍာရေးနှစ် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၏လူနာများအတွက် FDA အသိအမှတ်ပြု ဆေး၀ါး၊ ဆေးပစ္စည်း၊ ဓာတ်ခွဲ Reagent များ၊ အောက်ဆီဂျင်အရည်နှင့် Basic Consumables များအား ဝယ်ယူမည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသည့် အစိုးရအသိအမှတ်ပြုကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန်ခေါ်ယူအပ်ပါသည်။

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၁၀-၆-၂၀၂၆(ဗုဒ္ဓဟူးနေ့)
တင်ဒါပုံစံနောက်ဆုံးပေးသွင်းရမည့် နေ့ရက်/အချိန် - ၂၃-၆-၂၀၂၆(အင်္ဂါနေ့) (၁၆:၀၀)နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့်ပတ်သက်၍ အသေးစိတ်သိလိုပါက ဆေးရုံအုပ်ကြီးရုံး၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီး

တင်ဒါကော်မတီ

၀၁-၂၅၆၁၁၂ Ext;(၈၀၂)

ပျောက်ဆုံးကြောင်း

ထက်ထက်လင်း(ဘ)ဦးသိန်းဆော ၅/ခဉန(နိုင်)၁၂၀၇၈၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၇၂၇၄၄၀၁

ပျောက်ဆုံးကြောင်း

ရွှေစင်ဝင်း(ဘ)ဦးမျိုးအောင် ၁၄/ငပတ(နိုင်)၂၆၆၅၅၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 680946)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၉၃၆၈၅၁၃၉၈

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှထိန်းသိမ်းထားရှိသော အောက်ဖော်ပြပါ တွန်းသဘော်၊ (၃)စင်းအား တစ်စင်းချင်းစီ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်-

(က) Tug Cathay – 3(သံခွံ)
- (၁) IMO နံပါတ် - ၉၄၄၇၅၁၀
- (၂) မှတ်ပုံတင်အလေးချိန် - ၁၅၃ တန်
- (၃) သင်္ဘောအလျား - ၂၁.၉၆ မီတာ
- (၄) သင်္ဘောအကျယ် - ၇.၃၂ မီတာ
- (၅) ရေစူး - ၃.၂၀ မီတာ

(ခ) Tug Cathay – 7(သံခွံ)
- (၁) IMO နံပါတ် - ၉၄၈၉၁၃၂
- (၂) မှတ်ပုံတင်အလေးချိန် - ၁၄၄ တန်
- (၃) သင်္ဘောအလျား - ၂၁.၉၆ မီတာ
- (၄) သင်္ဘောအကျယ် - ၇.၃၂ မီတာ
- (၅) ရေစူး - ၃.၂၀ မီတာ

(ဂ) Tug Cathay – 21(သံခွံ)
- (၁) IMO နံပါတ် - ၉၃၁၁၉၃၃
- (၂) မှတ်ပုံတင်အလေးချိန် - ၁၂၂ တန်
- (၃) သင်္ဘောအလျား - ၂၁.၈၁ မီတာ
- (၄) သင်္ဘောအကျယ် - ၇.၀၀ မီတာ
- (၅) ရေစူး - ၂.၉၀ မီတာ

၂။ တင်ဒါလျှောက်လွှာများအားစိစစ်ရာတွင် နိုင်ငံတော်သမ္မတရုံးညွှန်ကြားချက်(၁/၂၀၁၇) အပိုဒ် ၂၃/၂၄ နှင့်အညီ စိစစ်ရွေးချယ်သွားမည်ဖြစ်ပါသည်။

၃။ အဆိုပါရေယာဉ်(၃)စင်းအား ဇရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ဆိပ်ကမ်းနယ်နိမိတ်အတွင်း ထိန်းသိမ်းထားရှိပြီးဖြစ်၍ ပြည်တွင်း/ပြည်ပကုမ္ပဏီများအနေဖြင့် ရေယာဉ်အားကိုယ်တိုင်ကြည့်ရှုလေ့လာပြီးနောက် စိတ်ပါဝင်စားမှုရှိပါက တင်ဒါတွင် ပါဝင်ယှဉ်ပြိုင်နိုင်ပါသည်။ **(နိုင်ငံခြားကုမ္ပဏီများ ပါဝင်ယှဉ်ပြိုင်မည်ဆိုပါက သက်ဆိုင်ရာနိုင်ငံရှိ မြန်မာသံရုံး၏ endorsement ပါရှိရပါမည်။)**

၄။ လျှောက်လွှာများအား အောက်ပါအတိုင်း၀ယ်ယူနိုင်ပါသည်

(က)	တင်ဒါလျှောက်လွှာများ ၀ယ်ယူရမည့်နေရာ	- ဗဟိုပစ္စည်းထိန်းဌာန၊ ဗိုလ်တထောင်
(ခ)	တင်ဒါလျှောက်လွှာများ ရောင်းချရမည့်ရက်	- ၄-၆-၂၀၂၆ မှ ၂၃-၆-၂၀၂၆ ထိ (ရုံးချိန်)
(ဂ)	တင်ဒါလျှောက်လွှာများ တင်သွင်းရမည့်နေရာ	- မြန်မာ့ဆိပ်ကမ်းအာဏာပိုင် (ရုံးချုပ်)
(ဃ)	တင်ဒါလျှောက်လွှာများ တင်သွင်းရမည့်ရက်/အချိန်	- ၂၅-၆-၂၀၂၆(၁၃၀၀)နာရီ

၅။ ဤတင်ဒါသည် ၁၉၀၈ ဆိပ်ကမ်းများ အက်ဥပဒေ ပုဒ်မ ၁၁ နှင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဥပဒေ ၂၀၁၅ ပုဒ်မ ၆၆(ခ) တို့အရ လေလံတင်ရောင်းချခြင်းဖြစ်သဖြင့် အဆိုပါဥပဒေပြဋ္ဌာန်းချက်တစ်ခုခုအရ အကြောင်းတစ်စုံတစ်ရာပေါ်ပေါက်လာပါက မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် တင်ဒါတစ်ခုလုံးကိုသော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသကိုသော်လည်းကောင်း ဖျက်သိမ်းခွင့်ရှိပြီး ထိုသို့ဖျက်သိမ်းခြင်းအား ပြန်လည်၍အသိပေးကြေညာသွားမည်ဖြစ်ပါသည်။

၆။ အသေးစိတ်သိလိုပါက အောက်ပါဖုန်းနံပါတ်များအား ဆက်သွယ်မေးမြန်းနိုင်ပါသည်-

(က)	ရေကြောင်းဌာန	- 018246380, 018387117 လိုင်းခွဲ(211)
(ခ)	ဗဟိုပစ္စည်းထိန်းဌာန	- 081610230

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ

ကန့်ကွက်နိုင်ပါရန် ကြော်ငြာခြင်း

၁။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ တောင်ကြီးမြို့နယ်၊ မိုင်းသာအရှေ့ရွာ၊ ကွင်းအမှတ်(၅၈/၃)၊ ဦးပိုင်အမှတ်(၇၄)ပေါ်ရှိ ဦးမြမောင်(ခ)ဦးကျောင်းခွက်နှင့် ဒေါ်ခမ်းမယ်တို့ပိုင်ဆိုင်သော မြေ(၄.၇၆)ဧကမှ မြေ(၂.၃၈)ဧကအား သမီးဖြစ်သူ ဒေါ်မိဆွန် နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊ ၁၃/တကန(နိုင်)၀၂၃၄၇၈၊ အမှတ်(ည/၁၉)အနောက်မြို့ပတ်လမ်း၊ ညောင်ဖြူစခန်းရပ်ကွက်၊ တောင်ကြီးမြို့နေသူမှ မိဘအမွေအဖြစ် ကျေးရွာလူကြီး၊ ရပ်မိရပ်ဖများအသိအမှတ်ပြုကာ ရရှိထားသော မြေကွက်ဖြစ်ပါသည်။

၂။ အဆိုပါမြေကွက်(၂.၃၈)ဧကအား ကျွန်မဒေါ်မိဆွန်မှ တရားဥပဒေနှင့်အညီ ပြန်လည်ရောင်းချပြီး ကွယ်လွန်သွားသောမိဘနှစ်ပါးအတွက်ရည်စူး၍ အလှူပြုလုပ်မည်ဖြစ်ပါသဖြင့် ရောင်းချခြင်းအား ကန့်ကွက်လိုသောမောင်နှမများနှင့် ဆွေမျိုးများသည် သက်သေစာရွက်စာတမ်းများနှင့်အတူ (၃၁-၇-၂၀၂၆)ရက်နေ့နောက်ဆုံး တောင်ကြီးမြို့နယ်တရားရုံးတွင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ခြင်းမရှိပါက မြေကွက်အား ရောင်းချသွားမည်ဖြစ်ပြီး ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဒေါ်မိဆွန် ၁၃/တကန(နိုင်)၀၂၃၄၇၈

အမှတ်(ည/၁၉)၊ အနောက်မြို့ပတ်လမ်း၊

ညောင်ဖြူစခန်းရပ်ကွက်၊ တောင်ကြီးမြို့။

ပျောက်ဆုံးကြောင်း

ဇော်မျိုးအောင်(ဘ)ဦးကျော်ဒင် ၁၂/သဃက(နိုင်)၀၃၇၀၁၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၃၁၁၈၀၁၄

ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်



ရန်ကုန် - နေပြည်တော် - တောင်ကြီး - မုံရွာ - မန္တလေး - ပြင်ဦးလွင် - ကျောက်ပန်းတောင်း - ချောက် - ဆိပ်ဖြူ - ပုဂံ(ညောင်ဦး) - ပခုက္ကူ
မကွေး - မိတ္ထီလာ - မြင်းခြံ - ပုသိမ် - မော်လမြိုင် - သံဖြူဇရပ် - ကျိုက္ခမီ - တောင်ငူ - ဆွာ - ရေနီ - ပဲခူး - ညောင်လေးပင် - ဘားအံ - မြဝတီ



➢ ဗန္ဓုမန်းသူ
09-254781060

➢ ပါရမီ(YBS)
09-459448201





➢ မန္တလေးထားဝယ်ခြင်နှံကော်
09-426500153

➢ စတော်ဝင်
09-423333250





➢ ပါရမီတက္ကစီ
01-3643641

➢ ကူန့်စည်
09-440619258

အောက်ပါ လုံခြုံစိတ်ချ ဈေးနှုန်းပြည့်ဝသော ခရီးသွားဝန်ဆောင်မှု မြို့တွင်း / မြို့ပြင် ဘုရားဖူးခရီးစဉ်များ ငှားရမ်းပေးလျက်ရှိပါသည်။

အရည်အသွေးမှာထိပ် ဆင်မင်းတံဆိပ် ဘိလပ်မြေ





ISO 9001 BUREAU VERITAS Certification Excluding design UKAS MANAGEMENT SYSTEMS

BEST QUALITY CEMENT ASTM.C150 TYPE I (42.5) ဆင်မင်းဘိလပ်မြေ

BEST QUALITY CEMENT ASTM.C150 TYPE II (32.5) ဆင်မင်းဘိလပ်မြေ

ဆက်သွယ်ရန် - ဖုန်း ၀၉ ၆၈၆၉၉၃၅၈၃၊ ၀၉ ၇၉၆၁၁၁၅၅၉၊ email : scfg.kyaukse@gmail.com

အင်္ဂလန်နိုင်ငံ International Brewing Awards ၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards ၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection ၊ ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဇျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .

'ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ'



ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉

STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၃၉၀၇၇

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၂၆၃၁၄၄၃၅၈

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀) မြိုင်ကလေး နှင့် ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀) ပြည်ညောင်တို့မှ ထုတ်လုပ်သော ကြံ့၊ ဆင်နှစ်ကောင် ၊ **Blue Diamond** နှင့် မြင်းပျံ အမှတ်တံဆိပ် ဘိလပ်မြေများအား





စက်ရုံ နှင့် အရောင်းကိုယ်စားလှယ်များထံမှ စက်ရုံဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။

ဘိလပ်မြေစက်ရုံ (တန်-၄၀၀၀)

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ - ၄၄၉၂၅၁၂၊ ၃၂၇
အရောင်းကိုယ်စားလှယ် - ဖုန်း - ၀၉ - ၇၇၇ ၀၀၂ ၇၀၄၊
၀၉ - ၇၇၇ ၀၀၄ ၀၉၇

ဘိလပ်မြေစက်ရုံ (တန်-၁၂၀၀)

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ - ၇၇၇ ၀၀၄ ၇၄၀
အရောင်းကိုယ်စားလှယ် - ဖုန်း - ၀၉ - ၇၇၇ ၀၀၂ ၆၇၀

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မဟာရာရှ်ထရာပြည်နယ်အုပ်ချုပ်ရေးမှူးနှင့်တွေ့ဆုံဆွေးနွေး

နေပြည်တော် ဇွန် ၂

အိန္ဒိယနိုင်ငံ၊ မွမ်ဘိုင်းမြို့တွင် တရားဝင်ခရီးစဉ်ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ယနေ့ ညနေပိုင်းတွင် မဟာရာရှ်ထရာပြည်နယ်အုပ်ချုပ်ရေးမှူး Shri. Jishnu Dev Verma နှင့်တွေ့ဆုံဆွေးနွေးသည်။

ဦးစွာ နိုင်ငံတော်သမ္မတ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် Maharashtra Lok Bhavan Mumbai (Governor's House) သို့ရောက်ရှိရာ မဟာရာရှ်ထရာပြည်နယ်အုပ်ချုပ်ရေးမှူးက ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် မဟာရာရှ်ထရာပြည်နယ်အုပ်ချုပ်ရေးမှူးတို့သည် တွေ့ဆုံဆွေးနွေးကြသည်။ အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ အဖွဲ့ဝင်အဖြစ်လိုက်ပါလာသည့် ပြည်ထောင်စုဝန်ကြီးများနှင့် အဖွဲ့ဝင်များ၊ အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးတို့ တက်ရောက်ကြပြီး မဟာရာရှ်ထရာပြည်နယ်အုပ်ချုပ်ရေးမှူးနှင့်

စာမျက်နှာ ၁၇ ကော်လံ ၁ ▼



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မဟာရာရှ်ထရာပြည်နယ်အုပ်ချုပ်ရေးမှူး Shri. Jishnu Dev Verma နှင့်တွေ့ဆုံဆွေးနွေးစဉ်။

တိုင်းဒေသကြီးနှင့်ပြည်နယ် အသက် ၁၈ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲတွင် ကရင်ပြည်နယ်အသင်းဗိုလ်စွဲ

ရန်ကုန် ဇွန် ၂

မြန်မာ့ဘောလုံး အားကစားအဆင့် အတန်းပိုမိုတိုးတက်မြင့်မားလာစေရန်နှင့် မျိုးဆက်သစ်ဘောလုံးအားကစားသမားများစွာ ပေါ်ထွက်လာစေရန်ရည်ရွယ်ပြီး အားကစားရေးရာဝန်ကြီးဌာနမှကြီးမှူး၍ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အသက် ၁၈ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲဗိုလ်လုပွဲတွင် ကရင်ပြည်နယ်အသင်းက

စာမျက်နှာ ၂၅ ကော်လံ ၃ ❖



AYA Tri –Nation Cup 2026 လက်ရွေးစင်အမျိုးသမီးဘောလုံးပြိုင်ပွဲ ပွဲစဉ်များ တိုက်ရိုက်ထုတ်လွှင့်ပြသမည်

နေပြည်တော် ဇွန် ၂

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် AYA Tri– Nation Cup 2026 လက်ရွေးစင်အမျိုးသမီးဘောလုံးပြိုင်ပွဲအား ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ဇွန်လ ၃ ရက်မှ ၉ ရက်အထိ ကျင်းပမည်ဖြစ်ရာ မြန်မာ့လက်ရွေးစင်အမျိုးသမီးဘောလုံးအသင်းနှင့် ဥဇောက်ကစ္စတန်ပွဲစဉ်ကို ဇွန်လ ၃ ရက် **(ယနေ့)** ညနေ ၅ နာရီတွင်လည်းကောင်း၊ ထိုင်းအသင်းနှင့် ဥဇောက်ကစ္စတန်ပွဲစဉ်ကို ဇွန်လ ၆ ရက်ညနေ ၅ နာရီတွင်လည်းကောင်း၊ မြန်မာ့လက်ရွေးစင်အမျိုးသမီးဘောလုံးအသင်းနှင့် ထိုင်းအသင်းတို့ပွဲစဉ်ကို ဇွန်လ ၉ ရက် ညနေ ၅ နာရီတွင်လည်းကောင်း ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါပွဲစဉ်များအားလုံးကို MRTV Sports Channel နှင့် MRTV Entertainment Channel တို့မှ တိုက်ရိုက်(Live)ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **မြဝတီ**

အွန်လိုင်းလိမ်လည်မှုနှင့်အွန်လိုင်းလောင်းကစားမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များအား အရှိန်အဟုန်မြှင့် အလေးထားဆောင်ရွက်လျက်ရှိ

စာ – ၂၂ သို့

